# ဗုဒ္ဓသာသနာ
နှင့်
# ဤကမ္ဘာ

မောင်လှိုင်ဝင်း

၁၇၀၃၅

# ဗုဒ္ဓသာသနာနှင့် ဤကမ္ဘာ

## (မောင်လှိုင်ဝင်း)


* ဘာသာရေးဆိုင်ရာ
ပုံနှိပ်ထုတ်ဝေခွင့်ပြုချက်အမှတ်—၁၄၉၀

* မျက်နှာဖုံး ခွင့်ပြုချက် အမှတ် — ၃၅၂

* ထုတ်ဝေသူ
ရဲရင့်စာပေ (၀၁၁၄၆)
အမှတ် ၆၂၊ ၈၄–လမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ရုံတော်ကြီး၊ အရှေ့မြောက်မြို့နယ်၊ မန္တလေးမြို့။
(ဖုံး ၀၂–၂၁၄၉၆)

* အုပ်ရေ (၃၀၀၀) (ပထမအကြိမ်)

* ၁၉၈၄–ခုနှစ်၊ ဧပြီလ

* တန်ဘိုး ၁၀/–

* အတွင်းစာသားနှင့် အဖုံးပုံနှိပ်သူ
ဒေါ်ဝါ [၀၂၅၀] အင်တာနေရှင်နယ် ပုံနှိပ်တိုက်၊
အမှတ် ၂-မူလာအိစမန်လမ်း(မြေနီကုန်းကားဆိပ်အနီး)
မြေနီကုန်း၊ ရန်ကုန်မြို့။

# မာတိကာ

## ဓမ္မဃောသက ဦးမောင်မောင်၏ ဥယျောဇဉ်


| | | |
|---|---|---|
| | | စာမျက်နှာ |
| အခန်း ၁။ | အရပ်ရှစ်မျက်နှာကမ္ဘာလှည့် ဘုရားရှိခိုးလင်္ကာ ... | ၆ |
| ၂။ | နိုင်ငံများတည်ရာ အညွှန်းစာ ... | ၉ |
| ၃။ | သာသနာစိတ်မြတ်ကိန်းဝပ်မှု ... | ၁၅ |
| ၄။ | ကမ္ဘာ့သာသနာ ... | ၂၃ |
| ၅။ | အညာဆိုသီဟာတော ... | ၂၅ |
| ၆။ | အထက်မှာကောင်းမှုလုံ ... | ၃၂ |
| ၇။ | မဟာမြတ်မုနိဘုရား ... | ၃၆ |
| ၈။ | ကောင်းမှုတော် ... | ၄၂ |
| ၉။ | ဗုဒ္ဓရောင်ခြည် တရုတ်ပြည် ... | ၄၄ |
| ၁၀။ | ဂျပန်နှင့် ဗုဒ္ဓဘာသာ ... | ၅၅ |
| ၁၁။ | ကျိုက်ထီးရိုး ... | ၆၆ |
| ၁၂။ | ယိုးဒယားမှ မြဘုရား ... | ၇၂ |
| ၁၃။ | ဗောရောဗုဓော ... | ၈၁ |
| ၁၄။ | လေးဆူဓာတ်ပုံ ရွှေဘိဂုံ ... | ၈၅ |
| ၁၅။ | သီရိလင်္ကာ မြတ်စွယ်တော် ... | ၉၃ |
| ၁၆။ | မဇ္ဈိမဒေသ အိန္ဒိယ ... | ၁၀၄ |
| ၁၇။ | သာသနာပြန့်ရာ တက္ကသိလာ ... | ၁၁၄ |
| ၁၈။ | အနောက်နိုင်ငံများမှ ဗုဒ္ဓဆောင်ခြည် ... | ၁၁၉ |
| ၁၉။ | မြန်ပြည်ဗဟိုကြည်ညိုဖွယ် ... | ၁၃၄ |
| ၂၀။ | ဘာ့ကြောင့်ဤကျမ်းကိုပြုစုရသနည်း ... | ၁၅၉ |

# ဗုဒ္ဓသာသနာနှင့်ဤကမ္ဘာ

## ဥယျောဇဉ်

(ဓမ္မဃောသက ဦးမောင်မောင်)

စာရေးဆရာ မောင်လှိုင်ဝင်း ရေးသား၍ ရဲရင့်စာပေမှ ထုတ်ဝေဖြန့်ချိမည့် ''ဗုဒ္ဓ သာ သ နာ နှင့် ဤကမ္ဘာ ဟူသော စာမူကော်ပီတစောင်သည် စာရေးသူလက်သို့ အမှတ်မထင် မမျှော်လင့်ပဲ ရောက်ရှိလာ၏။ စာရေးသူကား ဗုဒ္ဓဘာသာဆိုင်ရာ စာပေသမား သက်သက်ဖြစ်လျက် စာရေးဆရာ မောင်လှိုင်ဝင်းကား မျက်မှောက်ခေတ် နိုင်ငံတကာ ရေးရာအကြောင်းကို ကျွမ်းကျင်နှံ့စပ်သူ ဝါရင့်သတင်း စာရေးဆရာတဦးဖြစ်၏။ ဤကဲ့သို့ ကျွမ်းကျင်မှု ဘာသာရပ်ခြင်း မနီးစပ်သူ၊ ပုဂ္ဂိုလ် ၂ ဦးတွေ့မိရန် "ဗုဒ္ဓသာသနာနှင့်ဤကမ္ဘာ" စာမူက ဖန်တီးလာသည်။ နိုင်ငံတကာရေးရာ၌ ကျွမ်းကျင်သူသတင်းစာဆရာမောင်လှိုင်ဝင်းထံမှ စာမူကောင်း ရောက်လာလိမ့်မည်

ဟူ၍ကား စာရေးသူအနေဖြင့် မည်သည့်အခါမျှ မထင်မှတ် မမျှော်လင့်မိခဲ့သည်မှာ အမှန်ပင်ဖြစ်၏။ ဥယျာဇဉ်ရေးပေးရန် ဟူသော အခွင့်အရေးကိုကား သာ၍ပင် မမျှော်လင့်ခဲ့ပါ။

စာမူ၏ ခေါင်းစီးမှာ "ဗုဒ္ဓသာသနာနှင့်ဤကမ္ဘာ" ဟူ၍ဖြစ်သော်၊ "ဗုဒ္ဓသာသနာ" ဟူသော စကားလုံးက စာရေးသူ၏ ရေးနေကျ ပြော-ဟောကျနေစကားလုံး ဖြစ်လျက်၊ "ဤကမ္ဘာ" ဟူသောစကားလုံးမှာ သတင်းစာ ဆရာမောင်လှိုင်ဝင်း၏ သုံးနေကျ ရေးနေကျစကားလုံး ဖြစ်နေသဖြင့် စာမူဖတ်ခွင့် ဥယျာဇဉ် (တိုက်တွန်းဆော်သြမှု) ရေးသားခွင့် ရရှိခြင်းပင် လျှင်စာရေးသူအဖို့ ထူးခြားသော အခွင့်အရေး တရပ်ဟူ၍ ဆိုချင်ပါသည်။ ထူးခြားချက်တရပ်မှာ မောင်လှိုင်ဝင်းက သူ၏ စာမူ၌ ဗုဒ္ဓဘာသာစာပေဆိုင်ရာ၊ ကျမ်းဂန်အယူအဆများ တင်ပြထားခြင်းမဟုတ်ဘဲ မြန်မာနိုင်ငံအပါအဝင်အချို့သောကမ္ဘာ့ နိုင်ငံများ၌ ဗုဒ္ဓဘုရားဟော် ထွန်းကားခဲ့ပုံကို သက်သေထူသည့် အနေဖြင့် ဗုဒ္ဓဘာသာဆိုင်ရာ စေတီ၊ ပုထိုး၊ ဆင်းတုတော်များ နှင့်သာသနိက အဆောက်အအုံ အချို့တို့ကိုသူလက်လှမ်းမှီသမျှ ရှာဖွေစုဆောင်း၍ ဓာတ်ပုံ ရုပ်ပုံ-မြေပုံများနှင့်တကွ ထုတ်ဖော် တင်ပြထားခြင်းပင် ဖြစ်ပါသည်။

'ဆရာတော်ဘုရား အခြားဘာသာများနှင့် နှိုင်းယှဉ် စဉ်းစားလျှင် တပည့်တော်တို့ ဗုဒ္ဓဘာသာဟာ ထင်သလောက် တိုးတက်ပြန့်ပွားမှု မရှိဘူးလို့ တပည့်တော်ယူဆပါတယ်ဘုရား။ "သာသနာပြု" လို့အမည်ခံကြသော်လည်း သာသနာတော်

အတွက် အလုပ်လုပ်ကြတဲ့ နေရာမှာ သိပ်ပြီး နေရာမကျဘူး။ ဘက်မစုံဘူး။ လုပ်နည်း လုပ်ဟန် အံချော်နေတယ်လို့ တပည့်တော် လျှောက်ထားချင်ပါတယ်ဘုရား" ဟုလျှန်ခဲ့သည့် ၄/၅ နှစ်က ထင်ရှားသော အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ဆရာတော်ကြီးတပါးထံ ချဉ်းကပ်၍ စာရေးသူ လျှောက်ထားဘူးသည်။ ထိုအခါ ဆရာတော်ကြီးက၊ ဒကာကြီး မြတ်စွာဘုရားရဲ့ သာသနာတော်ဟာ "ငှက်ခါးပျံသလို - နိမ့်ချည် မြင့်ချည်ပဲ အမြဲတန်း နိမ့်ကျနေမယ်၊ သို့မဟုတ် အမြဲတန်းမြင့်နေမယ်လို့ မပြောနိုင်ဘူး၊ နောက်ပြီး မြတ်စွာဘုရားက သာသနာပြုတဲ့ နေရာမှာ အနုနည်းကို လမ်းညွှန်သုံးမတော်မူတယ်၊ အင်အားသုံးတဲ့နည်း၊ ပစ္စည်းသတ်လာဘနဲ့ ဆွယ်တဲ့နည်း စတဲ့ လောကီလူမှုရေးနည်းမျိုးစုံနဲ့ သာသနာပြုတာကို လုံးဝ မလိုလားဘူး၊ အားမြစ်တော်မူတယ်။ သီရိဓမ္မာသောကမင်း လက်ထက် မှာ သာသနာတော်ဟာ လျှမ်းလျှမ်းတောက်အကျယ်ပြန့်ဆုံး ဖြစ်ခဲ့တယ်ဆိုတာ ဒကာကြီးသိတယ်မဟုတ်လား၊ အေး - ဒီတော့ မစိုးရိမ်ကြနဲ့ တနေ့ကျရင် ဗုဒ္ဓမြတ်စွာရဲ့ သာသနာတော်ဟာ ကမ္ဘာသုံးမှာ လျှမ်းလျှမ်းတောက် ဖြစ်လာနိုင်သေးတယ်ကွဲ့" ....ဟု အမိန့်ရှိဘူးပါသည်။

ယခုအခါ ဤအဆိုအမိန့်အတိုင်းဖြစ်လာနိုင်သည့် လက္ခဏာများ စတင် တွေ့ရှိနေကြရ၏။ ဤမြန်မာနိုင်ငံတွင် ၁၃၄၁-ခုနှစ်က၌ သာသနာတော်သန့်ရှင်း၊ တည်တံ့ပြန့်ပွားရေးအတွက် ဓမ္မစက်နှင့် အာဏာစက် တွဲဘက်၍ စတင် အကောင်အထည်

ပေါ်လျက်ရှိပြီး၊ ဗြိတိန်၊ အမေရိကန် အစရှိသည့် အနောက်နိုင်ငံများက ထင်ရှားသော ဆရာတော်ကြီးများကို ပင့်ဖိတ်၍ ပရိယတ်၊ ပဋိပတ်လုပ်ငန်းများ ပြန့်ပွားရန် ကြိုးပမ်းအားထုတ်လျက်ရှိကြ၏။ မကြာမီနှစ်အတွင်းကစ၍ ဂျပန်ပြည် မိုဂျီမြို့တွင် ထေရဝါဒ သာသနာပြုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြပြီး "ကမ္ဘာအေး" စေတီတော်တဆူကိုပင် တည်ထားကိုးကွယ်လျက်ရှိကြပြီ။ အမေရိက ပြည်ထောင်စု ကာလီဖိုးနီးယား တွင်လည်း တောင်ပုလု ဆရာတော် ဘုရားကြီးအမှူးကထပြု၍ ၃၆ ပေ ဉာဏ်တော်အမြင့်ရှိ စေတီတော်တဆူကို စတင်တည်ထားလျက်ရှိပြီ၊ စာရေးသူ မသိရသေးသော အစ၍ အနောက် ဥရောပနိုင်ငံများနှင့် အမေရိကရှိ မြို့ကြီးအတော်များများတွင်လည်း ရုပ်ပွားဆင်းတုတော်များ ထားရှိ ပူဇော်လျက်ရှိကြောင်း သိရပါသည်။

ယခု မောင်လှိုင်ဝင်း၏ "ဗုဒ္ဓသာသနာနှင့် ဤကမ္ဘာ" စာအုပ်၌ ဖော်ပြထားသည်များမှာ ထင်ရှားသော အတိတ်ကာလက တည်ထားခဲ့သော မြန်မာနိုင်ငံရှိ အချို့သောစေတီ၊ ပုထိုး၊ ရုပ်ပွား ဆင်းတုတော်များနှင့် ဂျပန်၊ ကိုရီးယား၊ တရုတ်ပြည်၊ ယိုးဒယား၊ သီဟိုဠ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ အာဖဂန်နစ္စတန်နှင့် ဥရောပရှိ အချို့သောသာသနာ့အဆောက်အအုံနှင့် စေတီပုထိုး

များအကြောင်းကို အကျဉ်းချုပ်မျှ ဓာတ်ပုံ ရုပ်ပုံ မြေပုံများနှင့် တကွ ဖော်ပြထားခြင်းဖြစ်သဖြင့် အင်ဒိုနီးရှား၊ မလေးရှား၊ ပါကစ္စတန်၊ အာဖဂန်နစ္စတန် ကဲ့သို့သောတိုင်းပြည်များတွင်ပင် တချိန်ကဗုဒ္ဓဘာသာ(ဝါ)မြတ်ဗုဒ္ဓ၏ အဆုံးအမသာသနာတော် သည် မည်မျှအထိ ထွန်းကားခဲ့သည်ကို စာဖတ်ပရိသတ် အစုန ဖြင့် ယောနိသောမနသိကာရဖြင့် သဒ္ဓါကြည်ညို စိတ်ပွားများ နိုင်ကြပါစေ၊ မိမိတို့၏နှလုံးသားတွင် “ဒို့သာသနာတော်ကြီး ကြီးပွားထွန်းကားရမည်” ဟူသော အဓိဋ္ဌာန်စိတ်ခပ်နှိပ်နိုင်ကြ ပါစေဟု ဆုတောင်းမိပါသတည်း။

ဓမ္မဃောသက ဦးမောင်မောင်

၃၂၊ မဟာသုခလမ်း၊ ကျိတော်ရပ်

ပုဇွန်တောင်၊ ကန်တော်ကလေးစာတိုက်

ရန်ကုန်မြို့။

၁၃၄၅-ခု၊ တန်ခူးလပြည့်ကျော်(၃)ရက်
(၃၀-၄-၈၃)

## ရစ်ရှစ်မျက်နှာ ကမ္ဘာလှည့် ဘုရားရှိခိုး

### လင်္ကာ

သုံးလူ့ရှင်ပင်၊ ကျွန်ုပ်ထိပ်ထက်၊ သောင်းခွင်စကြာဝဠာ။ ။ နိဝါဖြူညီ၊ မည်းထိုထိုကို၊ မဂ်ဖိုလ်ညွှန်ပြ၊ သင်ဆုံးမသည့်၊ အာဗ်ဓန္တယျ၊ အပ္ပမေယျ၊ အနန္တထွဋ်ဖျား၊ မြတ်ဘုရားကို၊ ဝပ်တွားကော်ရော်၊ ပူဇော်ကန်တော့ပါ၏ဘုရား။

ဥတ္တရဒိသာ၊ မြောက်မျက်နှာရှိ၊ မဟာမုနိ၊ တုမရှိ ကောင်းမှုရုံ ရဂုံသာဓော၊ သီဟတော၊ ဩကာသပါဘုရား။

ထိုနောက်တဖန်၊ ရှေ့မြောက်ယံ၌၊ ဂျပန်တရုတ်၊ သန့်လုပ်အညီတော်း၊ ရုပ်ပွားစွယ်တော်၊ ဓာတ်မွေတော်များကို၊ ရှည်မျှော်ရှိသျှိ၊ လက်စုံမိုး၍၊ ရှိခိုးပါ၏ဘုရား။ ။

ပုရတ္ထိမာ၊ ရွှေဒီသာထင်၊

မဟာမုနိ၊ ကျိုက်ဣသိရိုး၊ တန်ခိုးကျော်ကြား၊ မြတ်ဘုရားတို့ကို၊ ဝန္ဒာမိပါ၏ဘုရား။

မြဘုရား၊ ဆင်းတု၊ ဗုံခေါ ရှင်ပင်၊ ကျွန့်ထိပ် တင် ကိုး၊ ကြည်လင်သဒ္ဓါ၊ နမာမိပါ၏ ဘုရား။

ဒက္ခိဏဒီသာ၊ တောင်မျက်နှာတွင်မြတ်စွာ ရွှေတိဂုံ၊ သံဂုံပမား၊ ဇီနဦးကိုင်၊ တွင်ရှုဖုန်းလှိုင်တို့၏၊ စမ္မကရိုဏ်၊ သင်းပိုင်တောင်ဝေ၊ ဆောင်ဆွေးထပ်ထပ် ဆံတော်ဓာတ်ပါ စေတီမြတ်ကို၊ လေးမြတ်ကော်ရော်ပါ၏ဘုရား။


ထောင့်စောင်းစနေ၊ လက်ာမြေရှိ၊ မုနိ စွယ်တော်၊ ရုပ်ကြွင်းတော်ကို၊ အဟံတပည့်တော်သည် ပူဇေမိ၊ ပူဇော်ကန်တော့ပါ၏ဘုရား။

ပစ္ဆိမဒီသာ၊ နောက်မျက်နှာတွင်၊ မဟာဗောဓိ၊ ကုသိနာရုံ ရဂုံသာမော၊ အင်ကြွင်းတော်၌၊ တရားဟောသည့်၊ သက်ရှိဗုဒ္ဓရည်မှန်းတ၍၊ ဝတ်ချလိုက်ပါသည်ဘုရား။

အနောက် မြောက်အစု၊ ရာဟုဒေသာ၊ တက္ကသိလာနှင့်၊ ဂန္ဓာရတိုင်း၊ သမိုင်းထင်ရှား၊ ရုပ်ပွားဆင်းတု အစုစုနှင့်၊ သာသနာပြုဆရာ၊ သံဃာတော်တို့ကိုလည်း၊ ခြေတော်ဦးခိုက်၊ ကန်တော့လိုက်ပါ၏။

ယင်းမှတဆန့်၊ ပုဂံစည်းခုံ၊ ကြည်ယုံသမ္ဗုဒ္ဓေ၊ ပြည်ရွှေဆံ ဘော် ကျောင်းမှူတော်နှင့်၊ မော်ဓောမြင်သာ၊ မဟာစေတီ၊ အလီလီကို၊ မနသီစိတ်၊ ယိုဗိတ်ပူဇော် ဖူးမြော် မာန်လျှော့၊ အန္ဒတော့ပါ၏ ဘုရား။






နိုင်ငံများ၊ တည်နေရာအညွှန်း၊ စာ

အရပ်ရှစ်မျက်နှာ၌ အသီးသီးတည်ရှိကြသော ကမ္ဘာ့နိုင်ငံများအကြောင်းကို အနည်းငယ်ဖော်ပြလိုပါသည်။

မိမိကိုယ်ကို မြန်မာပြည် အလယ်ပိုင်း၌ထား၍ ရှုမြော်ရန် ဖြစ်ပါသည်။ မြောက်တည့်တည့်ကို မြော်သော်၊ မန္တလေး၊ သပိတ်ကျင်း၊ ကသာ၊ ဗန်းမော်၊ ပူတာအို၊ မချမ်းဘောကို လွန်လျှင် တိဗက်ပြည်သို့ ရောက်နိုင်ပါသည်။ တိဗက်ပြည်သည် မြတ်ဗုဒ္ဓဘာသာ မဟာယာနဂိုဏ်း သံဃာတော်များ၏နိုင်ငံဖြစ်၍၊ မြို့တော်လာဆာတွင် ယခင်ကလာမာရဟန်းတော်များ သီတင်းသုံးပြီး၊ နိုင်ငံကိုအုပ်ချုပ်ခဲ့ကြပါသည်။

အရှေ့မြောက်အရပ်တွင် ဧရာလစာ်တရုတ်ပြည်၊ ကိုရီးယား နှင့်ဂျပန်ပြည်တို့ရှိကြသည်။ တရုတ်ပြည်၏မြို့တော်မှာ ပီကင်းမြို့ ဖြစ်သည်။ ရှန်ဟဲနှင့် ကန်တုံမြို့ကြီးများသည် အလယ်ပိုင်းနှင့် တောင်ပိုင်း၌ အသီးသီး တည်ရှိကြသော သင်္ဘောဆိပ်မြို့ကြီး များဖြစ်သည်။

ထိုပြည်များတွင် မဟာယာနဂိုဏ်းဝင်တို့များပြားသော်လည်း၊ ထေရဝါဒ ဆည်းကပ်သူများလည်း ပေါများလာပေသည်။

ယခင်က တပြည်တနိုင်ငံအနေဖြင့် တည်ရှိခဲ့သော ကိုရီးယား ပြည်မှာ ဒုတိယကမ္ဘာစစ်အပြီးတွင် မြောက်ကိုရီးယား၊ တောင် ကိုရီးယားဟူ၍ နှစ်ပိုင်းကွဲသွားသည်။ ထိုနှစ်ပိုင်းစလုံးရှိ ပြည်သူ အများစုမှာ ဗုဒ္ဓဘာသာများဖြစ်ကြသည်။

ဂျပန်ပြည်မှာ ကျွန်းကြီးလေးကျွန်းနှင့် ကျွန်းငယ်အချို့ ပေါင်းစည်းထားသည့် တင်နိုဟောကာဂျပန်ဧကရာဇ်အုပ်စိုးသည့် နိုင်ငံဖြစ်သည်။

တရုတ်ပြည်က ကွန်မြူနစ်လမ်းစဉ်ဖြင့် အုပ်စိုးသော သမ္မတနိုင်ငံ၊ မြောက် ကိုရီးယားကလည်း ထိုနည်းအတိုင်း။ တောင်ကိုရီးယားကမူ ဒီမိုကရေစီလမ်းစဉ်အရ ရွေးကောက်တင်မြှောက်သည်ဆိုသော သမ္မတ အုပ်ချုပ်သည့် နိုင်ငံဖြစ်၏။ ဂျပန်မှာ ဧကရာဇ်ကိုအထွဋ်အထိပ်ထားသော်လည်း အုပ်ချုပ်ရေးအတွက် လှုပ်ရှား လှုပ်ဆောင်သူမှာ ပြည်သူတို့ ရွေးကောက်တင်မြှောက်သည့် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများအဖွဲ့ဖြစ်သည်။

တရုတ်ပြည်တွင် လူဦးရေသန်း(၁၀၀၀)ကျော်ရှိပြီး၊ ဂျပန်တွင် သန်း(၁၁၀)ကျော်၊ ကိုရီးယားနှစ်နိုင်ငံတွင် သန်း(၆၀)ကျော်ရှိသဖြင့် ဆောမများလှစွာသောလူထုကြီးသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။

ထိုမှတဖန် အရှေ့ တည့်တည့်ဘက်သို့ ကြည့်သောအခါ ထိုင်း နှင့် လာအို၊ ဗီယက်နမ် နိုင်ငံတို့ရှိကြ၏ လူဦးရေအများစုသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ ဗုဒ္ဓမြတ်စွာနှင့် သာသနာကို ကြည်ညိုရာတွင် မြန်မာနိုင်ငံကဲ့သို့ လေးလေးနက်နက်ယုံကြည် ကိုးကွယ်ကြလေသည်။

အရှေ့တောင်စူးစူးတွင် ယခင်က ယိုးဒယားဟု ခေါ်ဆိုခဲ့ကြသော ထိုင်းနိုင်ငံ၊ ယခင်က ကမ္ဘောဇဟု ခေါ်ခဲ့သော ကမ်ပူချားနိုင်ငံနှင့် အင်ဒိုနီးရှားတို့ တည်ရှိသည်။

ထိုင်းနိုင်ငံ၏ မြို့တော် ဗန်ကောက်မြို့နှင့် အခြားသော ဇင်းမယ်၊ အယုဒ္ဓယစသော မြို့ကြီးများတွင် ဘုရားပုထိုး စေတီ

များ ပေါများလှ၏။ ထိုင်းဘုရင်မင်းမြတ် ကိုယ်တိုင် ဗုဒ္ဓဘာသာကို ဦးထိပ်ထက်ထားပြီး ကြည်ညိုသူဖြစ်သည်။

မင်းသားကြီး သီဟာနုတ်ို စိုးမိုးခဲ့သော ကမ်းပူချားနိုင်ငံသည်လည်း ဗုဒ္ဓဘာသာ နိုင်ငံဖြစ်သည်။ ယခင်ကကမ်းပူးချားမင်းအဆက်ဆက်သည် မြန်မာဘုရင်များ ကဲ့သို့ပင် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ် ခဲ့ကြသည်။

အင်ဒိုနီးရှားတွင်မူ ဗုဒ္ဓဘာသာ ကွယ်ပျောက်ဆိပ်သုဉ်းသွားသော်လည်း၊ ဗုဒ္ဓအမွေအနှစ်ဖြစ်သော ဗောဗိုဗုဒ္ဓိုး အချို့ကျန်ရစ်နေသေးသည်။

ထိုင်း၊ ကမ်းပူးချား၊ အင်ဒိုနီးရှားကဲ့သို့ ကျယ်ဝန်းကြီးမားသောနိုင်ငံ မဟုတ်သည့် စင်္ကာပူဆိပ်ကမ်း မြို့ကြီးတွင်လည်းဗုဒ္ဓဘာသာဝင် အမြောက်အများ ရှိလေသည်။

သို့နောက် ကျွန်ုပ်သည် တောင်ဖက်ဆီသို့ ဦးတည်အာရှပြုသောအခါ ရွှေတိဂုံစေတီကို မြင်မိပါသည်။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၏ ကြက်သရေဆောင်ရန်ကုန်မြို့တော်ကြီး၏ အထွဋ်အမြတ် ဖြစ်သော သိင်္ဂုတ္တရကုန်းပေါ်၌တည်ရှိသည်။

ထိုမှတဖန် အနောက်တောင်ယံသို့ အာရှပြုမြော်ကြည့်ပြန်သော် ရှင်မဟိန္ဒနှင့် နှစ်မတော် သင်္ဃမိတ္တာ ထေရီမတို့ အာသာ

နာပြုခဲ့ကြသော သီဟိုဠ်ခေါ် သီရိလင်္ကာ တိုင်းပြည်ကို တွေ့ရပါသည်။ သီဟိုဠ်၏မြို့တော်မှာ ကိုလံဗိုဖြစ်ပါ၏။

သီရိလင်္ကာဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေ၌ပင် မြတ်စွာဘုရား၏ မုခပါဌ် တရားစာ၊ ရဟန်းများ ကိုင်နေသည်ဟုသိရပါသည်။ ထိုသီရိလင်္ကာရှိ စေတီပုထိုးများ၊ စွယ်တော်မြတ်နှင့် မဟာဗောဓိပင်တို့ဖြင့် ဗုဒ္ဓသာသနာသည် ထိန်ညီးဝင်းပနေပါသည်။

အနောက်ဖက်သို့ ရှုမြော်သောအခါ မြတ်စွာဘုရားဖြစ်ပွင့်ရာ အိန္ဒိယနိုင်ငံကိုတွေ့ရသည်။ ဗုဒ္ဓဘာသာ၏ မူလဘူတဖြစ်သော အိန္ဒိယပြည်ကို မြင်ရပါသည် ဗောဓိညောင်ပင် ရွှေမလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ နေ့ထိုင်နေဟာ မျက်လွှာ စက္ခုကိုချ၍ တရားမမ္မဟောပြနေသည့် မြတ်စွာ ဘုရားနှင့်တကွ မဟာဗောဓိစေတီတော်၊ ဆန်ချီပုထိုးတော် စသည်ကို စိတ်အာရုံ၌ အထင်အရှားမြင်မိပါသည်။

ရှုဦးရေ သန်းပေါင်းများစွာ ရှိသည့် အိန္ဒိယ နိုင်ငံတွင် ကုလားလူမျိုးများဟု ခေါ်ဆိုခဲ့သော အိန္ဒိယ အမျိုးသားတို့ နေထိုင်သည့် အိန္ဒိယနိုင်ငံကြီး၏ မြို့ကြီးများမှာ ဒေလီ၊ ကာလကတ္တား၊ ဘုံဘေ(ယခင်အခေါ် ဘုံဘိုင် မငရုပ်ပြင်ရာ မြန်မာပြည်သူတို့ ရင်းနှီးသိနိုင်ပြီး ဖြစ်ကြပါသည်။

ကျွန်ုပ်သည် အနောက်မြောက်ဘက်သို့ အာရုံပြုသောအခါ ပါကစ္စတန်၊ အင်္ဂလန်နှင့် ဂျမနီ၊ အီတလီ၊ ဆိုဗီယက်ယူနီယံ၊ အမေရိကန်တို့ကို တွေ့ရပါသည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် အိန္ဒိယပြည်မှ ခွဲထွက်ပြီး တသီးတခြား နိုင်ငံသစ်ထူထောင်ခဲ့သော ပါကစ္စတန်နိုင်ငံ၏ ယခင်မြို့တော်မှာ ကရာချိမြို့ဖြစ်သည်။ ယခုအခါ ရာဝါလ်ပင်ဒီမြို့အနီးရှိ အစ္စလာမ်မာဘတ်မြို့သစ်ကို မြို့တော်ပြုလုပ်ထားသည်။

အမေရိကန်ပြည်ထောင်စုကို အင်္ဂလိပ်ဘာသာအားဖြင့် ယူ၊ အက်စ်၊ အေ ဟု အတိုကောက်ခေါ်ကြသကဲ့သို့ ဆိုဗီယက်ယူနီယံ (ပြည်ထောင်စု)ကိုလည်း ယူ၊ အက်စ်၊ အက်စ်၊ အာ ဟု အတိုရေးမှတ် ခေါ်ဆိုကြပါသည်။ ဗြိတိန် ခေါ် ယူနိုက်တက်ကင်းဒမ်းကို "ယူ-ကေ" ဟု ခေါ်ကြသကဲ့သို့ပင်။

ထိုမှ ၄၅ ဒီဂရီ မြောက်ဘက်သည့်တည့်သို့ လှည့်လိုက်သော်-မွန်ဂိုလီးယား၊ မချူးရီးယားတို့ကို ပြန်တွေ့ရပါသည်။

ဤသည်မှာ စိတ်အာရုံဖြင့် အချပ်ရှစ်မျက်နှာကမ္ဘာလှည့်ခြင်း ဖြစ်ပါ၏။ ကျွန်ုပ်တို့နေထိုင်သော မြန်မာနိုင်ငံကို အလယ်ထားပြီး အချပ်ရှစ်မျက်နှာ၌ တည်ရှိကြသော နိုင်ငံများ တည်နေပုံကို ခသမျက်နှာ (၉) ရှိပုံတွင် ကြည့်ကြပါကုန်။

# (၃)

## သာသနာစိတ်မြတ်၊ ကိန်းနိုးဝင်မှု

ဘုရား၊ တရား၊ သံဃာ ရတနာ မြတ်သုံးပါးရှိပါသည်။ ဘုရားကို ကြည်ညို၍၊ တရားကို မြတ်နိုးလာကြသည်။ တဖန် တရားကို မြတ်နိုးလာသူနှင့် ဓမ္မသ [illegible] ဟောဒေ [illegible]သွန်ပြီး ကျင့်ကြံကြသော သံဃာတော်များကို ရိုကျိုးကြပြန်သည်။ အပြန်အလှန်အားဖြင့် ထေရ်သံဃာကို ဖူးတွေ့ရ၍ တရားမြင်ကာ၊ သာသနာဝင်ဖြစ်လာသကဲ့သို့ ဓမ္မသံနှင့် တရားစာပေကို ကြားနာတွေ့မြင်ရပြီးနောက် ဗုဒ္ဓကို ကြည်ညို ကိုင်းရှိုင်းကြသူများကို တွေ့ရပါသည်။

တပုဿနှင့်ဘလ္လိက ကုန်သည်ညီနောင်သည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ဝါဆိုလဆန်း ၅-ရက်နေ့တွင် ရာဇာယတန လင်းလွန်းပင်အောက်၌ စံနေတော်မူသော ဂေါတမ မြတ်စွာဘုရားကို ဖူးမြင်ရပြီးနောက်၊ သာသနာဝင်၊ ဥပါသကာ၊ ဒါယကာများ ဖြစ်လာလေသည်။ အသိတဥ္စနနဂိုရ် မြို့သား ထိုညီနောင်တို့ တည်ထားသည့် ရွှေတိဂုံစေတီကို ဥက္ကလာပမင်းနှင့် တကွ သားမြေးစဉ် ၁၂ ဆက် စောင့်ရှောက်ကြရာမှစ၍ မြန်မာနိုင်ငံတွင် သာသနာတော် စည်ပင်ပြန့်ပွားခဲ့လေသည်။ (၁)

အေဒီ သက္ကရာဇ် ၁၀၄၄ တွင် ပုဂံထီးနန်းကို စိုးစံသော အနော်ရထာမင်းမှာမူ ရှင်အရဟံကို ဖူးမြင်တွေ့ရှိ၍

အရေးစစ်တရားမှန်ကို လက်ခံထိန်းသိမ်းပြီးနောက် ပိဋကတ်သုံးပုံများကို ပင့်ဆောင်ခြင်း အစ သာသနာ သန့်စင်ခြင်း အလယ်ရွှေစည်းခုံထူပါ စေတီတော်မြတ် တည်ထား ကိုးကွယ်မှုအဆုံး ထေရဝါဒ ဗုဒ္ဓသာသနာ တော်ကို ပြန့်ပွား စည်ပင်စေခဲ့သည်။

မြန်မာ့သမိုင်းတွင် နေလိုလလိုထင်ရှားသော ဓမ္မစေတီမင်း ခေါ် ရာမာ ဓိပတိမင်းမှာမူ ကိုယ်တိုင်ရဟန်း ဝတ်ရားကို ပွားများခဲ့ဘူးသည့် အလျောက်၊ ပိဋကတ်သုံးပုံနှင့် ဝိနည်းဒေသနာကို ကောင်းစွာ နားလည်သူဖြစ်သည်။ ထိုနားလည် ပြောင်မြောက်မှုကြောင့် သာသနာ သုတ်သင် သန့်စင်ရေးကို အထူးအားပေးခဲ့သည်။

ဓမ္မစေတီမင်း၏ အရည် အချင်း နှင့် ပတ်သက်၍ မှန်ကျောက်စာတွင် ပေါ်ပြထားပုံမှာ ၊

ပိဋကတ်သုံးပုံနှင့် ဗေဒင် ကျမ်းတို့ကို အာဂုံဆောင်

ခြင်း၊ ဝိတက်ကျမ်း၊ ဗျာကရဏ်ကျမ်း၊ ဆန်းကျမ်း၊ အလင်္ကာကျမ်း၊ ဆေးဗိန္ဒောကျမ်း တို့၌ များစွာသော ကြား အမြင်ရှိသော ဆုတ်ပရန်၊ သစ်ဗိသုကာ အတတ်အစ ရှိသော အတတ်တို့၌ များစွာ တက်မြောက်သော ရာမာဓိပတိမင်းဟု မှတ်တန်းတင်ထားခဲ့ပါသည်။

ဓမ္မစေတီမင်းသည် ရဟန်း နှင်ကျိပ် နှစ်ပါးကို သီဟိုဠ်သို့ စေလွှတ်ခါ သာသနာ ရေးရာများကို လေ့လာမှတ်သား

စေပြီးနောက် မြန်မာနိုင်ငံသို့ ပြန်ရောက်ကြသောအခါ ကာလျာဏီသိမ်ကို အမှတ်စေသည်။

သာသနာတော် သန့်စင်ရေးကို အလေးအနက်ဆောင်ရွက်ရင်း ရွှေတိဂုံဘုရားကို ပြုပြင်မွမ်းမံကာ အေဒီ ၁၄၇၅ ခုနှစ်တွင် ကျောက်စာရေးထိုးမှတ်တမ်းတင်ခဲ့သည်။

ဆိုလိုသည်မှာ အသိပညာရှိသဖြင့် သာသနာတော်ကို ကောင်းစွာပြုစုစောင့်ရှောက်နိုင်ခဲ့သည် ဆိုသောအချက်နှင့် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးသည် ခွဲခြား၍မရ စကောင်း၊ အမြတ်ရတနာ တပါးနှင့် တပါးသည် အညမည ဆက်စပ်လျက် ရှိကြောင်းကို သိရှိစေပါသည်။

မြတ်စွာဘုရား ဟောပြောသော မဖေါက်မပြန် မှန်ကန်သော ပရမတ်သစ္စာတရား ဒေသနာကို ရှုမြင်ရသော ဂျာမနီနိုင်ငံမှ ဒဿနိက ဗေဒပညာရှင်တို့သည် ဗုဒ္ဓဘာသာဝင် ရဟန်းများ၊ ဥပါသကာ၊ ဥပါသိကာများ အဖြစ်သို့ ရောက်ရှိလာသည်ကို တွေ့ရပါသည်။

ဓမ္မပဒပါဠိတော်၊ ဗုဒ္ဓဝဂ်၌ အောက်ပါဗုဒ္ဓအဆုံးအမကိုဖော်ပြထားပါသည်။

သဗ္ဗပါပဿ အကရဏံ။
ကုသလဿ ဥပသမ္ပဒါ။
သစိတ္တ ပရိယောဒပနံ။
ဧတံ ဗုဒ္ဓါနသာသနံ။ ။

ဤဂါထာ၏ မြန်မာပြန်အဓိပ္ပာယ်မှာ "မကောင်းမှုဟူသမျှကို မပြုခြင်း၊ ကုသိုလ်ကောင်းမှုကို ပြည့်စုံစေခြင်း၊ မိမိစိတ်ကို ဖြူစင်စေခြင်း ဤသည်တို့ကား ဗုဒ္ဓဘုရားရှင်၏ အဆုံးအမ (သာသနာ)တော်ပေတည်း" ဟူ၍ဖြစ်သည်။

ထို့အပြင် မြတ်စွာဘုရား၏ ဥဒါန်းပါဠိတော်၌ ဤသို့ဖော်ပြခဲ့ပါသည်။

"စုတေခြင်း၊ သေခြင်းနှင့် ပဋိသန္ဓေနေခြင်း မရှိသော်—မျက်မှောက်ဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း၊ နှစ်ပါးစုံ ဘဝ၌လည်းကောင်း မဖြစ်တော့လတ္တံ့။ ဤသည်ပင် လျှင်ဆင်းရဲခြင်း၏အဆုံး နိဗ္ဗာန်တည်း"

ဤအယူအဆ အဆုံးအမကို ကမ္ဘာကျော် ဒဿနိကဗေဒ ပညာရှင်ကြီး အာသာရှော်ပင်ဟောာ အနူးအညွတ် လက်ခံခဲ့သည်။

ပညာရှင်တို့သည် အတွေးအခေါ်၊ အယူအဆ၊ နိယာမ၊ အဘိဓမ္မာတို့ကို အသေအချာ လေ့လာသုံးသပ် စိစစ်ပြီးပြီဆိုလျှင် ထိုအဆို အညွှန်းတို့ကို ခိုင်မြဲ ပြန့်ပွားစေပါသည်။

ဤနည်းဖြင့် ဗုဒ္ဓသာသနာတော်သည် အနောက်ဥရောပထွင် တရိပ်ရိပ်တိုးတက် ပြန့်ပွားလျက်ရှိပါသည်။

တနည်းဆိုရသော်–မိရိုးဖလာ ကိုးကွယ်ကြည်ညိုရသည်ထက် ရတနာသုံးပါးဂုဏ်တော် ကျေးဇူးတော်များနှင့် တရားတော်ကို သိရှိပြီး ကြည်ညိုရသည်က ပိုပြီး ထိရောက်စွာ ကုသိုလ်ရလိမ့်မည် ဖြစ်ပါသည်။

ကျွန်တော်ကိုယ်တိုင်မှာ ဗုဒ္ဓတရားတော်များ၊ ဗုဒ္ဓဝင်ကျမ်းစာများ၊ ပဋိပတ္တိ၊ ဝိပဿနာကျင့်စဉ်များကို အသင့်အတင့် လေ့လာ သိရှိထားသူ ဖြစ်သည်သာမက နိုင်ငံတကာရေးရာကို ကောင်းစွာလေ့လာသူဖြစ်ပါသည်။

ထို့ကြောင့် အနောက်နိုင်ငံ၊ အရှေ့နိုင်ငံများ၌ ဗုဒ္ဓဘာသာ ကိုးကွယ်ကြပုံနှင့် သာသနာပျံ့နှံ့ပုံတို့ကို မျက်ခြေမပြတ် ကြည့်ရှု မှတ်သားခဲ့ပါသည်။

ထို့ကြောင့် ဘုရားရှိခိုးပြီး ဘုရား၊ တရား၊ ရတနာသုံးပါး ကို အာရုံပြုသောအခါ လူမဲ၊ လူဖြူ၊ လူဝါ အသီးသီးက အထွဋ်

အထိပ်ထားကြသော မြတ်စွာဘုရားနှင့် သံဃာတော်များကို အသည်းနှလုံးဖြင့် ကိုင်းရှိုင်းရိုးကျိုး ရှိခိုးတတ်ပါသည်။

ကျွန်တော်၏ ဘုရားဝတ်ပြုပုံကို တင်ပြလိုပါသည်။

ကျွန် တော် သည် မြန်မာနိုင်ငံရှိ စေတီတော်၊ ရုပ်ပွား တော်တို့ကိုသာ ရည်မှန်း ဦးခိုက်မိသည် မဟုတ်၊ နိုင်ငံအကာရှိ ယင်ရှားသော ရုပ်ပွားတော်၊ စေတီမြတ် အားလုံးကိုပါ ရည်မှန်း ကန်တော့မိပါသည်။ အထက်တမ်းပိုး တို့၏ ကြည် ညိုစိတ်များ တဖွားဖွား တက်ကြွလာပါသည်။

မိမိ၏ အနီး အပါးရှိ စေတီပုထိုးများ ၊

ဗန်းမော်၊ ကောင်းတို၊ သထုံ ထားဝယ် အနယ်နယ်မှ ကျောင်းကန်ဘုရားများ ၊

ပဲခူး၊ ပုဂံ၊ မြန်မာပြည် အနှံ့ရှိ ဂူကျောင်း ဥမင်၊ မွေ တော်ရှင်နှင့် သူတော်စင် သံဃာတော်များ ၊

ထိုထိုရတနာ၊ သာသနာ့ ဗိမာန်တို့ကို စိတ် ဝယ် ရည် မှန်း မိပါသည်။ ကြည်ညိုဝတ်ပြုယင်း မြတ်စွာကိုယ်တော်ပုံ၊ စေတီ ပုံသဏ္ဌာန်တို့ကို စက္ခုအကြည်ဓာတ်၌ ပေါ်လာအောင် ရှုပါ

သည်။ မတ်ရပ်ပုံ၊ လျှောင်းလဲပုံ၊ ထက်ဝယ်ဖွဲ့ ခွေ ထိုင်နေတော်မူသည့် ပုံများကို ပေါလာအောင် ဝင်စားမိပါသည်။ သီတင်းကျွတ် လပြည့်နေ့တွင် တာဝတိံသာမှ လူ့ပြည်သို့ ဆင်းကြွလာပုံကိုပါ တွေးခေါ်ဆင်ခြင်ကာ ဆက်တော်ထင်ရှား မြတ်စွာဘုရားကို မြင်အောင် ဖေါ်ပါသည်။ ဆယ်ခါ့တခါ ပေါ်လာတတ်ပါသည်။ ထိုပေါ်လာသော တဒင်္ဂသည် ကျွန်တော့အား ကြီးမားသော ပီတိဖြစ်စေကာ ကေဂ္ဂတာကျခဲ့ပါသည်။ သို့ရာတွင် ထာဝရ ဧကဂ္ဂတာအဖြစ် ဆုပ်ကိုင်မထားနိုင်ပါ။

ပြည်ပရပ်ခြားရှိ ဘုရားစေတီ စသည်တို့ကိုလည်း အလှားတူကြည်ညိုမိပါသည်။

ဗုဒ္ဓ မြတ် စွာ ပွင့် ရာ ဗုဒ္ဓဂါယာရှိ မဟာဗောဓိ ၁၈ တိတော် သီရိလင်္ကာ (သီဟိုဠ်) ပြည်ရှိ မြတ်စွယ်တော်၊ ယိုးဒယား (ထိုင်း) နိုင်ငံ ဗန်ကောက်မြို့ရှိ မြဆင်းတုတော်၊ ဂန္ဓာလရာဇ် တရုတ်ပြည်ရှိ ကျောက်စိမ်း ဆင်းတုတော်၊ စသည်စသည် တို့ကို ဘယ၊ လာဘ၊ ကုလကြဉ်ရှောင်း၊ ဂုဏ်တော်ပေါင်းကို ရှုံခိုးကော်ရော်၊ ပူဇော် မိပါသည်။

ကျွန်တော်နှင့်အတူ ဗမာအန္တီ ကမ္ဘာအပြန့် ကုသိုလ်ယူနိုင်ကြစေရန် ရည်မှန်းချက်ဖြင့် ဤ 'ဗုဒ္ဓသာသနာနှင့်ဤကမ္ဘာ' ကျမ်းငယ်ကို ရေးသား လိုက်ရပါသည်။

## အထောက်အကူးစာရင်း

(၁) ရွှေဘိုကုံဘုရား၊ စွယ်စုံနှစ်ချုပ်တွဲ ၁၁၊ စာ ၄၃၊

(၂) အနော်ရထာ၊ အခြေပြ မြန်မာ့ နိုင်ငံရေးသမိုင်း၊၊ ပထမ တွဲ၊ စာ ၂၃၄

(၃) ဒေါက်တာ သန်းထွန်း၊ အသစ်မြင် ဗမာ့သမိုင်း၊၊ စာ ၃၉၇

(၄) တိုးတက်ရေး ဦးသန်းဖေ (ဂျာမနီပြန်) ရေး၊ ဂျာမနီ နိုင်ငံနှင့် ဗုဒ္ဓဘာပေ (ငွေတာရီ မဂ္ဂဇင်း)

(၅) သန်းညွန့်ဦး ဦးလှခင်ရေး၊ ဓမ္မပဒ။

# ကမ္ဘာ့သာသနာ


လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀) ကျော်က အိန္ဒိယပြည် မြောက်ပိုင်းနှင့် နီပေါနယ်မှ စတင် ထွန်းကားခဲ့သော ဗုဒ္ဓသာသနာသည် ကမ္ဘာ့ အနှံ့အပြားရှိ လူသားတို့ ကိုးကွယ်သော သာသနာဖြစ်သည်။ ကမ္ဘာ့တိုက်ကြီးခြောက်တိုက်ရှိ ဗုဒ္ဓဘာသာဝင် သူတော်စင်ဦးရေကို ၁၉၇၁-ခုနှစ်တွင် အောက်ပါအတိုင်း တွေ့ရပါသည်။

| | | |
|---|---|---|
| (၁) | မြောက်အမေရိကတိုက်တွင် | ၁၇၅၀၀၀ |
| (၂) | တောင်အမေရိကတိုက် | ၁၉၀၃၀၀ |
| (၃) | ဥရောပတိုက် | ၃၁၀၀၀၀ |
| (၄) | အာရှ | ၂၆၀၀၀၀၀၀၀ |
| (၅) | အာဖရိက | ၉၀၀၀ |
| (၆) | သြစတြေးလျနှင့် ပစိဖိတ်ကျွန်းစုများ | ၄၉၅၀၀၀ |
| | စုစုပေါင်း | ၂၆၁၁၇၉၃၀၀ |

ဗုဒ္ဓဘာသာကိုးကွယ်သူ လူအများစုရှိသော တိုင်းပြည်များမှာ မြန်မာ၊ ထိုင်းလင့် ခေါ် ယိုးဒယား၊ လာအို သို့မဟုတ် လော၊ ကမ္ဘောဒီးယား သို့မဟုတ် ကမ်ပူးချား၊ ဗီယက်နမ်၊ သီရိလင်္ကာ သို့မဟုတ် သီဟိုဠ်၊ တိဗက်၊ မွန်ဂိုလျ၊ တရုတ်နှင့် ဂျပန်တို့ဖြစ်သည်။

ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာဟု သတ်မှတ်သောတိုင်းပြည်မရှိသော်သည်း ဗုဒ္ဓဘာသာကို အဓိကထားသော နိုင်ငံအများအပြားရှိလေသည်။ ကျွန်တော်သည် ဘုရားရှိခိုး ကြည်ညို ဆင်ခြင်မိသည့် အခါတိုင်း ထိုတိုင်းတပါးရှိ စေတီဘုရား၊ ကိုယ်စားတော်စား ရုပ်ပွားဆင်းတု၊ ဓာတ်တော်၊ မွေတော် ရုပ်ကြွင်းအစုစုကို မြင်မိ၊ မှန်းမိ ရည်ရွယ်မိကာ ညွှတ်တွားဦးချပါသည်။

သို့သော် – တိုင်းတပါးသို့ မမြော်မိ၊ ကျွန်ုပ်တို့ပြည်တွင်းရှိ ဆာသနာ့တန်ဆာများကို ဦးစွာ ဖူးမြော်မိသည်မှာ အမှန်ပင်။



အညာဆို သီဟတော

ကျွန်တော်တို့ ငယ်စဉ်အခါ လူကြီးသူမတို့က တိုင်ပေးသော ဘုရားရှိခိုးတပုဒ်ရှိပါသည်။ ထိုဘုရားရှိခိုးစာတွင် " အညာဆို သီဟတော၊ ဩကာသပါဘုရား' ဟု ပါရှိပါသည်။

သိဟာတောဘုရားသည် ယခင်ရွှေဘိုခရိုင် ယခုမန္တလေးတိုင်း၊ သပိတ်ကျင်းမြို့၏ တောင်ဖက်မျက်စောင်းထိုးတွင်ရှိသော ကျွန်းပေါ်၌ ရှိပါသည်။ ထိုကျွန်းသည် ဧရာဝတီမြစ် အနောက်ဖက်ကမ်း တောတန်းနှင့် တောင်ခြေကို နောက်ခံ ပြုထားပါသည်။ မန္တလေးမှ သပိတ်ကျင်းသို့ သင်္ဘောနှင့်သွားလျှင် သိဟာတောကိုလွန်၍ သွားရပါသည်။ သင်္ဘောပေါ်မှ ကြည်ညိုကြရပါသည်။

သိဟာတောဘုရား၏ အထင်ပေါ် အကျော်ကြားဆုံးခေတ်မှာ ကုန်းဘောင်မင်းဆက် စဥ့်ကူးမင်း လက်ထက် ဖြစ်ဟန်ရှိပါသည်။ စဥ့်ကူးမင်းသည် သိဟာတောဘုရားသို့ ဘုရားဖူးထွက်စဉ် ဖေါင်းကားစား မောင်မောင်က ထီးနန်းလုသဖြင့် မင်းအဖြစ်မှ ဖြုတ်ချခြင်းခံရသည်သာမက၊ နောက်ဆုံးတွင် အညိုးထားသူတဦး၏ ကွပ်မျက်ခြင်းခံခဲ့ရသည်။

ဘုရင်မင်းမြတ်ကိုယ်တိုင် တကူးတက ဘုရားဖူး ထွက်သော သိဟာတော မြတ်စွာ၏ တန်ခိုးကြီးပုံကို မှန်းဆနိုင်ပါသည်။

ထိုစဉ်က အနီးချုပ်စင်ရွာများမှ ရှမ်း၊ မြန်မာ၊ ကချင် လူမျိုးစုံသည် သိဟာတောပွဲနေ့၌ သွားရောက် လှူဒါန်း ဦးတိုက်လေ့ရှိပါသည်။ ကွန်ုပ်၏ အဖေဘက်မှ အဖိုး တော်သော 'ဦးဖိုး' သည် ငယ်စဉ်က သူ့မိဘများနှင့် သိဟာတောသို့သွားခဲ့ဘူးကြောင်း၊ သိဟာတောဘုရားသို့ ရောက်သောအခါ လှေ

ပေါ်မှ လိမ့်ကျသွားရာ ဘုရားဖူးလာကြသော "ငါးထွေ" တို့ အကြားသို့ ရောက်ရှိသွားသဖြင့် ဝိုင်း၍ ဆယ်ငင် လိုက်ရ ကြောင်း၊ ထိုမှစ၍ သူ့ကို ငထွေမောင်ဖိုး ငထွေဦးပိုးဟု ခေါ် ကြကြောင်းဖြင့် သက်ကြီးစကား၊ သက်ငယ်ကြားခဲ့ဘူးပါ သည်။

မြန်မာနိုင်ငံကို ဗြိတိသျှက သိမ်းပိုက်အုပ်ချုပ်ပြီး၊ ၁၀ နှစ် မျှအကြာတွင် မြန်မာပြည်အနှံ့ ခရီးလှည့်လာခဲ့သော မစ္စတာ ဗီစီအိုကော်နာဆိုသူက၊ သီဟတောဘုရားအကြောင်းကို ဤသို့ မှတ်တမ်းတင်ခဲ့ပါသည်။ သူ ရေးသားထုတ်ဝေသော (Silken East) ခေါ် 'ပိုးပဝါလွှာရုံစေ်သိုင်းသည့်အရှေ့တိုင်း' စာအုပ်စာ မျက်နှာ ၁၇၉ ၌ ပါရှိသော သူ၏ မှတ်တမ်း တစိတ် တဒေသ ကို ဆီလျော်စွာ ဘာသာပြန်ရလျှင်၊—

## နိုင်ငံခြားသားဖူးမြင်ရသော သီဟတော

သပိတ်ကျင်းရွာ၏ အောက်ဖက်တွင် သင်ယပ်စွာ ဝေသော ဘုရား၊ ရှုမညီးသော ကျောင်းနှင့် ပြာသာဒ်များတည်ရှိသည့် ကျွန်း တကျွန်းသို့ ကျွန်တော်ရောက်သွားသည်။

နှစ်များစွာ မကြာသော လွန်ခဲ့သော နှစ်အနည်းငယ်က ထိုဘုရားနှင့် ကျောင်းသည် အလွန်ထင်ရှားကျော်ကြားခဲ့သည်၊

ဆရာတော်တပါးသည် ဦးပဥ္စင်းများ၊ ကိုရင်များကို စာပေပို့ချ သီတင်းသုံးလျက်ရှိသည်။

တနှစ်တကြိမ်ကျင်းပသော ဘုရားပွဲတော်၌ ပတ်ဝန်းကျင်မှ လာကြသော လှေများ၊ပိန် ကောများဖြင့် ပြည့်နှက်လျက်ရှိပြီး ကမ်းခြေတလျှောက်နှင့် ဘုရား ယင်ပြင်တော်ပေါ်၌ မြန်မာ ဇာတ်ပွဲများကပြကြသည်။ မွန်းမံပြင်ဆင်ထားသောမဏ္ဍပ်ကနားများ တို့မှာလည်းရောင်စုံဝင်းပ၍နေသဖြင့် အလွန်ပျော်စရာ ကောင်း ပေသည်။

စေတီ၏ ထီး ဖော်ငါးရစ်နှင့် သပိတ်မှောက် ဆင်ခြေလျော မှာ ရွှေရောင်တဝင်းဝင်းနှင့်ရှိသကဲ့သို့ ကျောင်းဆောင်များ၏ ဒုပိကာများမှာလည်း ရွှေရောင်ဝင်းပြောင်၍ နေပေသည်။ ရွှေချ ကုသိုလ်ပြုခြင်းသည် မြန်မာဗုဒ္ဓဘာသာတို့၏ ကြည်ညို စိတ်ကို ပွားစေသည်။

ထိုပွဲတော်ရက်သို့ရောက်လျှင် ကျွန်းနှင့် အနောက်ဖက်ကမ်း အကြားရှိ ရေလက်ကြား ထုံးအိုင်တွင် ငါးထွေများ လာရောက် ကြသည်ကို ငါးများ ဘုရားဖူး လာသည်ဟု ပြောကြသည်။ ငါးများသည် လူကိုအန္တရာယ်မပြုသည့်သာမက လူမကြောက် သည့် သတ္တဝါများဖြစ်သည်။ ထိုရေလက်ကြားမှာရေစီးမသန်ပဲ၊ ရေသေကဲ့သို့ဖြစ်နေသည်။ ငါးများကို ဘုရားဖူးများနှင့် သံဃာ တော်များက အစာကျွေး၍ထားသည်။ဘုရားပွဲနေ့တွင် အများ

အပြားလာကြပြီး တခါတရံငါးအချို့သည် လူတို့ကျွေးသော အစာများကို လာရောက်စားသောက်ကြသည်ဟု ဆိုသည်။

ထိုငါးများ၏ ဦးခေါင်းထိပ်ပေါ်သို့ ဘုရားဖူးလာပရိသတ်အချို့က ရွှေများချပေး ကပ်ပေးလေ့ရှိရာ၊ မိမိတို့ရွှေချပေးလိုက်သောငါးကို နောက်နှစ်တွင် ပြန်၍တွေ့ကြရသည်ဟု ပြောပြကြသည်။

ကျွန်ုပ်တို့ရောက်ရှိသောအခါတွင် သံဃာတော် အနည်းငယ်မျှသာ ရှိတော့၍ ကျောင်းများမှာ ဟောင်းလောင်းနှစ်သော စာသံပေသံမကြားရတော့ပေ။ ငါးများလည်း တစတစ နည်းသွားသဖြင့် ယခုအခါ မထင်မရှားဘဝသို့ ရောက်ရှိနေလေပြီ။

ထိုကျောင်းဆောင်နှင့် ဘုရားရှိသည့် ကျွန်းကို ဘယ်တော့မှ ရေမလွှမ်းဟု ဆိုသည်။ ရေဘယ်၍ပင်ကြီးစေ၊ တိုးစေကာမူ မြတ်စွာဘုရားမှာ ရေမျက်နှာပြင်အထက်၌သာ ရှိသည်။

ဘာ့ကြောင့် ဤသို့ ထူးထူးခြားခြား ဖြစ်ရသည်ကို သပိတ်ကျင်းရှိ ဆရာတော်နှင့် ရပ်သူရွာသားများက မပြောနိုင်ကြပေ။ ထိုနည်းအတူ သီဟတောခေတ်ကုန်ဆုံး၍ စာသံပေသံဆိတ်သုဉ်းသွားရသည့် အကြောင်းကိုလည်း ထိုသူတို့က ပြောမပြနိုင်ကြပေ။ သို့သော် ကျွန်ုပ်မြင်တွေ့ရသော ကျွန်း၏ တဖက်ကမ်း ရွှေမြင်တင်တောင်ရိုးနှင့် ရောင်တော်မြစ်ကျဉ်း၏ သဘာဝအလှမှာမူ

ရှင်သပ်ရှမော၊ ပြောမပြနိုင်အောင် လှသည့် ပန်းချီကားချပ်ဖြစ်မေသည်။

## နှုတ်ပြောသမိုင်း

မစ္စတာအိုကွန်းနားက ထိုစဉ်က သူ့အမြင်ကို ယင်းသို့ စာတင်ခဲ့ပါသည်။

ကျွန်တော်က သူမမြင်သော ပြည်သူ့အမြင်ကို တင်ပြရပါသည်။

ပရိယတ္တိ၊ ပရိပတ္တိ၊ ပဋိဝေဒ သာသနာ သုံးရပ်ရှိသည့်အနက်။

> ပိဋကတ်ပါဠိတော်နှင့်အဋ္ဌကထာများသည်ပရိယတ္တိမည်၏။ ဓုတင်သီလသမထ ဝိပဿနာများသည် ပဋိပတ္တိမည်၏။ ထိုတွင် ဤသိအပ်သော မဂ်ဖိုလ်နိဗ္ဗာန်သည် ပဋိဝေဓမည်၏ ဟု ပါရှိရာ။

သီဟာတော်ဘုရားနှင့် ကျောင်း၌ ပရိယတ္တိလေ့လာမှတ်သားသင်အံ ဖတ်ကြားကြပြီးနောက် ကျွန်းအနောက်ဖက် တောင်တန်းနှင့် ဘောခြေတွင် ကမ္မဋ္ဌာန်းထိုင်ခြင်း၊ ကသိုဏ်းရှုခြင်း၊ ဈာန်ဝင်စားခြင်း စသည်ဘို့ကို ပြုလုပ်ကြပါသည်။ အနောက်ဖက် တောင်တန်းမှစီးလာသော ချောင်းရိုးကွေ့ ကိုးကွေ့ ကျော်သျှင်

သီဟဗာဂုကျောက်ဂူနှင့် ကျောက်ဖျာကြီးကိုရောက်သည်။ ဤ၌ တရားကျင့်ကြ၊ ဖိုသိုးကြ၊ သိဒ္ဓိတင်ကြပါသည်။


သို့ပြုလုပ်ကြံကျင့်သူအထဲတွင် သမထပေါက်း ဈာန်ရသွား သူများရှိကြသည်။ အချို့သူတို့မှာ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတို့ ကဲ့သို့ ထွက်ရပ်ပေါက်ချန် ကြိုးပန်းကြရာ၊ ဘိုးဘိုးအောင်၊ ဘိုး မင်းခေါင်တို့ကဲ့သို့ ရှိန်းဆာယာပိုမောက်ပြီး၊ လိုသလောက်ခရီး ရောက်ကြသည်ဟု ဆိုပါသည်။ အချို့ပုဂ္ဂိုလ်တို့က ဒန်းစိမ်း မောင်နှမသိုက်နှင့် ဆက်စပ်၍သည်း ပါးစပ်ရာဇဝင် ဖြန့်ကြ သည်။

အချို့ကလည်း အင်္ဂလိပ်လမ်းစဉ် ဖိုထိုးသည့် လုပ်ခွင်သို့ ဝင်ကြပြီး၊ ရွှေဖြစ် ငွေဖြစ်နှင့် ပြဒါးလုံးပန်းတိုင်သို့ ချီတက် ကြသည်ဟု သိရပါသည်။

ယခုတိုင် ယင်းယုံကြည်မှု မပပျောက်သေးဟု လေ့လာသူ အများက မှတ်ချက်ချကြပါသည်။ ရှမ်းဘာသာအားဖြင့် "စီဟ တော" မြန်မာလိုပြန်သော်–ကျောက်တုံးကျောက်ခဲပေါသော နေရာဟု အဓိပ္ပာယ်ရသော ဤသီဟတော ကျွန်းသာယာ၌ ကေစာရီကျင့်သုံးပြီး မဂ်လမ်း ဖိုလ်သမ်းကို လှမ်း ချင်ပါဘိဟု စာရေးသူ၏စိတ်ဇောတွင် အတောမသတ်ပြောမိပါတော့သည်။

## အထောက်အကိုးစာရင်း


(၁) အမေရိကန်ထုတ် နှစ်ချုပ် အယ်လ်မနက် စာအုပ်များ
(၂) အိုကော်နာ၊ရေး Silken East
(၃) ဆရာသခင်၏ ကိုယ်တွေ့ ပြောပြချက်



## အထက်မှာကောင်မှုလုံ
## အောက်မှာရွှေတိဂုံ

ကျွန်တော်သည် လမ်းစဉ် သတင်းကို မပြတ်ဖတ်ရှုသူ ဖြစ်ပါသည်။ "သိင်္ဂါနုဒီ၊ မြန်မာပြည် မြောက်ဖျားသို့" ဟုခေါင်းစဉ်တပ်ထားပြီး၊ အယ်ဒီတာ ဦးမင်းခေါင်ဦးနှင့် ဓာတ်ပုံသတင်းထောက် ဦးလှထွန်း တို့က ဖေါ်ဆောင်တင်ပြသော ခရီးသွားစာတန်းကို နှစ်ခြိုက်စွာ ဖတ်ရှုမိပါသည်။

ထိုစာတန်းပါ ကောင်းမှုလုံ စေတီပုံမှာ ကျွန်တော်၏ မျက်စိအကြည် မာတ်နှင့် မနောဟာဒယတွင် အမြဲတမ်းကိန်း အောင်းစံပယ်လျက် ရှိပါသည်။

ဥတ္တရဒိသာ မြောက်မျက်နှာသို့ မျက်နှာမူ၍ ရှိခိုးဦးတင် ကြည်လင် စေတနာ ဝေဖြာမိတိုင်း ကောင်းမှုလုံ စေတီသည် အထင်းသား ပေါ်လာ ပါသည်။

မြန်မာနိုင်ငံ မြောက်ဖျား ကချင်ပြည်နယ် မလိခမြစ်ဝှမ်း တွင် ခန္တီးရှမ်းလူမျိုးတို့ နေထိုင်သော ကောင်းမှုလုံ ကျေးရွာ၌ ရွာသူ ရွာသား ၉၀၀ ကျော် မျှတင်း နေထိုင်ကြပါသည်။

ရွာတည်ထားပုံမှာ မလိခ မြစ်ကမ်းခြေ၏ ကမ်းပါးစောက် မြေပြန့်တွင် တောတန်းကြီးကို နောက်ခံပြုပြီး ထားသော ကြောင့် မြင်ပြင်မှုကြည့်လျှင် မြင်ကွင်း မှုန်းနေပါသည်။

ရွာဦးရွာထိပ်တွင် ထိုနယ်မြေဒေသ၌ လွန်စွာ ထင်ရှား ကျော်ကြားသည့် ရွှေအတ်မင်း စေတီခေါ် ကောင်းမှုလုံ စေတီတော်ကို ကြည်နူးဖွယ် ဖူးတွေ့ရသည်။ မလိခမြစ်ဝှမ်းတွင် ရှားရှားပါးပါး တည်ထားသည့် တဆူတည်းသော စေတီ၊ မြန်မာပြည် မြောက်ပိုင်း အကျဆုံးတွင် တည်ထားသည့် တဆူ တည်းသော ထိုစေတီကြီးမှာ သာယာ[illegible]ယ်လှသည်။ တံတိုင်းပလ္လင်ကော် ဇရပ်တန်ဆောင်း ကျောင်းပါ ရှိ၏။ ကျောင်းထိုင် ပုဂ္ဂိုလ်မရှိ သည်မှတပါး ပြည်[illegible] ခေါ် [illegible] အ ဖွဲ့ဝင်များ [illegible] ရှိပါ၏။

စေတီ၏ ပုံတော်မှာ တမျိုးထူးခြား၏။ ဉာဏ်တော်ပေ ၁၀၀-ခန့်ရှိပါမည်။ ကြီးမားသပ္ပါယ်လှသော ဤစေတီကြီးကို ဝဝးသီခေါင်ဖျား၊ မသိမြစ်အနားတွင် တည်ထား ကိုးကွယ်ခဲ့သည်ကို ထောက်သျှင် ရှေးရှေးကာလက မည်မျှ သာသနာပျံ့ပွား ထွန်းကားခဲ့လေမည် မသိဟု ကျွန်တော်တို့ စဉ်းစားမိကြပါ၏။

ဤစေတီကြီးနှင့်ပတ်သက်၍—

**အောက်မှာ ရွှေတိဂုံ**
**အထက်မှာ ကောင်းမှုလုံ**

ဟု ဒေသခံတိုင်းရင်းသားတို့က နှုတ်မှ တဖွဖွ ဂုဏ်ယူ ပြောကြားခဲ့ကြောင်း မှတ်တမ်းအထင်အရှားရှိပါသည်။

ဘုရားလိုဏ်ဂူရှိ ဘုရားကြီးရှေ့တွင် ဆတ်မင်း ထိုင်နေပုံ ပန်းပုရုပ်လုံးကို ရွှေကိုယ်လုံးပြည့် ချထား၏။ ဘုရား၏ ဉဏ္ဏလုံ မွေရှင်(နဖူးသင်းကျစ်)သည် အဖိုးတန် ပတ္တမြားကျောက်နီကြီး တလုံးဖြစ်ခဲ့သည်ဟု ဆိုသည်။ ထို့ကြောင့် ကောင်းမှုလုံသည် သမိုင်းဝင်စေတီကြီးဖြစ်၏။ သာသနာသက္ကရာဇ် ၃၀၀-ကျော် လွန်ခဲ့သော နှစ် ၂၀၀၀-ခန့်ကပင် ဤနေရာ ဒေသတခွင်၌ သာသနာပြန့်ပွား စည်ပင်ခဲ့သည်ဟု မှတ်တမ်းများက ဆိုပါသည်။

ဘုရားဖူးယင်း အားမလိုအားမရ ဖြစ်ရသည်မှာ အိမ်ခြေ (၁၅၁)ကျော်ရှိသော ဗုဒ္ဓဘာသာ ရွာကြီးတရွာ၌ ဗုဒ္ဓဘာသာ မလေရ်ရှင်တဦးကိုမှ မတွေ့ရခြင်း ဖြစ်ပါသည်။

ချောင်း မှ ဟာ လာ ဟင်း လင်း ဖြစ်သော လူ့ဘုံ ဘုရား ဂေါ ကတို့၏ ဝါယမစိုက်မှုကြောင့် ချုံနွယ်ယှက်၍ ပျက်စီး သော စေတီမြတ်ကို ပြန်နိုးပြန်နိုးသော ယာမြင်ထက်၌ တွေ့ရှိရ ခြင်းပင်။

ဤရွာ ဤဘုရားတွင် ကသုံးကျင့်သုံး နယ်သူနယ်သားတို့၏ ဖွံ့ဖြိုးရေးကို လုပ်ကိုင်ဆောင်ရွက်နိုင်ရပါသို့၏ ဟုပင် ဆုတောင်း မိသတတ်။

[လမ်းစဉ်သတင်းပါ ဆောင်းပါးကို စကားနှင့် လျော်ညီစွာ ပြုပြင်ရေးသားပါသည်။]




ပန္တလေးမြို့
မဟာမြတ်မုနိဘုရား

ကောင်းမှုလုံမှ အောက်သို့ စုံသော် ရတနာပုံ၊ ရန်လုံ ပြည်မ၊ မန်းဌာနက မဟာမြတ်မုနိ ဘုရားကို ဖူးမြင်မိပါသည်။

ရွှေအထပ်ထပ် ချသော်လည်း၊ မျက်နှာပုံ မပြောင်းပဲ၊ အလှပကတိ၊ သပ္ပါယ်စွာ ရှိသော ဆင်းတုတော်ကို ကျွန်တော် ဘယ်အခါမှ မမေ့နိုင်ပါ။

ဂေါတမ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်က ကိုယ်တော်တိုင် ပွား၍ ပေးခဲ့သော ဤဆင်းတု ရုပ်ပွားတော်၏ ဘန်ခိုး ဣဒ္ဓိပတ်မှာ နှိုင်းဆလို့ မရနိုင်ပါ။

ပါကဋ ထင်ရှားသော ဘုရားကြီးခေါ် မဟာမြတ်မုနိ ဘုရား၏ သမိုင်းမှာ—

ရက္ခပူရတိုင်း၊ ဓညဝတီ ၊ ရခိုင်ပြည်ကြီး၌ စန္ဒသူရိယ မင်းသည် စန္ဒမာလာ မင်းသမီးကို မိဖုရားကြီးမြှောက်၍ ရွှေနန်း ပျို့တွင် ဆက်ခံစိုးအုပ်မင်း လုပ်တော်မူသတည်း။ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က ဖြစ်ရှိခဲ့သော သမိုင်းဝင်ဖြစ်ရပ် ပါပေ။

တနေ့သောအခါ မဇ္ဈိမဒေသ၊ အိန္ဒိယပြည်၌ ဘုရားပွင့် တော်မူသည့် သတင်းကြား၍ ဖူးမြော်လိုသော် စိတ်ဆန္ဒ ရှိသည့်အလျောက်၊ ဘုရားသခင်၏ ခြေတော်စုံကို ရည်မှတ်

ကော်ရော်၊ ပူဇော် ကန်တော့၍ ပေါက်ပေါက် ဆန်ပန်းတို့ဖြင့် လှွင့်မြှောက်ခါ အဓိဋ္ဌာန် ပြုသောအခါ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသော တဉာဏ် အမြင်ရသော မြတ်စွာဘုရားသခင် သိမြင်တော် မူသဖြင့်၊

ဗုဒ္ဓမြတ်စွာသည် ရဟန်း သဃာများ ခြံရံလျက် စန္ဒ သူရိယမင်းထံ ကြွလာသောအခါ စန္ဒသူရိယမင်းသည် ပြည်သူ ပြည်သား အပေါင်းတို့နှင့် ခရီးဦးကြိုဆိုခြင်း ပြုကြပြီး မြတ် ဘုရား၏ တရားမေ့ကို နာယူကြကုန်၏။ များစွာသော ပရိသတ် တို့သည် သောတာပန်၊ သဒါဂါမ်၊ သရဏာဂုံ ပဥ္စသီစသည်ဖြင့် တည်ကြကုန်၏။

ဗုဒ္ဓမြတ်စွာသည် မဇ္ဈိမဒေသသို့ ပြန်ကြွမည်ပြုရာ၊ ဘုရင် မင်းမြတ်က ကိုယ်စားတော်စား ရုပ်ပွားတော် ဖန်ဆင်းထား ရှိတော်မူပါရန် ဘုရင်မင်းမြတ်က လျှောက်တင်လေသည်။

စညဝတီမြို့၏ အရှေ့မြောက်ထောင့်အရပ်၊ သိရိမကိုဠ်မည် သော တောင်ထက်ဝယ် မြတ်ဖုရားသဏ္ဍာန်တော်နှင့်တူအောင် ကူညီဝိုင်းဝန်း သွန်းလုပ် ကြသေသည်။ နောက်ဆုံး၌ ယခု လူတို့၏ အတောင်နှင့် မုနှစ်တောင်နှစ်မိုက်ရှိ တင်ပလ္လင်ခွေ ပုံတော် မြတ်စွာဘုရား၏ ရုပ်တုတော်ကို သွန်းလုပ်ကြသည်။ မြတ်စွာဘုရားသခင်သည် ကိုယ်တော်တိုင် မဟာမုနိရုပ်တုတော် ကို ရှင်ငွေ့တော်ဖြင့် ခုနှစ်ကြိမ် သွင်းလျက် ပြီးစီးအောင်မြင်

သောအခါ ဗြဟ္မာနတ်လူအပေါင်းတို့သည် အမွှေးအထုံ ထန်းပန်းပေါက်ပေါက်တို့ဖြင့် ကြဲမြှောက်ပူဇော်၊ သာခု ခေါ်ကြကုန်သလေ။

ဉာဏ်ဝတီမြို့တော်၊ ဂန္ဓကုဋိတိုက်ကျောင်း၌စံနေသော မဟာမြတ်မုနိ ကိုယ်တော်၏ အံ့ဘွယ်များမှာ၊

(၁) ဘုရား ရှေ့တော်သို့ ရေသွန်းသောအခါ ရေတော်သည် ရှေ့ဝယ် ယင်ပြင်၌ ဖြတ်မစီးခြင်း၊

(၂) ဘာသာမတူသူ ဖူးမြင်သောအခါ မျက်နှာတော်ညှိုးခြင်း၊

(၃) လူမျိုးခြားတို့မရှိမှ ရောင်ဝါကွန့်မြူးခြင်း၊

(၄) ဘုရားအပေါ်တည့်တည့်တွင် ငှက်မျိုးငံတို့ မပျံသန်းခြင်း၊

(၅) ဘုရားရှေ့တော်၌ မုသားကျိန်တွယ် မမှန်ပြောဆိုကသေးအန်ခြင်း၊

(၆) ဆင်းတုတော်မြတ်နှင့်တူအောင် မသွန်းနိုင်ခြင်း၊

(၇) ဘန်ခိုးတော် တူတူပဲဟု နှိုင်းယှဉ် မြွက်ကြား၍ မရ နိုင်း၊

စသည်တို့ဖြစ်ပါသည်။

ကိုယ်တွေ့ကြုံဘူးသည်ကို ပြောပြပါမည်။

လွန်ခဲ့သော အနှစ် ၆၀ ခန့်က ကျွန်ုပ်တို့နယ်ဘက် ဒုစရိုက် အမျိုးမျိုး ကျူးလွန်သူ နှစ်ဦးရှိပါသည်။ ထိုနှစ် ဦး သည် မဟာမြတ်မုနိဘုရားကြီးသို့ သွားရောက်ရှိခိုးသောအခါ ဘုရား ဆင်းတုတော်ကို မမြင်ကြရဟုဆိုပါသည်။ မျက်စိရောဂါတစုံ တရာမျှမရှိ။ စိတ်ဖောက်ပြန်ခြင်းမရှိသော ထိုသူနှစ်ဦး၏ တကယ် ပြောစကားကို ယခုတိုင် အမှတ်ရမိပါသည်။

စန္ဒာသူရိယမင်း နောက် မင်းဆက်များစွာ စိုးစံတော်မူကြ ပြီး၊ သက္ကရာဇ် ၁၁၄၆ ခု၊ ပြာသိုလတွင် အမရပူရ ရွှေနန်းရှင် ကိုယ်တော်ဘုရား၏ သားတော် အိမ်ရှေ့မင်းသားသည် တောင် ကုတ်တောင်ကြားလမ်းဖြင့် ပန်းတောင်းမြို့သို့ ချီ ပင့် တော် မူ သည်။ ပန်းတောင်းမြို့မှ ဖောင်တော်ဖြင့် သယ် ဆောင် ကာ အမရပူရမြို့တော်ကြီး၏ အရှေ့မြောက်ဖျား၊ ရာဇပုဏ္ဏားမြေ ရာတော်ဘွင် ဂန္ဓကုဋိတိုက်နှင့် တည်ထားကိုးကွယ်လေသည်။


အမရပူရမြို့တော်ကို မန္တလေးမြို့သို့ ပြောင်းရွှေ့တည်ထောင် သောအခါတွင်၊ မြို့တော်၏ တောင်မျက်နှာ မြေအပြန့်ဝယ် သိုက်မြိုက်ခန့်ထယ် တင့်တယ်စွာ စံပယ် လျက် ရှိ ပေသည်။

ခေါင်းတန်းလေးသွယ်၊ တန်ဆောင်းလေးခုမှဖြတ်၍ လာရောက်ကြည်ညိုသူများသည် ကြေးရုပ်များ လိပ်ကန်များ စသည်တို့ကိုပါ ရှင်လန်းစွာ ရှုစားနိုင်ကြ၏။

ဘုရားဆင်းတု၏ မျက်နှာတော် သစ်ချိန် နံနက်အာရုဏ်ဦး၌ စေတီမြတ်ကို ဖူးမြော်ကာ ရေတော် ဆရာတော်ကြီး၏ အဆုံးအမကို ခံယူရခြင်းသည်ကား အတိသုခံ အလွန်ပင်လျှင် ချမ်းမြေ့စွတကား။

အကိုး အကား ကျမ်း၊

မန္တလေးမြို့ ဗေဒင်ပညာရှိ၊ ကျော်ကြား ဇောတိသိက္ခာဆရာကြီး ဦးဖြူ၏သား ဗေဒင်ပညာ၊ဆေးပညာ စုယ်စုံဘတ် သီဟိုဠ်ပြန် ဆရာ ဦးအုန်းဖေ ရေး၍ ၁၉၃၀ ပြည့်နှစ်လောက်တွင် ရိုက်နှိပ်ထုတ်ဝေသော "ဘုရားသမိုင်း ညွှန်ပေါင်း စုံကျမ်း" ကို ကိုးကားပါသည်။



## ကောင်းမှုတော်ဘုရား

မန္တလေးမြို့သူမြို့သားတို့က ဘုရားကြီးဟု ခေါ်ဝေါ်ကြသော မဟာမြတ်မုနိ ဘုရား၏ အနောက် စစ်ကိုင်းဘက်တွင် ရှိသည့် မှောက်ထားသော ဖလ်ပေါင်းချောင်း သဏ္ဌာန်ထင်ရသော ကောင်းမှုတော် စေတီမြတ်ကို အာရုံထင်ထင် ဖူးမြင်မိပါသည်။

စစ်ကိုင်းမြို့ အနောက်မြောက်တွင် ရှိ၍ ရာဇမဏိစူဠာခေါ် ကောင်းမှုတော် ဘုရားကို သက္ကရာဇ် ၁၆၂၉ ခုနှစ်တွင် ဟံသာဝတီ၌ နန်းတက်ပြီးနောက်၊ ရတနာပူရ အဝ ရွှေပြည်တွင် ပြောင်းရွှေ့နန်းစိုက်သော သာလွန်မင်းတရား တည်ထား ကိုးကွယ်သည်။

ကောင်းမှုတော် ဘုရားကြီး၏ ပုံတော်ကို သိရှိစေရန် ရာပြည်မြို့တွင် ဒွတ္တပေါင်မင်းကြီး တည်ထားသော ဘုရားကိုးဆူ အနက် သမရာမည်သော စေတီတော်ကြီး၏ ပုံစံကိုယူ၍ တည်တော်မူသည်။ အချို့ကမူ သီရိလင်္ကာနိုင်ငံ သီဟိုဠ်ရှိ စေတီ၏ ပုံအတိုင်း တည်ထားသည်ဟု ဆိုကြသည်။

မြတ်စွာဘုရား၏ အဝန်း ဖိနပ်တော်သည် အတောင်ငါးရာရှိလေသည်။ စေတီတော်ကြီးအား ပြုစု စောင့်ရှောက်မည့် သူများကို သာလွန်မင်းတရားက ခန့်အပ်ခဲ့သည်။

အထောက် အကိုး စာရင်း

(၁) ဦးအုန်းဖေ၊ ဘုရားသမိုင်း ညွန့်ပေါင်းကျမ်း၊
စာ ၄၁၄ ၊ ၄၁၅

(၂) ခေတ်မီအထက်တန်း မြန်မာရာဇဝင်၊ ဦးကွန်း
စာ ၁၈၂

# ဗုဒ္ဓရောင်ခြည်– တရုတ်ပြည်

ဥတ္တရဒိသာ မြောက်မျက်နှာမှလက်ယာဘက်သို့ ၄၅ ဒီဂရီမျှ လှည့်စောင်းလိုက်သောအခါ ဥတ္တရာရှ အနုဒိသာယခေါ် အရှေ့မြောက်ဖက် တနင်္ဂနွေထောင့်ဆီသို့ မျက်နှာမူမိပါသည်။

ပဥ္စပတိဋ္ဌိတ ငါးပါးသော ထိခြင်းဖြင့် ပြည့်စုံသော ကာယဂါရဝ အနေအထားဖြင့် မြတ်စွာဘုရားဂုဏ်တော်ကျေးဇူးတော်ကို ဆင်ခြင်မိပါသည်။

ကျွန်ုပ်၏စိတ်အာရုံသည် ဘောအသပ်ထပ်၊ တောင်အရပ်ရပ်ကို ကျော်ဖြတ်ပြီးနောက် တရုတ်ပြည် ပီကင်းမြို့တော်သို့ ရောက်သွားပါသည်။

ပီကင်းမြို့တော်၏ သာမန်အရပ်သူအရပ်သားများ မဝင်ရဟု ပညတ်ထားသော Forbidden City ခေါ် တားမြစ်မြို့တော်။

ထိုမြို့တော်အတွင်း နန်းအဆောင်ဆောင်၌ စိုးမြန်းကြသည့် ဘန္ဒာသာရင်ဇ် တရုတ်ဘုရင်များ။

များသောအားဖြင့် တရုတ်ကောရာဇ်မင်းတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ မင်းအဆက်ဆက်ကိုးကွယ်သော ဘုရားစေတီကို နန်းတွင်း၌မထားပဲ နန်းတော်နှင့် အတန်ဝေးသော ဝက်စတန်ဟီးလ်ခေါ် ပစ္ဆိမတောင်ကုန်း (တရုတ်ဘာသာ အား

ဖြင့် ရှိချိန်) ၌ တည်ဆောက်ထားရာ၊ စေတီ၏ပုံတော်မှာ သပိတ်မှောက်၊ ပေါင်းရစ်၊ ထီးတော်၊ စိန်ဖူးစသည်ဖြင့် သမရိုးကျ စေတီပုံစံဖြစ်ပါသည်။ ထိုစေတီအတွင်း၌ ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော် မွေတော်များကို ဌာပနာထားပါသည်။ သာမန် အရပ်သားများ ဖူးမြော်ခွင့်မရပါ၊ အစောင့်အကြပ် တပ်မတော်သားများကို ထားရှိပါသည်။ နိုင်ငံခြား ဗုဒ္ဓဘာသာ တိုင်းပြည်များမှ အကြီးအကဲပုဂ္ဂိုလ်များကိုမူ ဖူးခွင့်ပြုပါသည်။

ဓာတ်တော်မွေတော် အစစ်အမှန်များကိုဌာပနာထားသော ထိုဆုတောင်းပြည့် နန်းဦးစေတီကို ကျွန်တော်ရည်မှန်း ဦးခိုက်မိပါသည်။

ဗုဒ္ဓမြတ်စွာကို ကိုင်းရှိုင်း ကိုးကွယ်သည့်နေရာတွင် စေတနာ ထက်သန်လှသော တရုတ် အမျိုးသား အမြောက် အများကို ကျွန်တော် တွေ့နေရပါသည်။

မြန်မာနိုင်ငံတွင် ရှေးသားအစစ်ဖြင့် ဆင်းတုတော်သွန်းလုပ် ကိုးကွယ်သကဲ့သို့ တရုတ်ပြည်တွင် ကျောက်စိမ်းအစစ်ဖြင့် ထုလုပ် ကိုးကွယ်ကြပါသည်။ ပူးတွဲပါပုံမှာ ရှန်ဟဲမြို့ရှိ ကျောက်စိမ်း ဆင်းတုတော်ပုံဖြစ်ရာ နိုင်ငံခြားသားများ လာရောက် လေ့လာ ဝတ်ပြုကြပုံကို ဓာတ်ပုံဖြင့် ဖော်ပြထားခြင်းဖြစ်ပါသည်။




# ရှန်ဟဲမြို့၊ ကျောက်စိမ်းဆင်းတုတော်

ကျွန်တော်၏ စိတ်အာရုံသည် ပီကင်းမြို့တော်မှ စက်မှုလုပ်ငန်းမြို့ကြီးဖြစ်သော ရှန်ဟဲသို့ ရောက်ရှိသွားပြီးနောက် ရှန်ဟဲမြို့တောင်ဖက် ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော ပူချောင်သို့ လွင့်ပျံလာသည်။

ပူချောင်မြို့ အရှေ့ဖက် ဆင်ခြေဖုံးရှိ စည်တော်ကောင်ကုန်းပေါ်တွင် ဗုဒ္ဓစေတီတော်များကို ဖူးကျန့်ပြည်သူတို့ တည်ထားကိုးကွယ်ကြရာ ဆင်းတုတော်ပေါင်းဘဏထောင်ကျော်ရှိပါသည်။

လေတိုက်လျှင် ထိုတောင်မှ စည်တော်သံများ ထွက်ပေါ်လာသဖြင့် စည်တော်တောင် Drum Mountain ဟု ခေါ်ကြပါသည်။ တောင်ပေါ်ရှိ စေတီတော်များအနီး၌ သုတ္တရဓမ္မသာလာရှိပါသည်။ ဓမ္မသာလာတွင် မြန်မာနိုင်ငံမှ ယူဆောင်လာသော သုတ္တန်ဒေသနာကျမ်းစာများကို ပူဇော်ရသည့်အပြင် ကျောက်ဖြူဖြင့် ထုလုပ်ထားသော ဆင်ရုပ်နှစ်ရုပ်ကိုလည်း တွေ့ရသည်။

ထိုသာသနာ့ဗိမာန်၌ စိတ်ဝင်စားဖွယ် အကောင်းဆုံး ဆင်းတုတော်မှာ ကျောက်စိမ်း လျောင်း လဲ ကိုယ် တော် ဖြစ်သည်။ ထိုဆင်းတုတော်ပုံသည် အလွန် လက်ရာမြောက်သော ပုံတော်ဖြစ်ပြီး ကျောက်စိမ်းဖြင့် ကြည်လင်ဝင်းပစွာ ထုလုပ်ထားလေသည်။



ပုချောင်ရှိကျောက်စိမ်းလျောင်းလဲ
ကိုယ်တော်

ထိုကျောက်စိမ်းသာလျောင်း ဆင်းတုတော်ကို ထောက်လျှင် တရုတ်လူမျိုးတို့၏ ဘာသာကြည်ညိုကိုင်းရှိုင်းမှုကို မှန်းဆနိုင် ပါသည်။

တရုတ်ပြည်သို့ ဗုဒ္ဓဘာသာရောက်ရှိလာပုံမှာ—

သာသနာသက္ကရာဇ် ၆၀၄-ခုနှစ်တွင် အိန္ဒိယပြည်မှသာသနာပြု ရောက်လာသော မဟာယနဂိုဏ်းဝင် ရဟန်းရှင်နှစ်ပါးသည် တရုတ် ကေရာဇ် ဘုရင်မင်းမြတ်ကို ဗုဒ္ဓ တရားတော်များ ဟောပြောညွှန်ပြကြ၏။ တရားတော်ကို ကြားနာရသော ဘုရင်သည် နှစ်ထောင်းအားရ ကြည်ညိုလှသဖြင့် ဆရာတော်နှစ်ပါးအား ကျောင်းဆောက် ကိုးကွယ်ခဲ့သည်။

ထိုကျောင်း၌ပင် ဘုန်းတော်ကြီးများသည် သင်္သကရိုက် ဘာသာဖြင့်ရှိသော သုတ္တံ ဒေသနာများကို တရုတ်ဘာသာသို့ပြန်ဆို လေသည်။

ထို့နောက် အိန္ဒိယနှင့် အာရှအလယ်ပိုင်းသား ဗုဒ္ဓဝါဒီ ဘုန်းတော်ကြီးများ တသုတ်ပြီးတသုတ် တရုတ်ပြည်သို့ ရောက်သွားကြသည်။ ဗုဒ္ဓတရားတော်များကို တရုတ်ဘာသာသို့ ပြန်ဆိုရာ ဟာန်မင်းဆက် ကုန်ဆုံးသောအခါ ဗုဒ္ဓသာသနာဆိုင်ရာ ကျမ်းစာအုပ်ပေါင်း (၃၅၀) ပြန်ဆို ပြီးစီးခဲ့သည်။ ဤသို့ဖြင့် သာသနာတော်သည် စတင်ပျံ့နှံ့သော်လည်း ခေါက်ရှာ ငှက်ပျံသကဲ့သို့ သာသနာပွင့်လင်းချိန်၊ မှေးမှိန်ချိန်တို့သည် သူ့ခေတ်နှင့်သူ ပြောင်းလဲ ကျော်လွန်လာခဲ့[illegible]သည်။ ရာ[illegible]ဌာန်း မင်းတို့ အပေါ်အမှီပြု၍ ပြောင်းလဲဖြစ်ပေါ်ခဲ့သည်။

သာသနာသက္ကရာဇ် ၉၀၀ ခန့်ကျသောအခါ သာသနာတော်သည် အထူးပျံ့နှံ့၍ တနိုင်ငံလုံး၏ ကိုးကွယ်သော အဓိကအယူဝါဒကြီး ဖြစ်လာခဲ့သည်ဟု သုတေသီများက ဆိုကြသည်။

သာသနာ သက္ကရာဇ် ၁၀၀၀ ခန့်တွင် တရုပ်ပြည်မြောက်ပိုင်း၌ သာသနာရေးဆိုင်ရာ အမဆောက် အအုံပေါင်း ၁၃၀၀၀ ကျော်ရှိ၍ သံဃာတော် တသိန်းခန့် ရှိသည်ဟု မှတ်တမ်းများ၌ တွေ့ရသည်ကို ထောက်လျှင် သာသနာတော်ထွန်းကားပုံကို သိမြင်နိုင်ပေသည်။

တရုတ်ပြည်မြောက်ပိုင်း ကန်ဆူးပြည်နယ်တွင် သာသနာ့ ဗိမာန်နှင့် ဆင်းတုတော်အမြောက်အများကို ယခုတိုင် တွေ့မြင်နိုင်ပါသည်။ သာသနာပြု ပုဂ္ဂိုလ်များသည် ပိုးကုန်သည်များ သွားလာကြသည့် ပိုးလမ်းမကြီး Silk Route အတိုင်းကြွမြန်းကြသဖြင့် ကန်ဆူးပြည်နယ် တန်ဟွမ်းမြို့အနီး ပတ်လည်တွင် ရှေးဟောင်း ဗုဒ္ဓယဉ်ကျေးမှုအဆောက်အဦးတို့ကို တွေ့ရှိနိုင်ခြင်း ဖြစ်သည်။

တရုတ်ပြည်နှင့် မြန်မာနိုင်ငံသည် ပုဂံခေတ်မတိုင်မီ ဟန်လင်း ခေတ်ကတည်းက ဆက်သွယ်မှုရှိခဲ့သည်။ ပုဂံအနော်ရထာမင်းလက်ထက် ရောက်သောအခါ တရုတ်ပြည်ရှိ ဗုဒ္ဓစွယ်တော်ကို သွားပင့်ရာ စွယ်တော်ပွားကိုသာရရှိခဲ့သည့် အကြောင်း တရုတ်ပြည်ကသာ သည်ဘွားထုံးသုံးချက်ဘားဆိုသောမြန်မာသူရဲကောင်း လေးဦး၏ အကြောင်း စသည့်ဘို့ကို စိတ်ဝင်စား ဖွယ်ဖတ်ရှု ကြားနာ ခဲ့ရပါသည်။

တရုတ်ပြေးမင်း လက်ထက်၌ မူဒိသာ ဗါမောက္ခဆရာတော် တရုတ်ပြည် ယူနန်နယ်သို့ သွားကာ တရုတ်တပ်များရုပ်သိမ်းရေး စကား ဆိုခဲ့သေးသည်။ အဆိုအမိန့်ကောင်းသောကြောင့် တရုတ်တပ်များ ရုပ်သိမ်း သွားကြသလေ။

ပုဂံခေတ်မှစ၍ ယခုခေတ်တိုင် အဆက်သွယ် မပြတ်သော တရုတ်ပြည်ကို ကျွန်တော့အနေဖြင့် ခင်မင်ရင်းနှီးမိသည့် အလျောက် တရုတ်ပြည် သာသနာဝင်နှင့် တရုတ်ဗုဒ္ဓဘာသာ၏ အခြေအနေကို အမြဲတစေ လေ့လာသုံးသပ် ခဲ့ပါသည်။

ဥက္ကဋ္ဌကြီး မော်စီတုံးကွယ်လွန်ပြီးနောက် တရုတ်ပြည်မှ ဗုဒ္ဓဘာသာဆိုင်ရာ သတင်းတရပ်ကို ဤသို့ ဖတ်ရှု ရပါသည်။

တရုတ်ပြည် အလယ်ပိုင်း၊ ဇီးချွမ်ပြည်နယ်၊ အိုမေတောင်ပေါ်တွင် သက်တော် ၇၅ နှစ်ရှိပြီဖြစ်သော ဆရာတော်ရှင်းဆိယံ ကြီးမှူးသော ကျောင်းတော်ကြီးရှိသည်။

ထိုဗုဒ္ဓတက္ကသိုလ်တွင် ဘုန်းကြီးနှင့် သီလရှင် (၅၉) ပါး သီတင်းသုံးလျက်ရှိရာ၊ သက်တော်အကြီးဆုံးဆရာတော်မှာ နှစ် (၉၀)ဖြစ်ပြီး၊ အငယ်ဆုံးဦးပဉ္ဇင်းမှာ(၄၉)နှစ်ဖြစ်သည်။

ထိုသာသနာ့ဗိမာန်တွင် အိုမေတောင် ဗုဒ္ဓဘာသာအသင်းကြီးက ဝေယျာဝစ္စပြု၍ ကျောင်းတွင်းကျောင်းပြင် သန့်ရှင်း

ရေး၊ ချက်ပြုတ်လှူဒါန်း ဆွမ်းကပ်ရေးများပြုလုပ်ကာ ကုသိုလ်ယူကြသည်။

ဆရာတော်နှင့် သီလရှင်တို့အတွက် ဆွမ်းကွမ်းစရိတ် ဟူသမျှကို အစိုးရကလှူဒါန်းသောကြောင့် အပြင်သို့ ဆွမ်းအလှူခံထွက်ရန်ပင် မလိုဘော့ပဲ ပရိယတ္တိစာပေကို သင်အံ ရွတ်ဖတ်ခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာ ပွားများခြင်းကို ပြုလုပ်နိုင်ကြပေသည်။

အိုမေတောင်ပေါ်၌ သက္ကရာဇ် ငါးရာစုမှ စ၍ တည်ထားကိုးကွယ်ခဲ့သော စေတီ၊ ဘုရား၊ ဂူကျောင်း၊ ဥမင်၊ ကမ္မဋ္ဌာန်းရိပ်သာများကို ပြုပြင်မွမ်းမံရေးအတွက် တရုတ်အစိုးရက ဒေါ်လာငွေ (၃၅၀၀၀၀)ကိုမကြာမီက လှူဒါန်းဆက်ကပ်ခဲ့သည်။

အိုမေတောင်ရှိးစေတီပုထိုးနှင့် ဆရာတော်တို့ထံသို့ ဘုရားဖူးပရိသတ်များ လာရောက်ဦးခိုက်လေ့ရှိသည်ဆိုသော သတင်းကို ကြားသိရသောအခါ ဒို့စစ်ကိုင်းတောင်ရိုးပေါ်ကကျောင်းကန်ဘုရားများနှင့် အလားတူပေစွဟု ထင်မြင် ရော်ဃမ်းမိပေ သည်။

* * * *

## နော်ရထာမင်းနှင့် စွယ်တော်မြတ်

[illegible]ရှင်ပြည်၌ မြတ်စွာဘုရား၏ စွယ်တော်၊ သွားတော်များရှိ သည် [illegible] ဆုတောင်မှတ်စု အစောင်စောင်တို့၌ ဖတ်ရှုရပါ သည်။

ထိုစွယ်တော်ကိုရလိုသော အရိမဒ္ဒန၊ ပုဂံပြည်ရှင် အနော်ရထာဘုရင်သည် စွယ်တော်ပင့်ရန် ဂန္ဓာလရာဇ် တရုတ်ပြည်သို့ ခရစ်သက္ကရာဇ် ၁၀၄၄-ခုနှစ်လောက်တွင် တပ်တော်တာ ဗိုလ်ထုနှင့် ချီတက်သွားရာ တရုတ်ဘုရင်ပိုင် နန်ချိုနိုင်ငံ တာလီမြို့၏ ဥတည်ဘွားဘုရင်နှင့်တွေ့၍ စွယ်တော်ကိုတောင်းခံသော်လည်း စွယ်တော်စစ်ကို မရပဲ စွယ်တော်ပွားကိုသာ ရရှိခဲ့သည်။ နန်းကျိုး၊ နန်းကျောက်ဟု အမျိုးမျိုးအသံထွက်သော နန်းချိုပြည်သည် ယခု ယူနန်နယ်တောင်ပိုင်း၊မြန်မာပိုင်ကချင်းတိုင်းနယ်၏ အရှေ့မြောက်ဖက်တွင်ရှိ၍ မြို့တော်မှာ ဒွေလီမြစ်ပေါ် ရှမူအာနိမာ ခေါ်ဆိုကြောင်းဖြင့် ရှေးရာဇဝင်မှတ်တမ်းများက ဆိုပါသည်။

## ဘုရားသွားတော်

တရုတ်ဗုဒ္ဓဘာသာဘုရင်များသည် ကိုယ့်နိုင်ငံရှိ ဗုဒ္ဓရုပ်ကြွင်းများကို အမြတ်တနိုး သိမ်းဆည်း ထားသည်နှင့်အမျှ တိုင်းတပါးရှိ ဗုဒ္ဓရုပ်ကြွင်းများကို မက်မောဘောင့်တကြသည်။

ခရစ်သက္ကရာဇ် - ၁၂၈၄ ခုနှစ်လောက်တွင် မောင်းဂွတ်ဘုရင်ကြီး ကူဗလခန်သည် အီတလီလူမျိုး ခရီးသည်ကြီးမာကိုပိုလိုအား အထူးသံ ကိုယ်စားလှယ် ခန့်ထား၍ သီဟိုဠ်ကျွန်းသို့ စေလွှတ်ခါ သီဟိုဠ်ဘုရင်အား ငွေအသပြာ လက်ဆောင်များပေး၍ ဗုဒ္ဓစွယ်တော်ကို ပင့်ယူစေရာ စွယ်တော်ကို မရပဲဘုရားသွား

တော်နှစ်ဆူ၊ သပိတ်တော်တလုံးနှင့် ဆံတော်များကိုသာ ရရှိခဲ့ကြောင်းဖြင့် မာကိုပိုလိုက မှတ်တမ်း တင်ထားခဲ့သည်ကို တွေ့ရသည်။

တရုတ်ပြည်ရောက် သွားတော်များနှင့် ပတ်သက်၍ အင်္ဂလိပ်ဘုန်းတော်ကြီးတပါးက - ၁၈၉၃ ခုနှစ်တွင် သူ၏ အတွေ့အကြုံကို ဤသို့ ရေးသားခဲ့သည်။ တရုတ်ပြည် ဗုဒ္ဓဘာသာခေါ် စာအုပ်၌ ရေးသား ခဲ့ခြင်းဖြစ်၏ ဘုန်းတော်ကြီး၏ အမည်မှာ ဂျိုးဇက် အက်ဒ်ကင်းစ် ဖြစ်သည်။ ယင်းဘုန်းတော်ကြီး ဖူးမြင်ရသော သွားတော်၏ တည်နေရာကို အသေအခြာ မသိရသော်လည်း၊ ဗုဒ္ဓရုပ်ကြွင်း ဖြစ်သည့် သွားတော်ကို ပီကင်းမြို့ အနောက်ဖက် ၁၀မိုင်ကွာ ဝက်စတန်ဟီးလ်ခေါ် ပစ္ဆိမတောင်တန်းရှိ စေတီတဆူ၌ ဌာပနာ ထားသည်ကို တွေ့ရလေသည်။ ဤအခန်းအစ၌ ဖေါ်ပြဝတ်ချခဲ့သော စေတီဖြစ်သည်။

ယို့သွားတော်ကို ပီကင်းမြို့ အတွင်းရှိ ကွမ်ချီးဆုကျောင်းတော်သို့ ပင့်ဆောင်လာခဲ့သည်။ ကျောင်းတိုက် အတွင်းရှိ ပိဋကတ်တိုက်ဟု ခေါ်ဆိုရမည့် နှစ်ထပ်တိုက်ခံ အဆောက်အဦးတခု၏ အထက်ထပ်တွင် ကိန်းဝပ် စံပယ်လျက်ရှိသောသွားတော်ကိုဖလ်ပေါင်းချောင် တခုအတွင်း၌ အောက်တွင် ထောက်ငယ်တခုံကာ အလျားလိုက် တင်ထား၍ အနီးကပ် ဖူးမြင်ခဲ့ပေရာ အသွယ်အသား အစနအထားနှင့် ပုံပန်းသဏ္ဌာန်ကို ချင့်တွက်ခန့်မှန်းနိုင်ရပေသည်။

သွားတော်သည် သာမန်လူ ပုဂ္ဂိုလ်တဦး၏ အံသွားနှင့် ဆင်တူ၍ အမြစ်မှာ သုံးချောင်းရှိပြီး၊ အရှည်အားဖြင့် ၂ လက်မခန့်ရှိသည်။ ဝါမောင်းမောင်း အဆင်းရှိ၍ ထိပ်ဝ၌ နီကွက် ညိုကွက်များကို တွေ့ရပေသည်။

ထိုသွားတော်ကို ထိုစဉ်က သံအမတ်ကြီး ဦးလှမောင် ဦးစွာ ဖူးမြင်ရပြီးနောက် သမ္မတကြီး ဦးဘဦးနှင့် ဝန်ကြီးချုပ်ဟောင်း ဦးနုတို့၏ လိုအင်ဆန္ဒအရ တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းက မြန်မာပြည်သို့ ခေတ္တပို့ပေးရန် သဘောတူခဲ့သည့် အတိုင်း ပို့ပေးခဲ့သည်။ မြန်မာပြည်သူတို့ ပူဇော်ကန်တော့ကြပြီးနောက် ကတိအတိုင်း တရုတ်ပြည်သို့ ပြန်ပို့လိုက်သည်။

ထို့ကြောင့်ပင် အိုမေးတောင်ရိုးစေတီဘုရားများကို လည်းကောင်း၊ ပီကင်းမြို့ နန်းဦးစေတီ၊ ရှန်ဟဲမြို့ ကျောက်စိမ်းဆင်းတုတော်၊ ဖူချောင်မြို့ ကျောက်စိမ်းသားလျောင်းဆင်းတုတော်နှင့် တာလီမြို့ မြတ်စွယ်တော်တို့ကို ရည်မှန်းကာ အဟံ မောင်လှိုင်ဝင်းခေါ် တပည့်တော်သည် ဥဒ္ဒါမိ ရှိသော မြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ ဘုရား။

## ဂျပန်နှင့် ဗုဒ္ဓဘာသာ

ကျွန်တော်တို့ မြန်မာနိုင်ငံတွင် မြတ်စွာဘုရား၏ မယ်တော် မဟာမာယာ၏ ရုပ်တု ဆင်းတုတော်ကို ဖူးတွေ့ဘို့ရာ ရှားမှရှား ဖြစ်ပါလိမ့်မည်။

ဉာဏ်တော်အမြင့် ၅ ပေ ဝန်းကျင်ရှိပြီး၊ အလေးချိန် ၂၅ဝ ကီလိုဂရမ်ရှိသည့် မယ်တော်မာယာ ဆင်းတုတော်ကို ဂျပန်နိုင်ငံ ကိုဘီသင်္ဘောဆိပ်ကမ်းမြို့ တင်ဂျိုဂျီဘုရားကျောင်း၌ ဖူးတွေ့နိုင် ပါသည်။

အဆိုပါရုပ်တုကို မာယာဟုအမည်ပေးထားပြီး၊ အိန္ဒိယ ပန်းတည်းပညာရှင် ရမ်ရာတပ်ဂျေမီနီ ထုလုပ်ထားသည်။ ထုလုပ် သော သက္ကရာဇ်ကိုမပြောနိုင်စေကာမူ၊ သက္ကရာဇ် ၁ဝဝ-ပြည့် နှစ်လောက်က ဂျပန်ရဟန်းတော်ကိုဘိုသည် တရုတ်ပြည်မှ ပင့် ဆောင်လာခဲ့သည်ဟု သိရသည်။

မာယာ ဆင်း တု နှင့် တင် ဂျို ဂျီ ဘုရား ကျောင်း တော် ကို ၁၉၇၆-ခုနှစ်က မီးလောင်သဖြင့် ကိုဘီမြို့နေ အိန္ဒိယနိုင်ငံသား ဗုဒ္ဓ ဘာသာဝင်တို့က ပြန်လည်မွမ်းမံ တည်ဆောက်ခဲ့ရာ၊ ၁၉၇၉-ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့တွင် အောင်မြင် ပြီးစီးခဲ့ပါ သည်။

ကျွန်ုပ်တို့သည် မယ်တော်မာယာကို မယ်တော်မိနတ်သား အနေဖြင့် ဂါရဝပြု ကိုင်းရှိုင်းခဲ့ပါသည်။ ဂျပန်ပြည်နှင့် အိန္ဒိယ ဗုဒ္ဓဘာသာဝင်အချို့ကမူ ထို့ထက်ပို၍ကြည်ညိုကိုးကွယ်ခဲ့ကြပါ သည်။ ခရစ်ယာန်ဘာသာတွင် မယ်တော်မာရီကို ကိုးကွယ်ကိုင်း ရှိုင်းကြသကဲ့သို့ မဟာမာယာဒေဝီကိုလည်း ကိုင်းရှိုင်းကြခြင်း ဖြစ်သည်။

ယခုဘလော ဂျပန်ပြည်၌ စေတီပုထိုး အမြောက် အမြား ဘည်ထား ကိုးကွယ်နေသည့်သတင်းကို အဆက်မပြတ် ကြားရပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိကြသောစစ်ပြန် ဂျပန်အမျိုးသားများနှင့် ပညာရှင် သူတော်စင်တို့က ကုသိုလ်ပြုကြခြင်းဖြစ်၏။ တနည်းအားဖြင့်ဆိုလျှင် မဟာယာနဂိုဏ်းအစဉ် အလာတွင် ဟိနာယာနဂိုဏ်းအသွင်များ ဝင်လာခြင်းဖြစ်သည်။

## သာသနာဝင်ပုံ

ဂျပန်ပြည်သို့ ဝင်လာသောဗုဒ္ဓသာသနာမှာ တရုတ်နိုင်ငံနှင့် ကိုရီးယား နိုင်ငံတို့မှ ပျံ့နှံ့လာသည့် သာသနာဖြစ်သည်။ ခရစ်သက္ကရာဇ် ၄ ရာစု၏ ဒုတိယပက္ခဘွင် ကိုးရီးယားမှတဆင့် ဂျပန် ကျွန်းစု အတွင်းသို့ ဗုဒ္ဓသာသနာ စတင် ဝင်ရောက်ခဲ့သည်။ သာသနာသက္ကရာဇ် ၇၉၆ ခုနှစ် ခရစ်သက္ကရာဇ်ခြောက်ရာစုနှစ်) လောက်တွင်ကိုရီးယားနိုင်ငံ ပိတ်ချေးပြည့်ရှင်က ပိဋကတ်တော် များကိုဂျပန်ဘုရင်ထံပို့၍ မဟာမိတ်ဖွဲ့ရာမှ စတင်ရောက်ရှိသည်ဟု ဆိုရပေမည်။ ပိတ်ချေး ပြည့်ရှင်သည် လက်ဆောင်များနှင့် အတူ သဘဏ်လွှာဘစောင် ပါ လိုက်သေးသည်။

ယင်းသဝဏ်လွှာတွင် ဗုဒ္ဓဘုရားဘော်၏ မှန်မြတ်ပုံ လိုက်နာ ကျင့်သုံးပါက အကျိုးရှိပုံတို့ကို ထည့်သွင်း ရေးသားလိုက်သည်။ ဧကရာဇ် ဘုရင်ကိုယ်တိုင်ကမူ ဗုဒ္ဓအယူဝါဒကို နှစ်သက်သော်

လည်း၊ အတိုင်ပင်ခံ အမတ်ကြီးများ၏ ဆန္ဒကို ယူနေခဲ့သဖြင့် ကြန့်ကြာခဲ့လေသည်။

ဗုဒ္ဓအယူဝါဒကို သက်ဝင် ကြည်ညိုထိုက်သည်ဟု ဆုံးဖြတ်သူတို့က တဖက်၊ မိရိုးဖလာ နတ်ကိုးကွယ်မှုကို မစွန့်ထိုက်ဟု ဆိုသူတို့က တဖက် အငြင်းပွားကြယင်းဖြင့် သာသနာ သက္ကရာဇ် ၁၁၃၁ ခုနှစ် ( ခရစ် သက္ကရာဇ် - ၁၆၅၀ ခန့် ) တွင် ပြည်တွင်းစစ်ဖြစ်ပွားရာ၊ အယူဝါဒ မပြောင်းလဲလိုသူ ရှင်တိုဂိုဏ်းဝင်တို့ အရေးရှုံးနိမ့်သည်တွင် ဂျပန်နိုင်ငံ၌ ဗုဒ္ဓသာသနာ စတင်ထွန်းပေါ်လာသည်။ အထူးသဖြင့် အထက်တန်း လွှာတို့တွင် ထွန်းကားခဲ့လေသည်။

ထို့နောက် ဆိုအိကောင်ဂေါ ကေရီ ဘုရင်မလက်ထက်တွင် ဂျပန်နိုင်ငံ၏ ကြီးပွားတိုးတက်ရေးကို များစွာ ခေါင်းရွက်သော ရှိုတိုကုတိုင်းရှိ မင်းသားကြီးသည် ဗုဒ္ဓအယူဝါဒကို အထူးကြည်ညိုသူပီပီ ဘုရား ကျောင်းကန်များ ဆောက်လုပ်ခြင်း ကျွတ်နိုင်ငံသို့ ဘုန်းတော်ကြီးများ စေလွှတ်၍ ဗုဒ္ဓအယူဝါဒ တိုးတက် ပြန့်ပွားရေးအတွက် လေ့လာခြင်းဖြင့် ဂျပန်နိုင်ငံ၌ သာသနာတော် ပြန့်ပွားအောင် ဆောင်ရွက်ပေသည်။ ရှိုတိုကု တိုင်းမင်းသားကား ဂျပန်နိုင်ငံ၏ သိဒ္ဓိမှာ သောကင်းဟု ခေါ်ဆို [illegible] ပုဒ္ဓ [illegible] ဥပဒေတော်ကို အထူး [illegible] မြင့် ခဲ့သော ပုဂ္ဂိုလ်ဖြစ်သည်။ ဂျိုင်းဘိုင်လည်း ဘုရားဟောပြော၍ အာသနာမပေါ်နှင့် ဆိုင်သောကျွန်း၌ အားပေးသည်။ ထိုခေတ်

တွင် သာသနာတော်သည် ဂျပန်နိုင်ငံ၌ နေလိုလလို ထွန်းလင်းခဲ့သည်

တရုတ်ကိုရီးယားစသော နိုင်ငံများမှ ရဟန်းများ တသုတ်ပြီးတသုတ် ရောက်ရှိလာကြယင်း၊ မင်းအဆက်ဆက် သာသနာတော်ကို ဆက်လက် ချီးမြှင့်ကြရာ၊ ဂျပန်နိုင်ငံ ဗုဒ္ဓသာသနာသည် အရှိန်ရလာသည်။

၁၂၇၃ - ခုနှစ်တွင် နာရာမြို့ကို နေပြည်တော်ပြု၍ စိုးစံသောရှောမူတင်နော မင်းလက်ထက် ဗုဒ္ဓသာသနာကို လွန်စွာချီးမြှောက်သည်။ နေပြည်တော်မှစ၍ နယ်အသီးသီး၌ ဘုန်းကြီးကျောင်းများ၊ သီလရှင်ဇရပ်များကို အမြောက်အများဆောက်လုပ် လှူဒါန်းသည်။ သာသနာပိုင် ဆရာတော်၏ကျောင်းကြီးကိုလည်း နာရာနေပြည်တော်၌ ဆောက်လုပ်၏။

ထိုကျောင်းတော်ကြီးတွင်ရှိသော နာရာဆင်းတုတော်ကြီးသည် ယခုတိုင် ကျော်ကြား ထင်ရှားလေသည်။

## ဘာသာနှင့် ယဉ်ကျေးမှု

ဗုဒ္ဓသာသနာနှင့်အတူ အိန္ဒိယနှင့် တရုတ် ယဉ်ကျေးမှု အနုပညာလက်ရာများသည် ဂျပန်ပြည်သို့ ရောက်ရှိလာကြရာ လျင်

မြန်သော အဟုန်ဖြင့် တိုးတက်နေသည့် ဂျပန် ယဉ်ကျေးမှုကို ကြွယ်ဝသွားစေလေသည်။

စေတီပုထိုး၊ ဂူကျောင်း၊ တန်ဆောင်းတို့ကို ဆောက်လုပ်သည်သာမက ဆင်းတုတော်၊ ရုပ်ပွားတော်များကိုလည်း ထုခြင်း၊ ဘွင်းခြင်း၊ သွန်းခြင်း စသည် ပြုလုပ်ကြရာ၊ အချို့သော ရုပ်ပွားတော်များမှာ အလွန်ကြီးမားလှချေသည်။

မေ့ရှဖူးပါလေ ဆိုသော ထိုင်ကိုယ်တော်ရုပ်ပွား အများအပြားကိုလည်း တည်ထားကြသည်။ မြေစေးဖြင့် ပြုလုပ်ထားသော ဆင်းတု၊ သစ်သားကိုထုလုပ်သောဆင်းတု၊ ကြေးဆင်းတု စသည်ဖြင့် ကုသိုလ်ပြုကြသောအခါ အနုပညာ၊ စက်မှု သိပ္ပံပညာများပါ တိုးတက်၍ လာချေသည်။

ဗုဒ္ဓဘာသာ မရောက်မီက ဂျပန်လူမျိုးတို့သည် သင်္သား ဘဲအိမ်ငယ်များကိုသာ ဆောက်လုပ် နေထိုင်ကြရာမှ သာသနာဝင် ကျောင်းသင်္ခမ်းများကို သစ်လွင်သောပုံစံများနှင့် အမြင့်ဆုံးဆောက်သည့် အဆင့်သို့ တိုးတက်လာလေသည်။ ဤသည်မှာ ဗုဒ္ဓဘာသာသနာ၏ လက်ငင်းနှင့် လက်တွေ့အကျိုးစီးပွား ဖြစ်ပေသည်။

ဗုဒ္ဓဘာသာသနာ ရဟန်း သံဃာတို့၏ ကျုံးကမ်း ဓမ္မတာ လောကုတ္တရာ ယဉ်ကျေးမှုကိုသာမက လောကီယဉ်ကျေးမှုကိုပါ ဖြန့်ချိ

ဝေငှကြသောအခါ သံဃာရာမဝိဟာရ ခေါ် ဘုန်းတော်ကြီး များ၏ ကျောင်းတို့သည် ပညာရပ်တို့ သင်ကြားပို့ချရာဌာန ဖြစ်လာခဲ့ကြ၏။ ဂျပန်စာပေ ထွန်းကားလာပေသည်။

ဂျပန်တို့သည် အလှအပ တင့်တယ်မှုကို ကြည့်ရှုနှစ်သက်တတ်သော လူမျိုးများဖြစ်ကြ၍ ဘုရား၊ တန်ဆောင်း၊ ဝတ်ကျောင်း စေတီအလီလီကို လှပဆန်းကျယ်စွာ တည်ဆောက်ကြရာ၊ နစ်ကိုနှင့်နာရာ မြို့ပတ်ဝန်းကျင်ရှိ သာသနာ့ဗိမာန်များမှာ အထူး အံ့ချီးဖွယ်ဖြစ်သည်။

ကမာကူရာမြို့ရှိ ညာဏ်တော် (၄၉) ပေ၊ (၇) လက်မရှိသော ကြေးသွန်းရုပ်ပွားတော်ကြီးသည် ဂျပန်လူမျိုးတို့၏ကျွမ်းကျင်မှု ပညာကိုသာမက စိတ်စေတနာကိုပါ သရုပ်ဖော်နေသည်။



ကမာကူရာကြေးသွန်းရုပ်ပွားတော်

ကမာကူရာမြို့တွင်ရှိသော ဘုံတော်ရတင်ပလ္လင်ခွေ ကြေးဆင်းတုဘုရားကြီးသည် သက္ကရာဇ် ၁၂၅၂ ခုနှစ်တွင် သွန်းလုပ်

အောင်မြင်လေသည်။ ၎င်းကိုယ်တော်ကြီး၊သည် မြင်းခေါင်းတော်တဖက်မှ တဖက်သို့ အသျှား ၃၅ ပေ၊ ၈ လက်မသာသာ၊ လက်မတော်လုံးပတ် ၃ ပေတိတိရှိလေသည်။

ဒိုင်ဗုစုဘုရားကြီးထက်ပို၍ ကြီးမားသော ရုပ်ပွားတော်မှာ တိုကျိုပြင်လယ်ကွေ့၏ သဘာ၁၁ကျော်ကျောက်စွန်းကို ထွင်းထုထား၊သော ဆင်းတုတော်ဖြစ်သည်။ အမြင့်ပေ ၉၅ ပေခန့်မြင့်သောနေပူခံ ကိုယ်တော်ကြီးဖြစ်လေသည်။

အထက်တွင် ဖော်ပြခဲ့သော ပေ ၉၀ ကျော် ဆင်းတု ရုပ်ပွားတော်ကို စံချိန်ချိုးမည့် ရုပ်ပွားတော်တဆူ၏ သတင်းကို ၈၁ ခုနှစ်၏ နှစ်ဆုံးရက်၌ ကြားသိရသည်။

၃၅ မီတာ သို့မဟုတ် ပေ ၁၁၀ ကျော်မြင့်မည့် ထက်ဝယ်ဖွဲ့ခွေ၊ ပလ္လင် ဗွေထက်၊ ထိုင်စံလျက်ရှိသော ရုပ် တု တော်ဖြစ်ပါ၏။

အရှေ့တောင် အာရှမှာဖြင့် အမြင့်ဆုံးဖြစ်သော ဗုဒ္ဓရုပ်ပွားတော်ဖြစ်လိမ့်မည်ဟု ဆိုပါသည်။

တရုတ်ပြည်တောင်ဘက် ဟောင်ကောင် သင်္ဘောဆိပ်မြို့၏ ကမ်းလွန်ဒေသတွင်ရှိသောကျွန်းများအနက် အကြီးဆုံး ကျွန်း ဖြစ်သော လန်တော၌၊ ပိုလင်ဘုန်းကြီးကျောင်း ရှိလေသည်။ ထိုကျောင်း တည်ဆောက်ခဲ့သည့် ကျောင်းသက်မှာ နှစ် ၁၀၀ ကျော်ခဲ့ပေပြီ။

ထိုပိုလင်ကျောင်း အနီးတွင် တောင်ကုန်း တခုရှိ၏။ ထို ကျောက်တောင်၌ အဆိုပါ ဗုဒ္ဓရုပ်ပွားတော်ကို ထုလုပ်ကိုးကွယ် မည်ဟု ဟောင်ကောင်ရှိ ဗုဒ္ဓဘာသာဝင် တရုတ်လူမျိုးနှင့် လူမျိုး ပေါင်းစုံက စီမံကြိုးပမ်းလျက်ရှိသည်။

ဤကျောက်ဆင်းတု ကိုယ်တော်အောက်၌ တရုတ်ပုံစံ ပလ္လင် သုံးဆင့်ရှိမည်ဖြစ်၍ ပလ္လင်၏ပတ်ဝန်းကျင်၌ ပန်းဥယျာဉ်တခုကို ပြုစု ဖန်တည်း ထားလိမ့်မည်။

ထိုပိုလင် သာသနာ့ ဗိမာန် တည်ဆောက်ရေးတွင် ဟောင် ကောင်ဒေါ်လာ သန်း - ၂၀ ကုန်မည်ဟု သတ်မှတ်ထားသည်။ ဒီဇင်ဘာလ – ၂၉ ရက်နေ့က ထိုသာသနာ့ ဗိမာန်နေရာကို မြေညှိကြရာ၊ မြေညှိသည့် အခမ်းအနားသို့ အီယန်မက်ဖါဆင် အမည်ရှိသော အစိုးရအရာရှိ အပါအဝင် မြို့မြို့ဖ အများ အပြား တက်ရောက်ကြသည်။

ထို[illegible] ကျောက်ဖြူ ဆင်းတုတော်ကြီးကို [illegible] [illegible] သူရိယနေ့စဉ် [illegible] ထွက်

ပြုရာ ပူရတ္တိမာယ ဒိသာရ အရှေ့မျက်နှာသို့ ဦးတည်ကန်တော့လျှင် ကျိုက်ထီးရိုး စေတီကို မျက်ဝါးထင်ထင် မြင်မိပါသည်။

### အထောက်အကိုးစာရင်း


(၁) အင်အေဘီ ပြည်ပသတင်းလွှာ၊ ၃၊၉၊၇၉ ၁/၉

(၂) နှင့် (၄) ဦးလှဖေဝင်းနှင့် ဦးဘညွန့်ရေး အရှေ့ဖျားသမိုင်း အကျဉ်းချုပ်စာ ၃၅ နှင့် ၃၆

(၃) စွယ်စုံကျမ်းအတွဲ ၈ စာ ၁၆၅



ကျိုက်ထီးရိုးစေတီ



ကျိုက်ထီးရိုး စေတီ၊ နာမည်ကျော်ကြား မြတ်ဘုရားကို နှမော၊ နမာမိ ရှိခိုး ကန်တော့ပါ၏။

"ကျိုက်ထီးရိုးသုံးခါတက်ယင် သူဌေးဖြစ်သတဲ့" ဟု အချို့ ကယူဆကြပါသည်။ အထူးသဖြင့် တရုတ်လူမျိုးနှင့် တရုတ်နွယ် ဖွားတို့က ယုံကြည်ပါသည်။

ကမ္ဘာကျော်သော ကျိုက်ထီးရိုး ဘုရားစေတီကို သာပင်မိမိ ကြည်ညိုနိုင်ရန် စေတီ၏ သမိုင်း ထုပ္ပတ်ကို လေ့ လာ ကြ ပါမည်။

သုဝဏ္ဏဘုမ္မိ၊ သထုံပြည်ဟု ရှေးက ခေါ်တွင်ခဲ့သော နယ်မြေဒေသရှိ ကျိုက်ထိုမြို့နယ်တွင် တည်ရှိပါသည်။

သုံးလောက တန်ဆောင်၊ ငါးမာရ်အောင် အရှင်ဂေါတမ မြတ်စွာဘုရား သခင်သည် သထုံပြည်သို့ ဒေသစာရီကြွစဉ် အခါ ကာလ၌ ဂဏ္ဍိရိတောင်ဇင်း ကျိုက်အောက်၌ သီတင်းသုံးနေသော တိဿကု မာရရှင်ရသေ့ အား ဆံတော်မြတ်တဆူ ပေးသနားရာ ဇင်းကျိုက်တောင် ထိပ်ဖျား၌ စေတီတဆူတည်၍ ဆံတော်မြတ်ကို ဌာပနာပြု၏။

ဗန္ဓုဂိရိတော ဖွဲ့ကပင်တောင်နေ ညီတော် သီဟကုမာရရှင် ရသေ့ကလည်း၊ မိမိ ရရှိထားသော ဆံတော်ခုတ်မြတ် တဆူကို

သက္ကရာဇ် - ၁၁၃ ခုနှစ်၌ ဇွဲကပင်တောင်ထိပ်တွင် စေတီတည်၍ ဌာပနာခဲ့၏။

တခါန်သည်းမှာဖင် အနီးရှိ မောရဂီရိတောင်၊ ဒိုးကုသိနာရုံတောင်၊ ဒိုးခလွန်တောင်သုံးလုံး၌ အသီးသီး သိတင်းသုံးနေကြသော ရသေ့သုံးပါး တို့သည်လည်း ဆံတော်များကို ရရှိထားကြသည်။

ထိုသုံးပါးအနက် အသက်ရှည်ဆုံး ဖြစ်သော ဗုဒ္ဓဉာဏရှင်ရသေ့သည် အပေါင်းအဖော် ဖြစ်သော ရသေ့နှစ်ပါးထံမှ ဆံတော်များကို လက်ခံရရှိ ထားပြီးနောက် ဘဝပြောင်းချိန်ရောက်သော် သိကြားမင်းက စေတီတည်ပြီး ဌာပနာထားရန် ရသေ့ဆရာအား လျှောက်ထားလေလျှင် ငါ၏ ဦးခေါင်းနှင့်တူသော ကျောက်တုံးပေါ်၌ ဝည်ထားပါလေဟု ဗုဒ္ဓဉာဏရသေ့က ပြော၏။

သိကြားမင်းသည် မိမိ၏တန်ခိုး ဣဒ္ဓိပါတ်ဖြင့် ရသေ့၏ဦးခေါင်းပုံသဏ္ဍာန်ရှိသော ကျောက်တုံးကြီးတလုံးကို ဖန်တည်းလိုက်သည်။ သို့ဖန်တည်းရာ၌ အောက်ခံကျောက်စွန်းနှင့်အပေါ်ဖကျောက်လုံးကြီးကို ကြက်မွတဝပ်ခန့်ခြား ခွါ၍ ပန်းဆိုင်းဆွဲထားသကဲ့သို့ ထားလိုက်သည်ဟုဆိုသည်။ ထိုကျောက်လုံးထက်ရှိစေတီတော်၌ ဆံတော်, ခေတ်မြှတ်တဆူကို ဌာပနာလိုက်သည်။

ကျန်နှစ်ဆူကိုမူ ကေလာသတောင်နှင့် ဗိုးခလွန်တောင်တို့၌ စေတီတည် ဌာပနာစေသည်ဟု ဆိုသည်။

ယခင်က ကြက်မ,တဝပ်စာလွတ်သည်ဟု မှတ်တမ်း၌ လာရှိသည်။ နောင်တွင် ကျောက်လုံးနှင့် ကျောက်စွန်းတို့ တဖြည်းဖြည်းနီးကပ်လာရာ ယခုအခါမှာတော့၊ ချည်မျှင်ကြိုးစဖြင့် ဆွဲသော်–အထက်အောက်မထိလွတ်သေး၏ဟုဆိုသည်။ မျက်မြင်မှာ ထိနေ၏။ သို့သော်ငြားလည်း ထိုကျောက်လုံးကို တွန်း၍ကြည့်က လှုပ်နေ၏။ မှောက်၍ထားသော လင်ပန်းစွန်း ပေါ်ဝယ် ဘောလုံးတင်ထားသည်နှင့် တူ၍ လိမ့်ကျသွားစရာကောင်း၏။ ဗုဒ္ဓ၏ အနန္တဘုန်းဂုဏ်ကို ဤတည်နေပုံက အထင်အရှားပြနေပါသတည်း။

ဘွဲ့တော်မှာ ကျိုက်ဣသိရိုး ဟူ၍ မွန်ဘာသာဖြင့်ခေါ်ဝေါ်ကြ၍ မြန်မာလိုပြန်သော်–

ကျိုက်ကား ဘုရား

ဣသိကား ရသေ့

ရိုးကား ရွက်ထားသည်

ထိုစကားသုံးလုံးကို ပေါင်းစပ်သော် ရသေ့ရွက်ထားသော ဘုရား ဟု ဆိုသတဲ့။

ယခု ကာလရွှေ့လျော၍ ကျိုက်ထီးရိုးဘုရားစေတီဟု ခေါ်တွင်သပ။

ကျိုက်ထီးရိုးဘုရားမှ ရွှေသို့ မြော်လျှင် မော်လမြိုင်မြို့မှ ဗုဒ္ဓ၏ဗျာဒိတ်တော်ရ ကျိုက်သန်လံစေတီတော်ကို စိတ်အာရုံဖြင့် ဖူးမြော်ပြီးနောက် ထူးခြားသော ဒုတိယမဟာမြတ်မုနိ မြတ်စွာကို ကြည်ညိုမိပါသည်။

## မော်လမြိုင်မြို့ ဒုတိယ
## မဟာမြတ်မုနိဘုရားကြီး

ကျိုက်သန်လံတောင်ကုန်းတော်တွင် ၁၂၆၆-ခုနှစ် ကဆုန်လဆန်း(၁၄)ရက်နေ့(ခရစ်သက္ကရာဇ် ၁၉၀၄)၌ ဒုတိယမဟာမြတ်မုနိဘုရားကြီးရုပ်ပွားကို ဘုရားအမ ဒေါ်ရွှေပွင့် စတင်၍ ပြည်သူတကာ ဝိုင်းဝန်းသွန်းလုပ် လှူဒါန်းကြသည်

ပထမ မဟာမြတ်မုနိဘုရားကြီး ရှဲရှင်တော်မြတ်ကြီးမှ မြူဆင်းမတိမ်း၊ မယိမ်းထပ်တူ၊ ကူးယူရရှိခဲ့သော ပုံစံအရ၊ မော်လမြိုင်မြို့တွင် ဆရာတော်၊ သံဃာတော်၊ မြို့သူမြို့သား အပေါင်းတို့ သွန်းလုပ်ကြသည်။

ရွှေသား ဒင်္ဂါးအချိန် ၁၀၄၃ ကျပ် ၁၂ ပဲ။ ငွေသား ဒင်္ဂါးအချိန် ၆၂၀၄ ကျပ်သား ၇ ပဲ။ မိုးကြိုး ဒင်္ဂါး ၃၅

ကျပ်သားတို့ဖြင့် သွန်းလုပ် အောင်မြင် ပြီးစီးသောအခါ မော်လမြိုင်မြို့ရှိ ဂါနာပတိခေါ် မန်ဒရာစီကလယ်လူမျိုးသူဌေးကြီးက မီးကုတ် တွင်းထွက် ပတ္တမြား အစစ် ၂၃ ရတီရှိသော နဖူးသင်း ကျစ်တော်ကို ကပ်မြှုပ်ပူဇော်ပေသည်။ ပတ္တမြားမှာ ထိုခေတ် တန်ဖိုးဖြင့် ၁၂၀၀၀ ကျပ်တန်သဖြင့် ယခုနှစ်တန်ဖိုးဖြင့်မူ သန်းကျော်ပါလိမ့်မည်။

ဤ ဒုတိယ မဟာမြတ်မုနိဘုရား စေတီတော်မှာ ဘုရင်မင်းမပါ၊ အရပ်သူအရပ်သား ဥပသကာ၊ ဥပသကာမတို့၏ ကုသိုလ်တော်ပါတည်း။

အထောက်အကိုးစာတမ်း

(၁) အင် အေ ဘီ ၃၀၊ ၁၂၊ ၈၁ ၃/၁၂

(၂) ဘုရားသမိုင်းညွှန့်ပေါင်းစုံကျမ်း၊ စာ ၄၂၀၊ ၄၂၁



## ယိုးဒယားမှ မြဘုရား

ထိုင်းလင့် သို့မဟုတ် ထိုင်းနိုင်ငံခေါ် ယိုးဒယား ပြည်၏ မြို့တော်ဖြစ်သော ဗန်ကောက်မြို့မှ မြဘုရားအကြောင်းကိုသမိုင်း စာအုပ်များ၊ သတင်းစာ၊ ဂျာနယ် မဂ္ဂဇင်းများ၌ မကြာခဏ ဖတ်ရှုရပါသည်၊ စိတ်ဝင်စားမိပါသည်။

၁၉၇၉ ခုနှစ်လောက်က ဂျပန်ပြည်သို့ အလည် အပတ် သွားရောက်သော စာပေဗိမာန် အယ်ဒီတာ ဒေါ်အုန်းကြည်၏ ခရီးသွားမှတ်တမ်းပါ မြဘုရား အကြောင်းကို တွေ့ရှိရသော အခါ ဘဝင်ခိုက်အောင် နှစ်ချိုက်ကြည်ညိုမိပါသည်။ ဒေါ် အုန်းကြည် ထံသို့လည်း ကိုယ် တိုင် သွား ရောက် စုံ စမ်း မိ ပါ သည်။

ပူရတ္တိမာ ရှေ့ဒီသာမှ လက်ယာသို့ ၄၅ ဒီဂရီ လှည့်လိုက် သောအခါ အင်္ဂါထောင့်ဘက်သို့ မျက်နှာမူလျက် ဘုရားရှိခိုး ဆု၊ အဆိုပါ မြဘုရားပုံတော်ကို ထင်ထင်ရှားရှား အာရုံဝင်ပြီး ကသိုဏ်းတင်မိပါသည်။

မြဆင်းတုတော်ဟု ဆိုသော်လည်း မြ သား သက် သက် မဟုတ်ဖဲ၊ အပြစ်အနာကင်းသည့် ကျောက်စိမ်းတုံးကို ထုလုပ် ထားသော ရုပ်ပွားတော်ဖြစ်ပါသည်။ ဥာဏ်တော် နှစ်ပေ ခန့်ရှိ၏။

အမြင့် ၃၄ ပေ ၃ လက်မခန့်ရှိသော ရွှေပလ္လင်ထက်၌ ရုပ် ပွားတော်ကို ထားရှိသောကြောင့် မော့၍ ဖူးရပါသည်။

လပြည့်၊ လကွယ် နေ့များတွင် ဇမ္ဗူ့ ပ တိ မင်း ချွတ်ကော်း မကိုဋ်တန်ဆာဆင်သည့်အတိုင်း ပုံတော်ဆင်ထားပြီး၊ ရုပ်ပွား တော်ကို အဖိုးတန်ကျောက်မျက်ရတနာတို့ဖြင့် မွန်းမံထားသော

ရွှေသင်္ကန်းဖြင့် တန်ဆောင်လျှင် သုံးကြိမ် ပြောင်းလဲ ဆင်ယင်ပေးပါသည်။

ဖန်၊ မှန်၊ ရွှေ၊ ငွေ၊ ကြေးနီ၊ ကြေးဝါ မွမ်းမံ စီချယ်ပြီး အားလိန်ငါးဆင့်၊ စိန်ထောင်ဒုရင်၊ မှန်ကင်း၊ မန်းညွန့်၊ အန့်လက်ရာပြောင်မြောက်စွာသော ''ဝတ်ဖရာ့ကဲ'' တန်ဆောင်းတွင် စံပယ်လျက်ရှိသည်။ ဝတ်ဖရာ့ကဲတန်ဆောင်းသည် နန်းမြို့တွင်း၌ ရှိသည်။

မြဘုရားနှင့် စပ်လျဉ်း၍ ''ယိုးဒယားပြည်နှင့် ယိုးဒယားလူမျိုး'' အမည် ရှိသော စာအုပ်၌ မဟာ မောင်း ဂွတ် ဘုရင် က အင်္ဂလိပ်ဘာသာဖြင့် အောက်ပါအတိုင်း ရေးသားထားခဲ့၏။

ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးသည့်နောက် ၁၉၄၉ ခုနှစ်အကြာ ( ခရစ်နှစ် ၁၄၀၀–ကျော် ) တွင် ဇင်းမယ်ပြည် ဇင်းရယ်မြို့ရှိ စေတီကိုမိုးကြိုးရော စေတီအတွင်းမှ ရုပ်ပွားတဆူ တွေ့ရှိလေသည်။

သို့သော်-ထိုရုပ်ပွားမှာ အစိမ်းရောင်ကျောက်ဖြင့် ပြုလုပ်ထားသည်ဟု မထင်ပဲ ရိုးရိုးကျောက်ဖြင့်သာ ထုလုပ်ထားသည်ဟု ထင်မှတ်ခဲ့ကြလေသည်။

သို့နှင့် ဘုရားတန်ဆောင်းအတွင်းသို့ ပြောင်းရွှေ့ ထားရှိ

သုံးလခန့်ကြာသောအခါ၌ ရုပ်ပွားတော်၏ အလှသာများ ကွာကျ၍ ကာ ကျောက်အစိမ်းသားများ ပေါ်လာလေသည်။ ဤတွင် ကျောက်စိမ်းဖြင့် ထုလုပ်ထားသော ရုပ်တုဖြစ်ကြောင်းသိကြ၍ ဇင်းမယ်ပြည်၏ မြို့တော်ဖြစ်သည့် လန်းပန်းမြို့သို့ ပင့်ဆောင်သွားကြသည်။ ထိုမြို့၌ ၃၂–နှစ်စံနေတော်မူခဲ့သည်။

သာသနာ သက္ကရာဇ် ၂၀၁၁ (ခရစ်နှစ် ၁၄၆၈) တွင် မြို့တော်အသစ်ဖြစ်သော ဇင်းမယ်မြို့သို့ပင့်ဆောင်ခဲ့ရာ ထိုမြို့တွင် (၈၄) နှစ်စံတော်မူပြီး၊ သာသနာသက္ကရာဇ် ၂၀၉၅- ခုနှစ် (ခရစ်နှစ် ၁၅၅၂) တွင် လောပြည်(သို့မဟုတ်လာအို)ပြည်သား တို့က လောမြို့ (ခေါ်) လွမ်ပရဘန်းမြို့သို့ ပင့်ဆောင်သွားပြန်သည်။

လောမြို့၌ ၁၂ နှစ်၊ စိန်ချန် (ဗီယင်ကျန်း) မြို့တွင် ၂၁၅ နှစ်၊ ထိုင်းနိုင်ငံ ထုံပူရီမြို့၌ ၃ နှစ်ခန့် ရွှေ့ပြောင်းစံနေပြီးနောက် သာသနာသက္ကရာဇ် ၂၃၂၅–ခုနှစ် (ခရစ်နှစ် ၁၇၇၈) တွင် ဘန်ကောက်မြို့တော်သို့ ဘုရင် ဘုရားတတ်ဆင်ပင့်ဆောင် ကိုးကွယ်ကာ နန်းတော်အနီး ယခုလက်ရှိတန်ဆောင်း၌ ထားရှိ ကိုးကွယ်လေသည်။

ဤသည်ကား ဘုရင်မှတ်တမ်းအရ သိရှိရသော မြတ်ရုပ်ရာဇ သမိုင်းဖြစ်၏။

ဒဏ္ဍာရီသမိုင်း စကားအရ မြဘုရားသည် သိကြားမင်း၏ အိန္ဒိယပြည်မှ ဘုရင်နောင် သေနသို့ ဆက်သခဲ့သော ရုပ်တုဖြစ်သည်ဟု ဆိုပါသည်။

ကမ္ဘောဒ်သမိုင်း ပညာရှင်တို့ကမူ အိန္ဒိယပြည် အနောက်မြောက်ဖက်ရှိ ခေါမပြည်(ဂရိ) မှ ခေါမ(ဂရိ) တိုင်းသားတို့၏ လက်ရာဟု အကဲခတ်ကြသည်။ မြဘုရားကို ထုလုပ်ရာ ကျောက်သားမှာဂရိပြည်မှ မဝေးကွာလှသော ကော့ကေးဆပ် တောင်တန်းနေရာ အများအပြား၌ တွေ့နိုင်သော ကျောက်သားမျိုးဖြစ်ပေသည်။

ထို့ကြောင့် မြဘုရားသည် အိန္ဒိယမှသီဟိုဠ်၊ သီဟိုဠ်မှ မြန်မာပြည်၊ ထိုမှ ယိုးဒယားပြည် မြောက်ပိုင်းရှိ ဇင်းရယ်မြို့၊ ထို့နောက် လွမ်ပရာအန်းမြို့ ထိုမှဘဖန် ဇင်းမယ်သို့ရောက်ခဲ့ဟန်တူ၏။ ထန်ခိုးကြီးလှသော မြဘုရားသည် တန်ဆောင်း တခုပြီးတခု ရွှေ့ပြောင်းစံရာမှ ဘန်ကောက်မြို့ နန်းတော်တွင်းရှိ 'ဝတ်ဖရာ့ကဲ' တန်ဆောင်းသို့ရောက်ရှိ စံပယ်ခြင်းဖြစ်မည်ဟု လေ့လာတင်ပြကြသည်။

ဘုရင့်နန်းတော်၏ တဖက်ကမ်းတွင် ရှိသော 'ဝတ်အရုဏ်' စေတီတော်မှာလည်း ခမ်းနားသပ်ပယ် တင့်တယ်လှပါ၏။ စေတီ၏အမြင့်ဆုံးစိန်ဖူးတော်သည် ပေ ၂၅၀ မြင့်လေသည်။ စေတီအုတ်ရိုးတွင် ကြွေထည်အပိုင်းအစများဖြင့် လှပစွာ မွန်းမံချယ်လှယ်ထားလေသည်။

ကျောင်းကန်ဘုရား၊ ရုပ်ဆင်းတုများအပြင် ဝါဝါသကန်နှင့် ဆင်မြန်းကြသော သံဃာတော်များဖြင့် တင့်တယ်လှသော ယိုးဒယားပြည်တွင် ဗုဒ္ဓဘာသာသည် နိုင်ငံတော်ဘာသာဖြစ်၏။ ဘုရင်သည် သာသနာ့ဒါယကာ ဟူသော ဘွဲ့ကိုခံယူပါသည်။ သို့ရာတွင် ဘာသာအားလုံး လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုသည့် နိုင်ငံဖြစ်၏။

ယိုးဒယားသာသနာဝင်မှာ ဤသို့ဖြစ်၏။ ခရစ်နှစ်ငါးရာနှင့် ခြောက်ရာအကြားတွင် ယိုးဒယားသို့ ဗုဒ္ဓဘာသာစတင်ရောက်ရှိလာ၏။ ထိုဗုဒ္ဓဘာသာမှာ မဟာယာနဂိုဏ်း သာသနာဖြစ်ပေသည်။

သို့ရာတွင် ယခု လက်ခံကျင့်သုံးနေကြသော ဗုဒ္ဓဘာသာမှာ တောင်ပိုင်းဗုဒ္ဓဘာသာ (ထေရဝါဒ) ဖြစ်လေသည်။ ပိဋကတ်တော်မှာလည်း သီဟိုဠ်၊ မြန်မာ၊ ကမ္ဘောဒီးယားနိုင်ငံတို့တွင် ရှိသော ပိဋကတ်တော်များနှင့် ထပ်တူပင် ဖြစ်၏။

ပိဋကတ်တော်သည် ခရစ်နှစ် ၁၁၀၀-အတွင်း၌ သီဟိုဠ်ပြည်မှ ယိုးဒယားသို့ရောက်ခဲ့သည်။ ၁၄၇၇-ခုနှစ်တွင် ဇင်းမယ်ဘုရင် သီရိဓမ္မသကျ၀တီတိလောကရာဇာသည် ရဟန်းအပါး တရာ[illegible]ဖိတ်ပြီးနောက် ပိဋကတ်သုံး[illegible] ညှိနှိုင်းရ တောင်းပန်ခဲ့လေသည်။

ပထမ ရာမ ဘုရင်၏ လက်ထက် ၁၇၀၈-ခုနှစ် တွင်လည်း သံဃာတော် ၂၁၈-ပါး၊ လူပညာရှိ ၁၂-ဦးတို့ဖြင့် ပိဋကတ် အောက်ကို တဖန်ပြန်သည် ညှိနှိုင်း ရေးသားခဲ့ကြသေးသည်။ ယခု အခါ ထိုင်းလင်း ခေါ် ယိုးဒယားတွင် သမထ ဝိပဿနာ ပြန့်ပွား စည်ပင်လျက်ရှိရာ၊ မဟာစည်ဆရာတော်ကြီး၏ ဩဝါဒခံ ဆရာတော်များသည် ချန်ဘူရီ၊ လန်းပန်း၊ ဇင်းမယ် စသော မြို့ကြီး မြို့ငယ်များတွင် တရားပြ သာသနာပြုလျက် ရှိကြသည်။ အဆိုပါ ဆရာတော် သံဃာတော်တို့နှင့်တကွ သာသနာပွင့်လင်းသည့် ထိုင်းဒေသ ဘန်ကောက်မြို့တော်ရှိ မြဘုရား စသည်တို့ကို အကျွန်ုပ် ကော်ရော်ညွတ်ပြောင်း၊ ဆယ်ချောင်းပဒုံ၊ ထိငါးစုံ ဖြင့် ကြည်ယုံစေတနာ ရှိခိုးပါ၏။

## အထောက်အကိုးများ

(၁) သန်းဆွေရေး (စာပေဗိမာန်တိုက်ထုတ် ထိုင်းနိုင်ငံ)၊

(၂) ဘုရားသမိုင်းညွှန်ပေါင်းစုံကျမ်း၊

(၃) ဟောလိရေး (အရှေ့တောင်အာရှသမိုင်း)၊

(၄) စာပေဗိမာန် ဒေါ်အုန်းကြည်ရေး (ဂျပန်သွားဆောင်းပါး)။

## အရှေ့တောင်အာရှနိုင်ငံများ

မဟာယာန ဗုဒ္ဓ သာသနာသည် အိန္ဒိယ နိုင်ငံ မြောက် ပိုင်၊ မှ တိဗက်၊ တရုတ်၊ ကိုရီးယား၊ ဂျပန် စသည်တို့ကိုလည်းကောင်း၊ အရှေ့အိန္ဒိယကျွန်းစု၊ သိဿပုမှ (ယခု စကာပူမြို့၊)ထိုမှ ဆူမားတရားကျွန်း၊ သီရိဝိဇယနိုင်ငံ၊ ဂျာဗားကျွန်း၊ ကမ္ဘောဒီးယား နိုင်ငံ စသည်တို့သို့ လည်းကောင်း ကုန်းကြောင်း ခရီး အဆက် အသွယ်များ၊ ရေကြောင်းခရီး အဆက်အသွယ်များတို့ဖြင့်ပျံ့နှံ့ ထွန်းကားခဲ့သည်။

လော (လာအို)၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံတို့တွင် ရှေးမင်းများလက်ထက်က ဗုဒ္ဓဘာသာကို အဓိကဘာသာအဖြစ် သတ်မှတ်ကိုးကွယ်ကြသည်။ နောက်ပိုင်းတွင် သာသနာတော် အရှိန်အဝါ ကျဆင်းခဲ့သည်။ ခမာနိုင်ငံ၊ ချမ်ပနိုင်ငံဟု ရေးက ခေါ်ဆိုခဲ့သော အင်ဒိုချိုင်းနား တစိတ်တပိုင်းတွင် ဟိန္ဒူ ဘာသာလည်း ထွန်းကားခဲ့ဘူးသည်။

ဟိန္ဒူဘာသာ ထွန်းကားခဲ့သည်ကို အင်းကောဝပ် ခေါ် အင်းကောဝတ်ကျောင်းတော်က သာဓကပြလျက်ရှိ၏။

### အင်းကောဝပ်

အင်းကော ဝတ်ကျောင်းတော်ကြီးသည် ကမ္ဘောဇနိုင်ငံ၊ ရှေးဟောင်း မင်းနေပြည်တော်ကြီးတခုဖြစ်ခဲ့သော အင်းကော

မြို့ကြီးမှ တောင်ဖက် တမိုင်ခွဲခန့်အကွာတွင်ရှိသည်။ ထိုကျောင်း ဗိမာန်သည် ရှေး မောလူမျိုးများ၏ ဗိသုကာ အနုပညာမြင့်မား ကြီးကျယ်ခဲ့ပုံကို သာဓကထင်ထင် ပြနေသော ရှေးဟောင်းသနာ ဗိမာန်ကြီး ဖြစ်ပေသည်။

ခရစ် - ၁၂ ရာစု နှစ်အတွင်းက ထိုကျောင်းတော်ကြီးကို ဆောက်လုပ်ခဲ့၍၊ ခရစ် - ၁၄၃၂ ခုနှစ်တွင် မြို့ဖျက်ကြုံသော ပြည်သူတို့သည် ဘုရား ကျောင်းတော်ကြီးကို စွန့်ခွာ ထွက်ပြေး ကြလေသည်။

ခြုံပုတ်များ ဖုံးအုပ်နေသော ထိုကျောင်းတော်ကြီးကို ပြင်သစ် အမျိုးသား စာဦးဏ ရှာဖွေတွေ့ရှိသဖြင့် ထုတ်ဖေါ် တင်ပြသောအခါမှ ကမ္ဘောဇ (ကမ္ဘောဒီးယား) အာဏာပိုင် တို့က စောင့်ရှောက် ထိန်းသိမ်း မွမ်းမံခဲ့သဖြင့် ထိုကျောင်းတော် ကြီးသည် ကမ္ဘာ့အံ့ချီးဖွယ်ရာ ရှေးဟောင်း အဆောက်အအုံ များတွင် အပါအဝင် ဖြစ်လာလေသည်။

အင်းကောဝတ်ကျောင်းတော်၏ ဒါယကာမှာ ဒုတိယ သူရိယဝါရမန် (ခရစ် ၁၁၁၃ – ၁၁၅၀ ခန့်) ဖြစ်သည်။ ဗိဿနိုးနတ်မင်းကို အလွန် ကြည်ညိုရ၍ ထိုနတ်မင်းအစား ရည်စူး ကာ အင်ခကောဝတ်ကျောင်းတော်ကြီးကို တည်ဆောက်ခဲ့လေ သည်။

အင်းကော ဒေသခမာနယ်တွင် ဟိန္ဒူဘာသာ မှေးမှိန် ကွယ်ပျောက်နေလေပြီ။



## ဗောရောဗုဓော

အင်းကောဝတ်ကျောင်း တော်မှဆက်၍ မြောက်လျှင် အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းသို့ စိတ်အာရုံ ရောက်သွား ပါသည်။

ဂျာဗားနှင့်အနီးရှိ ဆူမတြာကျွန်းတွင် ရှေးကဝိဇယခေါ် တိုင်းပြည်ကြီးတခု ရှိဘူးပါသည်။ အိန္ဒိယပြည် တောင်ပိုင်းမှ ခရီးသည်များ ကုန်သည်များသည် ဆူမတြာမှတဆင့် ဂျာဗားသို့ ရောက်သွားသော [illegible]

သူတို့ [illegible] ခံယူကြ၍ ဟိ [illegible]

နှောင်းပင် ထွန်းကား လာမည်ဟူသည်။ သီရိဝိဇယပြည်သို့ ဗုဒ္ဓဘာသာ ရောက်ရှိသော ခေတ်မှာ ခရစ်သက္ကရာဇ် ခြောက်ရာစုဖြစ်သည်။

သက္ကရာဇ် – ၇ – ၈ ရာစုက တည်ထားသည်ဟု ယူဆရသော ဗောဗောဂျီး စေတီသည် ဗုဒ္ဓအယူဝါဒဆိုင်ရာ အဆောက်အအုံများ အနက် အကြီးအကျယ်ဆုံးဟု အချို့က ဆိုပါသည်။ ထိုစေတီသည် ဂျဗားကျွန်းအလယ်ပိုင်း ဂျော့ဂျကာတား (အချို့ အခေါ် ယော့ယာကာတား) မြို့အနောက်မြောက်ဖက်မိုင် ၂၀ အကွာ မြစ်နှစ်သွယ် ဆုံရာတွင်ရှိသော ကုန်းပြင်မြင့်ပေါ်၌ တည်ရှိသည်။

ယင်းဒေသသည် တခါက ရေအိုင်ကြီးသဖွယ် ဖြစ်လေရာ ဗောဗောဂျီး စေတီသည် ရေအိုင်တွင်းဝယ် ငွါးငွါးစွင့်စွင့် ပွင့်နေသော ကြာပန်းကြီးသဖွယ် တင့်တယ်လှသည်ဟု အဆိုရှိပေသည်။

စေတီတော်တွင် သေလိန္ဒရာ ဘုရင်များအုပ်စိုးစဉ် ထွန်းကားသည့် အနုပညာလက်ရာများကို တွေ့ရသည်။

အိန္ဒိယနိုင်ငံစေတီများ၏ ပုံတော်ကိုအတုယူ၍ ဂျာဗား အနုပညာလက်ရာဖြင့် မွန်းမံခဲ့သော ဗောဗောဂျီး၏ပန္နက်ပုံသည် ထေးသောင့်ဖြစ်ပြီး၊ မျက်နှာတဖက်တွင်(၄၇၉)ပေရှိကာ၊ ဖိနပ်

တော်၊ သို့မဟုတ် ပန်းခုံမှ အာလိန်၊ သို့မဟုတ် ပစ္စယာငါး ဆင့်သို့ တက်သွားပြီး ကြည်ဝန်းသုံးဆင့်၊ သပိတ်မှောက်၊ ငှက်ပျောဖူး၊ ထီးတော် စသဖြင့် ထူးခြားသော ပုံသဏ္ဌာန်ကို ဆောင်သည်။

ဖိနပ်တော်မှ အလယ်စေတီထိပ်ထိ (၁၁၅) ပေ မြင့်သည်။ အာလိန်ငါးဆင့်တွင် မုခ်ဝ အဆောင်ကလေးများ ရှိရာ၊ ယင်းအဆောင်ထဲ၌ လူ့ဘကိုယ်နီးပါးရှိ ဈာနိဗုဒ္ဓခေါ် ရုပ်တုတော်များရှိ၍ စုစုရုပ်တုပေါင်း(၄၃၂)ဆူရှိသည်။ ရုပ်ပွားဆင်းတုတော်ပုံများမှာ ဇုံစံအမျိုးပေါင်း စုံလှသည်။ တင့်တယ် ကြည်ညိုဖွယ်အတိ ဖြစ်ဘိ၏။ စဉ့်ကွင်းကျောက်ချပ်ပေါင်း(၂၀၀၀) ကျော်ခန့် ရှိခဲ့မည်ဟု တွက်ရသော်လည်း ယခုအခါ စဉ့်ကွင်း ၁၃၀၀ ခန့်သာရှိတော့သည်။

ဗောရောဗုဒေါ စေတီတော်ကြီးသည် နှစ်ပေါင်းများစွာ လေမိုးဒဏ်ခံခဲ့ရသည်။ ဗုဒ္ဓဘာသာ မှေးမှိန် ကွယ်ပျောက်သည်နှင့်အမျှ မွမ်းမံပြုပြင်မည့် ဘုရင်မင်းများမရှိသဖြင့် ဒတ်ချ်အစိုးရက ပြင်ဆင် စောင့်ရှောက် ပေးခဲ့သည်။

လွတ်လပ်သော အင်ဒိုနီးရှား အစိုးရ လက်ထက်တွင်လည်း ငွေအကုန်အကျခံ၍ ခိုင်မြဲတည်တန့်စေသည့် အပြင် ကုလသမဂ္ဂ ရှေးဟောင်း ယဉ်ကျေးမှု ထိန်းသိမ်းရေးဆိုင်ရာ အဖွဲ့ကလည်း ငွေကြေးထောက်ပန့် ကူညီခဲ့သည်။

အင်းကောဝပ်သည် ဟိန္ဒူဘာသာ မွေးမြှုန်ခြင်း၏ သင်္ကေတ ဖြစ်သကဲ့သို့၊ ဗောရောဗုဓော စေတီသည် ဗုဒ္ဓသာသနာ ကွယ်ပခဲ့ဘူးခြင်းကို ဖော်ဆောင်ပြသလျက်ရှိရာ၊ 'စီရံတိဌတုသဓမ္မော' တရားတော်အရ ဗုဒ္ဓတရားတော် ကမ္ဘာတိုင်မြဲစေရန် ကြိုးပမ်းဘို့သတိပြုမိပါသတည်း။


## အထောက်အကိုးစာရင်း

(၁) စွယ်စုံကျမ်းအတွဲ ၈ နှင့် ၁၅ ။

(၂) ဟောလ်ရေးသော အရှေ့တောင် အာရှသမိုင်း၊

(၃) ချိုင်းနား ပစ်တိုရီယယ် ၆/၇၃၊

(၄) အင်အောဘီ (ပြည်ပ) သတင်းလွှာများ။



လေးဆူဓာတ်ပုံ ရွှေတိဂုံ

အရှေ့တောင်ဘက် အင်္ဂါထောင့်မှ ကျွန်တော်သည် ဒက္ခိဏဒီသာတောင်မျက်နှာတည့်တည့်သို့ ရှုကြည့်လိုက်ပါသည်။

သိင်္ဂုတ္တရကုန်းတော်ပေါ်ရှိ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီကို ကြည်ကြည်လင်လင် ဖူးမြင်ရသောအခါ ယခင့်ယခင် ငယ်ရွယ်စဉ်က ကျွန်တော်ခံစား မိသမျှကို ပြန်၍ သတိရမိပါသည်။ ကျွန်တော်တို့ ငယ်စဉ်က မီးရထားသည် မန္တလေးမှ ထွက်ပြီး ပျဉ်းမနားတွင်ညအိပ်ခါ ပျဉ်းမနားမှ နံနက်တွင် ဆက်ထွက်လေ့ ရှိပါသည်။

ညနေရှိးရီ မှောင်စပျိုးချိန်တွင် ပဲခူးကိုကျော်ပြီး၊ ရန်ကုန်ချဉ်းကပ်မိသောအခါ လျှပ်စစ် မီးလုံးရောင်ဖြင့် ဝင်းပနေသော ရွှေတိဂုံစေတီကိုမြင်လိုက်ရလျှင် ရင်တွင်း၌ကြည်နူးဝမ်းသာမှုမှာ အတိုင်းမသိ ဖြစ်ပေါ်၏။

ထိုနည်းအတူ တိုင်းတပါးမှ သင်္ဘောဖြင့် ပြန်လာသူတို့သည် ရွှေတိဂုံစေတီကို ပင်လယ်ပြင်မှ ရှုမြင်ရလျှင် ရင်သပ်ရှုမောအံ့သြချီးပ ဝမ်းသာကြရကုန်သည်။ စိတ်နှလုံးဝမ်းအေးချမ်းကြရကုန်သည်။ လေယာဉ်ဖြင့် ပြန်လာသူတို့မှာလည်း ထိုနည်းနှင်နှင် ဖြစ်ချေ၏။

နေမင်းရောင်ဘွင် ရွှေရောင်ငင်းလျှပ်၊ တဖြတ်ဖြတ် တောက်ပနေသော စေတီတော်ကို ဖူးလို့မဝအောင် ရှိသကဲ့သို့ ညဉ့်အ

ချိန်ဖူးမြင် ကြုံတွေ့ရသော စကြွပသာဒမှာလည်း ပြောမပြ ရေးမပြနိုင်အောင် သပ္ပါယ် လှပါပေသည်။

တန်းတော်ပေါ်သို့ တက်သွားသည့် အခါ၌ ယခင်က ကြုံတွေ့ခဲ့ရသော အနိဋ္ဌာ ရုံများကို မမြင်မတွေ့ရတော့ပြီ။ ဝတီ ညစ်စားညစ်၊ မုတ်ဆိတ်မွေး ဘုရပစ်နှင့် ဝိဇ္ဇာလိုလို ဇော်ဂျီ ယောင်ယောင်၊ ရသေ့ဟန်ဆောင် အမျိုးနှင့် စရိုက်ဆိုးသူများကိုလည်း သန့်စင် ရှင်းလင်းပြီးလေပြီ။ သာသနာ့ အန္တရာယ်အသွယ်သွယ် မှာလည်း လုံးဝနတ္ထိ မရှိတော့ပေ။

စေတီရုံဟူသမျှ တန်ဆောင်းပြာသာဒ် ဟူသမျှလည်း သန့်ရှင်း သပ်ယပ်လှသည်။ ယင်ပြင်ဒေါင့်များ၊ ပစ္စယံသာလာ များမှာ လည်း တိတ်ဆိတ် ဘည်ငြိမ်စွာ ကမ္မဋ္ဌာန်းဘာဝနာ ပွားများ နိုင်ပေသည်။ အပေါသုခံ၊ အော် ချမ်းသာစွ၊ ချမ်းသာစွ။

*　　　*　　*　　*

စေတီတော်မြတ်၏ ဗဟိဒ္ဓအပြင် အဆင်း သဏ္ဌာန်များကို ရှုမြင်ရပြီးနောက် အဇ္ဈတ္တအတွင်း အဓိပ္ပာယ်ကို ဆင်ခြင်လိုက် သောအခါ၊ သံ၊ ဂုံ၊ ပ၊ မ၊ ဇီနဦးကုံင်၊ ထွဋ်ဖုန်းခိုင်တို့၏ ဓမ္မကရိုက် သင်းပိုင်တောင်ဝေး၊ ရောင်စွေးလျပ်လျပ်၊ ဆံတော် မြတ်တို့၊ ကိန်းအောင်း မွေ့လျော် စံတော်မူသော စေတီတော်

မြတ်အား၊ နမာမိ၊ ရှိခိုးပါ၏ "ဆိုသော ဘုရားရှိခိုး စာကို ရွတ်ဖတ်မိပါသည်။

ဘုရားငါးဆူ ပွင့်သော ဤဘဒ္ဒကမ္ဘာထက်၌ ပွင့်တော်မူ လေကုန်ပြီးသော —

ကကုသန်ဘုရား၏ သင်းပိုင်ရေသနုတ်

ကောဏာဂုံဘုရား၏ ဓမ္မကရိုဏ်ရေစစ်

ကဿပဘုရား၏ တောင်ဝှေးတော်

ဂေါတမဘုရား၏ ဆံတော်ဓာတ်မြတ်

တို့ဌာပနာထားသော ရွှေတိဂုံစေတီတော်ဟု အောက်မေ့ သတိရကာ ရှိကျိုးပူဇော်ပါ၏။

တပုဿ၊ ဘလ္လိက ကုန်သည်ဒါယကာ ညီနောင်အား မြတ်စွာ ဘုရားသခင်ကိုယ်တော်တိုင်က ချီးမြှင့်သဖြင့် သယ်ဆောင်လာသော ဆံတော်ဓာတ်မြတ်ကို ဥက္ကလာပမြည့်ရှင်ဘုရင်မင်းနှင့် တကွ ပြည်သူတို့က သောင်းသောင်းဖျဖျ ကြိုဆိုကြပြီးနောက် ဆူးလေနတ်ကြီးညွှန်ပြသော သိင်္ဂုတ္တရကုန်းတော်တွင် စေတီတည် ဌာပနာသည်။ ထိုကုန်းတော်တွင် ယခင်မြတ်စွာဘုရားသုံးဆူ၏

စတောင်ဝှေး၊ ဓမ္မကရိုဏ်၊ ရေသနုတ်တော်တို့ကိုလည်း အကုန် အစင် တွေ့ကြရသည်။

ကောဇာသက္ကရာဇ် ၁၀၃–ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ဉက္ကလာပမင်းကြီးသည် စတုရန်း(၁၈)တောင် ဌာပနာတိုက်၌ အဆိုပါ ဓာတ်တော် မွေတော် အသုံး အဆောင် များကို ထည့် သွင်းကာ စေတီတည် ကုသိုလ်ပြုသည်။

လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀–ကျော် ဘီစီ ၅၈၅–ခုနှစ်က တည်ထားသည်ဟုဆိုရမည့်စေတီ၏ဉာဏ်တော်အမြင့်သည် (၂၇) ပေရှိ၏။ ၎င်းနောက် မင်းအဆက်ဆက်တို့သည် စေတီတော် ကြီးကို ငုံ၍ တည်ထား ကိုးကွယ်လာကြရာ၊ ယခုအခါ စေတီ တော်မြတ်၏ ဉာဏ်တော်အမြင့်သည်(၃၂၆)ပေရှိသည်။

စေတီတော်ကို မွမ်းမံပြုစုကြည်ညိုသူများအနက် ထင်ရှားသူ တဦးမှာ ဟံသာဝတီ ပဲခူးပြည့်ရှင် ဘုရင်မ ရှင်စောပုဖြစ်၏။ သက္ကရာဇ် ၁၄၅၃–ခုနှစ်တွင် နန်းတက်သော ဘုရင်မရှင်စောပု သည် ဘုရား တရားတော်၌ အလွန်ကြည်ညိုလေရကား၊ ဒဂုံမြို့ ရွှေတိဂုံစေတီသို့ မကြာခဏ လာရောက်ပြီး ကုသိုလ်ပြုလေ့ရှိ သည်။ ၁၄၆၀-ပြည့်ဘွင် စေတီတော်၏တံတိုင်းကိုတည်ဆောက် ကုသိုလ်ပြုသည်။

မကြာမီ တိုင်းပြည်အုပ်ချုပ်မှုကို သားမက်တော် ဓမ္မစေတီ မင်းအား လွှဲအပ်ပြီး ဒဂုံမြို့သို့ ပြောင်းရွှေ့ နေထိုင်ကာ စေတီ

တော်မြွတ်ကို တောင်ဘက်မုက်နှာရှိ ယားယီတဲနန်းမှ ဦးခိုက် ကြည်ညိုစဉ်မှာပင် နတ်ရွာစံကံကုန်ခဲ့လေသည်။

ထို့နောက် နှစ်ပေါင်း (၄၀၀) ကျော် ကြာသော အခါ ရတနာပုံမြို့တည်မင်းတရား မင်းတုံးမင်းသည် ရွှေတိဂုံစေတီ၌ ရွှေထီးအသစ် တင်တော်မူသည်။ ထိုအချိန် ၁၈၇၀-ခုနှစ်တွင် ဒဂုံ(ရန်ကုန်)မြို့ အပါအဝင် အောက်မြန်မာပြည်သည် ဗြိတိသျှ လက်အောက်သို့ ရောက်ရှိလေရကား၊ ကိုယ်တော်တိုင် ထီးတင် ခြင်းမပြုနိုင်ပေ။

ရတနာပုံမြို့မှ ပညာရှင် မှူးမတ်များကိုသာ စေလွှတ်ရပေ သည်။ ထီးတော်နှင့်အတူ မြန်မာစာဆိုတော်များ ပါသွားရာ၊ ဦးပုညပါရှိသည်ဟု ဆိုသည်။

ဦးပုညဟု ထင်မှတ်ရသော မြန်မာစာဆိုတဦးသည် ရွှေတိဂုံ ကုန်းတော်၏အရှေ့ဘက် ဗဟန်းတွင် တည်းခိုယင်း ဒေသ၏ သာယာပုံကို တေးထပ်ဖြင့် ရေးစပ်ခဲ့သည်မှာ—

ဗဟန်းရွှေကမ်းခြေလု၊
ပန်းလေသုသောက်ရန်၊
စမ်းရေထုမောက်လျှံ၊
ကျောက်ထရံမြောင်အကွေ့။

မြွှက်နုစိမ်းလဲ့မြိုင်၊
ယိမ်းနွဲ့ယိုင်တောရစံ၍၊
နဝဒတ်ရုံဝိုင်းကာ၊
တံတိုင်းမှာလုံပေ့။
ကသိုဏ်းအာရုံမွေ့သူမို့၊
ထုံကြွေ့ထဲ့မြိုင်ပေါ။
တောသစ်ပင်ဇလယ်နန်းကိုဖြင့်၊
ပြာဿဒ်နန်းအောင်းမွေ့မနော်။
ဇလပ်ပန်းကျောင်းကလေးပေါ်မှာ၊
လျောင်းမွေ့ပျော်စံစားလို့၊
ဈာန်တရားရက် ကြံ့မကြာ၊
တက်အုံ့သဒ္ဓါ၊
လွှန်သမျှအချစ်ကိုခွါမယ်၊
ဖြစ်လိုရာဖြစ်စေတော့လေး။

စာဆို၏ နိဗ္ဗိန္ဒတေးထပ်ကိုဖတ်ယင်း ယခုခေတ် ဗဟာန်းနှင့် ရှေးခေတ်ဗဟန်းကို နှိုင်းယှဉ်ကြည့်ပါကုန်။


အာသန္နာရိပ်သာ၊ သာသန္နာဗိမာန်တို့ဖြင့် လေးဘက်လေးတန်ဆာ စုံလင်သော တိဂုံရှင်စေတီမှာ ခေတ်နှင့်အညီ ညကာလ၌ မီးမောင်းကြီးများ ထိုး၍ ပူဇော်ထားပေသည်။ တခါတရံ ကောင်းကင်ယံ တိမ်ဘိုက်များသို့ ဆောက်အောင် ရွှေရောင်ဝင်းလျှစ်နေသည်ကို အထင်အရှား ဖူးတွေ့ရပါသည်။

### အထောက်အကိုးစာအုပ်များ

(၁) ဘုရားသမိုင်းညွှန့်ပေါင်းစုံကျမ်း၊

(၂) (ပြန်ကြားရေးဌာနထုတ်စာအုပ်)ရန်ကုန်၊

(၃) မြန်မာသမိုင်းကျမ်းများ။



## သီရိလက်ျာမြတ်စွယ်တော်

ဒက္ခိဏ ပရိမဒေဝေ။ နာဂေဒက္ခိဏ ဟေဋ္ဌိမာ။ ဝါရပရိ ဂန္ဓာလရေ။ ဝါမဟေဋ္ဌိ ကလိင်္ဂရေ။ ဗုဒ္ဓဿစတု ရောဒန္တေ။ အဟံဝန္ဒာမိ သဗ္ဗဒါ။ ။


ဒက္ခဏပုရိမာ၊ အထက်လက်ယာ စွယ်တော်မြတ်သည်ကား။ ဒေဝေ၊ သိကြားပြည်၌ တည်တော်မူ၏။ ဒက္ခိဏ ဟေဋ္ဌိတ၊ အောက်လက်ယာ စွယ်တော်မြတ်သည်ကား။ နာဂေ၊ နဂါးပြည်၌ တည်တော်မူ၏။ ဝါ၊ ပရိ၊ အထက်လက်ဝဲစွယ်တော်မြတ်သည်ကား။ ဂန္ဓာလွှရေ၊ တရုတ်ပြည်၌ တည်တော်မူ၏။ ဝါမ

ဟေဋ္ဌ၊ အောက်လက်ဝဲ စွယ်တော်မြတ်သည်ကား။ ကလိင်္ဂရေ၊ ကလိင်္ဂရာဇ်ခေါ်၊ ကော်ရင်ဂျီပုဏ္ဏား၊ ကုလားမင်းမျိုး၊ တိုင်းပြည်၌တည်တော်မူ၏။ ဝါ၊ ယခု တဖန် အခါကာလ၌ကား၊ သီဟဠေ၊ သီဟိုဠ်ကျွန်း ကင်ဒီခေါ်သော ခဏ္ဍသေလမြို့၌ တည်ရှိတော်မူလေသတည်း။

ဗုဒ္ဓဃော မြတ်စွာဘုရားသခင်၏၊ စတုရာဓာဒ္ဓ၊ သေးချောင်းသော စွယ်တော်မြတ်တို့ကို သဗ္ဗဒါ၊ အခါခပ်သိမ်း၊ ဝန္ဒာမိ၊ ရှိခိုးပူဇော်၊ ဖူးမြော်ကန်တော့ပါ၏။

[နဂါးတိုင်းပြည် ဆိုသည်မှာ၊ ယခု နာဂပူခေါ် အိန္ဒိယ အလယ်ပိုင်း မြို့ကြီးဖြစ်သည်။]

ဒက္ခိဏာဒီသာတောင်မျက်နှာမှ ၄၅ ဒီဂရီစောင်း၍ အနောက်တောင်ဖက်၊ စနေထောင့်သို့ မျက်နှာပြုလိုက်သည်နှင့်တပြိုင်နက်၊ သီဟိုဠ်ပြန် ဆရာကြီး ဦးအုန်းဖေ ရေးသားသည့် အထက်ပါ စွယ်တော်မြတ်၊ ဘုရားရှိခိုး ဂါထာနှင့် အနက် မြန်မာပြန်ကို ရွတ်ဆိုမိပါသည်။



စွယ်တော်ကြုတ်ပုံ

တပြိုင်နက်တည်းမှာပင် စွယ်တော်မြတ် ကိန်း အောင်း ရာ စွယ်တော်ကြုတ်ကို အာချုံပြင်၌ ထင်ရှားစွာ ဖူးမြင်ရပါ၏။

ရွှေ၊ ငွေ၊ ဖလ်၊ မွန်၊ ကုန္တနီလာ၊ ဝဇီရာစိန်၊ ဝင်းထိန်မြ သား၊ ပတ္တမြားစသော နဝရတ်ကိုးပါး စီချယ်အပ်သည့် ရတနာ ရွှေကြုတ်ကို ခြူးအုံ၊ ခြူပန်း ပန်းညွန့်၊ ပန်းနွယ်၊ တင့်တယ် ဖွယ်ရာ စီချယ်သွန်းလုပ်ထားပါသည်။ ကြုတ်၏ ပုံသဏ္ဌာန်မှာ ဒုဋ္ဌဂါမဏီ မင်းကြီး၏ ကုသိုလ်တော် ဖြစ်သော မဟာစေတီ သဖွယ် ပေါင်းချောင်ပုံရိပ်ရှိပါသည်။

ရွှေကြုတ်တော်အတွင်းရှိ လက်ဝဲစွယ်တော်မြတ်၏ လုံးပတ် မမာဏမှာ ယခုလူတို့၏ လက်လှည်ချောင်းခန့် အရင်းပမာဏ တုတ်၏။ အဖျားမှာ လက်သန်းဖျားခန့် ရှိ၏။ အရင်းထိပ်၌ အပေါက်ငယ်သဏ္ဌာန်ထင်၏။ အရောင်မှာ နီထွေးထွေး၊ ဆုန်း သွေးအဆင်း ရှိ၏။ ကြွင်းသော အခြား နေရာ၌ကား၊ လဲ၊ ဝါဂွမ်းကဲ့သို့ ဖျော့ဖျော့ဖြူသောအဆင်းထင်သည်။ သပ္ပာယ်လှ သတည်း။ (သီဟိုဠ်ကို စာစ်လွယ်စေသောငှာ သီဟို–ဟုရေးပါ မည်။ ယခု သီရိလင်္ကာဟု နာမည်ပြောင်းလိုက်ပါပြီ။)

သီဟိုကျွန်း ကန္ဒီမြို့တွင် အလျားအတောင် (၅၀) အနံ အတောင်(၄၀)၊နှစ်ဆင့်တိုက်ကျောင်းတွင် ထိုစွယ်တော်ကြုတ် ကို အစောင့်အကြပ် အပြည့်အစုံဖြင့် ထားရှိကာ၊ မင်းအဆက် ဆက် ကိုးကွယ်ခဲ့ကြသည်။

စွယ်တော်ကိုပထမဦးဆုံးလက်ခံရရှိသည့်သိန်းဒိုငေ ါ်ဆိုသီဟို မင်းကား၊ မဟာသေနမင်း၏သားတော် ကိတ္တိသိရိမေဃဝဏ္ဏ

ဘုရင်မင်းဖြစ်၏။ ထိုစွယ်တော်ကို ကလိင်္ဂတိုင်း ဂုဟသီဝမင်း၏ သမီးတော်နှင့် သားမက်တော်တို့က ထွက်ပြေးယူဆောင်လာခဲ့၍ နန်းကျဘုရင် ကွယ်လွန်သူ ဂုဟာသီဝမင်း၏မှာထားချက်အရ သီဟိုမင်းသို့ ပေးအပ်ခြင်းဖြစ်၏။ ဂုဟာသီဝမင်း၏ ဘေး ဘိုးနွယ်ဆက်ဖြစ်သော ဗန္တပွရမြို့ရှင်ဗြဟ္မဒတ်မင်းသည် ကလိင်္ဂတိုင်း၌ အုပ်စိုးစဉ် ရှင်သာရိပုတ္တရာမထေရ်၏ တပည့်ဖြစ်သူ ခေမရဟန္တာ မြတ်ကစေတီတည်လျက် ကိုးကွယ်ရန်မှာထားခဲ့သဖြင့် ဗြဟ္မဒတ်မင်း၏ အဆက်အနွယ်များသည် တပါးပြီး တပါး ဆက်လက်ကိုးကွယ်ခဲ့ကြရာ၊ ဂုဟာသီဝမင်းလက်ထက်သို့ တိုင်၏။

ဂုဟသီဝသည် အခြားတိုင်းတပါးမင်းနှင့် စစ်ခင်းကြရာ၊ အရေးရှုံးနိမ့်ခါနီး၌ ထိုစွယ်တော်ကို သမီးနှင့်သားမက်သို့အပ်ခါ သီဟိုကျွန်း မဟာသေနမင်းသို့ပို့ပါလေဟု မှာထားခဲ့သည်။

မဟာသေနမင်း ကွယ်လွန်လေရကား၊ မဟာသေနထီးနန်းကို ဆက်ခံသူ ကိတ္တိသီရိမေဃဝဏ္ဏာဘုရင်သို့ ပေးအပ်ရလေသည်။

ထိုမှစ၍ စွယ်တော်ကို မင်းအဆက်ဆက်တို့ ကိုးကွယ်ခဲ့ကြသည်။ လွတ်လပ်ရေးရပြီး၍ ကိုယ့်မင်း ကိုယ့်ချင်း နိုင်ငံဖြစ်လာသောအခါ အုပ်ချုပ်ရေးအာဏာရရှိသည့် သမ္မတ၊ ဝန်ကြီးချုပ်စသည်တို့သည် ရာထူးကိုလက်မခံမီ စွယ်တော်တိုက်တွင် ဦးခိုက်ကြလေသည်။

စွယ်တော်ခတ်မြတ်၏ ဂူဏ်တော်၊ ကျေးဇူးတော် တို့ကို ဘဝင်မခြား လျှင်လျှားစွာ ကြည်နူး အောက်မေ့မိရာမှ သီဟိုကျွန်း၊ သိန်းခိုကျွန်းခေါ် လင်္ကာကျွန်းဒေသ၏ သမိုင်းအစကို မဆိုင်းမတွ မြင်မိပြန်ပါသည်။

မဇ္ဈိမဒေသခေါ် အိန္ဒိယနိုင်ငံ တောင်ဘက်စွန်းနှင့် ကျဉ်းမြောင်းသော ပေါ့ရေလက်ကြား ခြားလျက်ရှိသော ကျွန်းကြီးတွင် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀၊ ၃၀၀၀ က နေထိုင်သော ကျွန်းသားများသည် ယဉ်ကျေးမှု မပြည့်ဝသေးသော လူသားများဖြစ်ကုန်၏။

ထိုလူသားတို့ကို ပထမဦးဆုံး စိုးမိုးအုပ်ချုပ်သူမှာ ဝိဇယမင်းသားဖြစ်သည်။

လာသရဋ္ဌတိုင်း၊ သီဟပူရမြို့၌ သီဟဗာဟု မင်းကြီးစိုးစံစဉ် သားတော်ကြီး ဝိဇယသည် လူဆိုးလူသွမ်း ၇၀၀ နှင့်လုယက် ဖျက်ဆီးပြုကြသောကြောင့် တိုင်းသူ ပြည်သားတို့က မခံနိုင်၍ ဘုရင့်ထံ တိုင်ကြားရသောအခါ ဘုရင်က သားနှင့်အပေါင်းပါ တို့ကို လှေနှင့်တင်ခါ ပင်လယ်ဘက်သို့ မျှောပစ်လိုက်သည်။

ဝိဇယမင်းသားတို့လှေသည် ကျွန်းတကျွန်းသို့ ဆိုက်ကပ်သဖြင့် ကျွန်းပေါ်သို့ တက်ရောက်စအခါ မင်းသား၏ အဆန်းတကျယ်မြင်တွေ့ရပုံမှာ—

သမုဒ္ဒရာ၊ ကမ်းယံကလာခဲ့၊ ကန္တာကျွန်းထောက်

ခမော်စွန်းကျွယ် ကျွန်းလယ်သို့ ရောက်ပြီထင့်၊

နှင်းသောက်တဲ့မြိုင်........

ညာသွယ်တင့်ဆန်း၊ နာမည်ဖြင့် ဆန်းပေလိမ့်

ဘယ်ပန်းခိုင်လို့၊ သိနိုင်တထ်ပြီ။

ခင့်တချို့၊ ငုံတချို့နှင့် မှုံလို့စီ

ဆုသီလင့်ဟန်ရှိကြတယ်....

ယှူသယ်ဝတ်ရက်၊ လေချိုယိမ်းနွဲ့၊ စိမ်းလဲ့လဲ့နှင့်

နွဲ့ပန်းခက်မှာ၊ ငှက်ဖြင့် ငှက်ပဲ။

သာရကာလား၊ ဘမာလား၊ ကွဲခြားလို့သိနိုင်ဘူး။

ယဉ်နဲ့ကပို........

ထုံဝင်လွှာမွှေး၊ ဆွတ်ခါငွေး၊

ညာကြွေးကြော်လို့၊ ဖော်ကိုယ်၊

ခေါ်သလိုထင်လိုက်ပါဘိတယ်..........

စသဖြင့် သစ်ပင်ပန်းမာလ်၊ ငှက်ကျေးသာရကာ၊ တိရစ္ဆာန် အထူးအဆန်းကိုတွေ့ရှိရင်း ညီးညူမိရှာသည်။

ထို့နောက် ကျွန်းသူတဦးကိုတွေ့ရှိ၍ ချစ်ကျွမ်း ဝင်မိပြီး၊ ထိုကျွန်းသူမှအစ ကျွန်းသူကျွန်းသားတို့ကို စည်းရုံးပြီး၊ သီဟဠ တိုင်းပြည် (သီဟိုဠ်ပြည်) ၏ကာ မင်းလုပ် အုပ်ချုပ်လေ သည်။

ထိုမင်းလုပ် အုပ်ချုပ်သည့် အကြောင်းကို ပြဇာတ်ဆရာ တို့က ဇာတ်နာအောင်၊ ရသပေါ်အောင် တင်စား ရေးသား ကြသည်မှာ၊

ကျွန်းရင်းသားတို့ကို ဘီလူးများ၊ ပထမဆုံး တွေ့ရသောအ မျိုးသမီးကို ဘီလူးမ မယ်ကုဝဏ္ဏ စသဖြင့် နာမည်ပေးလိုက် ကြသည်။

နုတ်ဖန်ဆင်းသည့် ရသေ့ တပါးနှင့် ပိဋကမင်းသား ခတ္တာ၌ မေးမြန်း စုံစမ်းရာတွင် ရသေ့က၊

“သည့်မြေမျက်နှာ၊ ကျွန်းလက်ာသည်၊ ငါးရာပေါ်ထွန်း၊ ဇမ္ဗူဒီပ၊ သောင်းဗိမာန်ကဲ့၊ ရံတဲ့ကျွန်းငယ် တကျွန်းအောင်ဖြစ် ပေသည်၊

သည်ကျွန်းမူကား၊ လူ့သက်သက်ကင်း၊ နတ်ဘီလူးတို့ စံနေဘို့ဟု၊ မှို့ဖန်ဆင်း ကြောက်မင်း ဘွယ်လီဖြစ်ပေသည်။

ဘီလူးရွာကို၊ တကာနှုန်နယ်၊ သနားဘွယ်တို့သည်၊ ပင်လယ်မြစ်မှာ၊ ရေနစ်လှီတော့မသေ။ သည်ကျွန်းသို့ ရောက်ဇေါမှ၊ အူပေါက်၍ သေမယ်လို့။ တုမေ့ (တုံမေ့ဟုဖတ်ပါ) သင်တကာတို့သည်၊ အာဂစ္ဆန္တိ လာကြကျွန်၏......'

ဆရာစလေ ဦးပုညသည် ကရုဏာရသ၊ ဟာသရသပြည့် စုံစွာဖြင့် ဝိဇယပြဇာတ်ကို ရေးသားခဲ့သည်ကို ဖတ်ရှုရမါသည်။

ဝိဇယမင်းသားနှင့် အပေါင်းပါတို့ ပေါင်ဆိုက်ဆည့်နေ့သည် ကုသိနာရုံ၌ ဂေါတမ မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံတော်မူသော နေ့ဟု ဆိုကြသည်။

ဘုရားကြည်ညိုစဉ် ငယ်စဉ်က သင်ခဲ့ရသော သမိုင်းဆူဝေဝင်နှင့် မြန်မာစာများကို ပြန်မြင်မိပါသည်။

သီဟိုသမိုင်း၌ အထင်ရှားဆုံးသော အဖြင်အပျက်မှာ၊ ဘီစီ ၂၅၇ ခုနှစ်တွင်၊ အိန္ဒိယနိုင်ငံ၊ မဂဓပြည့်ရှင် သီရိဓမ္မာသောကမင်းကြီး၏ သားတော် ရှင်မဟိန္ဒနှင့် သမီးတော် သင်္ဃမိတ္တာတို့ သာသနာပြုလာခြင်း ဖြစ်သည်။

ထိုခေတ် ထိုအခါသည် အနုရာဓပူရမြို့တော်၌ ဒေဝါနံပိယ တိဿမင်း စိုးစံချိန်ဖြစ်၍ ဗုဒ္ဓသာသနာ ရောင်ဝါသည် သီဟို

တွင် နေလိုလလို ထွန်းလင်း တောက်ပခဲ့လေသည်။ ဒေဝါနံ ပိယတိဿမင်းသည် ထူပါရုံမစေတီကို သည်းထား ကိုးကွယ် သည်။

သာသနာသက္ကရာဇ် - ၃၇၂ ခု ဝါဆိုလပြည့်နေ့ (ခရစ် သက္ကရာဇ် - ၉၀၀ ခန့်) တွင် ဒုဋ္ဌဂါမဏိမင်း အုပ်စိုးသောအခါ မဟာစေတီကို စတင်တည်ထားကိုးကွယ်သည်။ သုံးနှစ်ကြာလျှင် စေတီတော်ပြီး မြောက်သည်။ မြန်မာနိုင်ငံ စစ်ကိုင်းမြို့အနီးတွင် သာလွန်မင်းတရား တည်ထားသော ကောင်းမှုတော် စေတီသည် သီဟိုမဟာစေတီပုံဖြစ်သည်ဟု ဆိုပါသည်။

မဟာစေတီအနီး အရှေ့ယွန်းတွင် မဟာဗောဓိပင် အစစ် သည် ယခုထက်ထိ ထင်ရှားစွာ တည်ရှိ၏။ သင်္ဃမိတ္တာထေရီမ သည် မြတ်စွာဘုရား ဖြစ်ပွင့်ရာ မဟာဗောဓိ ညောင်စေ့၏ အပင်စစ်ကို သယ်ယူပြီး၊ ဤနေရာ၌ စိုက်ပျိုးခြင်း ဖြစ်သည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုပြီးနောက် သီဟိုပြည်တွင် သင်္ဃမိတ္တာထေရီမမှ စ၍ ဘိက္ခုနီ သာသနာ ပေါ်ခဲ့သည်ဟု မှတ်တမ်း တင်ရပေမည်။ ဒုဋ္ဌဂါမဏိမင်း လက်ထက်တွင် စတုတ္ထသံဂါယနာ တင်ခဲ့သည့် အခြင်းအရာမှာလွန်စွာ ထူးခြား လေသည်။

သီဟိုနှင့် မြန်မာတို့၏ သာသနာဝင်သည် ဆက်စပ်လျက်ရှိ

သည်။ ရှင်သောန ရှင်ဥတ္တရ စသည်တို့သည် သီဟိုမှမြန်မာပြည်သို့ ကြွရောက်၍ သာသနာ ပြုကြသကဲ့သို့ ရှင်အရဟံ၊ ဆပဒ မထေရ် စသည်တို့ကလည်း သီဟိုသို့သွားကာ ပိဋကတ် စာပေသင်အံ ကြသည်။ အနော်ရထာမင်း လက်ထက်တွင် သီဟိုစွယ်တော် ပွားကိုပင့်၍ ရွှေစည်းခုံ၌ ဌာပနာခဲ့ပါသည်။ ထိုနောက် ဓမ္မ စေတီမင်းလက်ထက်ကလျာဏီသိမ်နှင့် ကလျာဏီ ကျောက်စာတို့ ကလည်း သီဟိုသာသနာ စီးဝင်လာပုံကို ပြနေပေသည်။ ဘုရင့် နောင်လက်ထက်တွင် စွယ်တော်ရောက်ရှိပြီး၊ ထိုစွယ်တော်သည် ကောင်းမှုတော် စေတီသို့ လက်ပြောင်း ရောက်ရှိသည့် မှတ်တန်း များကိုလည်း ဖတ်ရှုမိပါသည်။

ထိုနောက်များ မကြာမီ မြန်မာပြည်၌လည်း သာသနာတော် ပွင့်လင်း တိုးတက်လာသည်။ အထူးသဖြင့် မင်းတုန်းမင်း လက်ထက်တွင် သာသနာ ရာဇဝင်ပြောင်လှသဖြင့် ကျမ်းဂန် တတ်အကျော်အမော်များ ပေါ်ထွက် လာသည်နှင့်အမျှ သီဟို ရဟန်းအချို့ မြန်မာနိုင်ငံသို့ ကြွရောက်လေ့လာ၊ ကျမ်းဂန် ရေးရာ ဖလှယ်ကြသည်။

မင်းတုန်းမင်း လက်ထက်တွင် ဒုတိယ ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားသည် သီဟိုသို့ ဘုရားဖူး ကြွရောက်သောအခါ ကျမ်းဂန်တတ် မဟာထေရ်မြတ်အဖြစ် တူးခြားစွာ ကြိုဆိုဝတ် ပြုခြင်း ခံရသည်။ ဆရာတော်ရေးသော ပရိယတ္တိ ကျမ်းစာ များကို လေ့လာ သင်အံကြလေသည်။

ဆံတော်ရှင်အစ၊ ထူပါရုံအလယ်၊ မဟာစေတီနှင့် မဟာဗောဓိအဆုံး ခေါက်တော်၊ မွေတော်၊ ရုပ်ပွားဆင်းတုတော်၊ သာသနာဝင် သမိုင်းတင် အသုံးအဆောင်အားလုံးကိုဂါရဝ အတိ နမာမိပါဘုရား။

အထောက်အကူးစာအုပ်စာတန်းများ

(၁) စွယ်စုံနှစ်ချုပ်အတွဲ ၄

(၂) ။ ။ ၈

(၃) ။ ။ ၁၃

(၄) ဘုရားသမိုင်း ညွှန့်ပေါင်းစုံကျမ်း

(၅) ဦးပုည ဝိဇယပြဇာတ်

(၆) ဆရာ မာဃရေး၊ ဗုဒ္ဓစွယ်တော် သွားတော်များ

(၇) သီဟိုဠ်ပြန် အယ်ဒီတာ ဦးတင်မြ

* * * *

## မဇ္ဈိမဒေသ အိန္ဒိယ

ညောင်ဗုဒ္ဓဟေ၊ ပလ္လင်မြေထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူရာမှ ခြေခွေဖြေ၍၊ မတ်ရပ်ထတော်မူသော မြတ်စွာဘုရား၏ ကိုယ်ရောင်တော်ကြောင့် လောကတခွင် လုံး ဝင်းထိန်သာယာ ခဲ့နေသည်။

လပြည့်ဝန်းပမာ ကြည်လင် ဝင်းပသော မျက်နှာတော်မှာ သဗ္ဗညုတဉာဏ်တော်၏ ခြောက်သွယ်သောရောင်ခြည်အလျှံဖြင့် သပ္ပာယ်တော်မူပါပေ၏။

တမဟုတ်ချင်းပင် ဗုဒ္ဓမြတ်စွာသည် ပိမ္ဗိသာရမင်း လျှောက်ထားသောစကားကို ပြန်လည်ကြားယောင်မိလေသည်။

''အချင်း သိဒ္ဓတ္ထမင်းသား၊ နန်းစည်းစိမ်၌ တည်ငြိမ်စွာ မနေပဲ အဘယ်ကြောင့် တောရပ်ဝနေ၊ စုံမြိုင်ခြေ၌ လှည့်လည် နေသနည်း''

''သတ္တဝါအများအား လောဘ၊ ဒေါသ၊ မောဟ၊အမိုက် မှောင်မှုကာယ်ဘင်မည့်တရားကို ငါလိုက်ရှာနေသည် ပိမ္ဗိသာရ''

''ကျွန်ုပ်ပိုင်နိုင်ငံနှင့် စည်းစိမ်ကို တဝက်ခွဲပေးပါမည်။ တရားမရှာပါလေနှင့်''

''သင်မင်းကြီး၏စကားကို ငါသက်မခံ၊ ငါသည် သဗ္ဗညုတဉာဏ်ကိုရအောင်ရှာမည်။

''အိမ်း၊ အကယ်၍၊ သဗ္ဗညုတဉာဏ်ကိုရ၍ ဘုရားအဖြစ်သို့ ရောက်လျှင် ကျွန်ုပ်ထံ ဦးဆုံးကြွခဲ့ပါအရှင်''

ဤသို့ လျှောက်ထားသည်ကို သိဒ္ဓတ္ထဘုရားအလောင်းသည် ကောင်းပြီဟု ကတိပေးခဲ့သည်။

ထိုကတိအတိုင်း ပိမ္ဗိသာရမင်း နေပြည်တော်၊ ဗာရာဏသီသို့ ကြွချီရန် ဟန်ပြင်စဉ် ပဥ္စဝဂ္ဂီငါးဦးကို မြင်မိ၏။ ပဥ္စဝဂ္ဂီငါးဦး ရှိရာ မိဂဒါဝုန်ကိုဖြတ်ပြီးမှ ဗာရာဏသီပြည်သို့ ရောက်မည်ဖြစ်ရာ


နပဲ၊ ထောက်ရှာ၊ ပျဉ်းမာ၊ ဒဟတ်၊ တောစပ်ဝါးရုံ၊ ပင်ပေါင်း၊ စုံလှသည့် မိဂဒါဝုန်တောသို့ ရောက်လေသည်။

မိဂဒါဝုန်တောမှာ စိမ့်စမ်းရေတံခွန်ဖြင့် အလွန်လျှင် ငြိမ်းချမ်းသာလှ၏။ ကုန်းမို့မို့ပလ္လင်ထက်၌ ထိုင်လျှင် ပဥ္စဝဂ္ဂီငါးဦးတို့ရောက်ရှိလာကြသဖြင့် အလ္လာပ၊ သလ္လာပ၊ ကရဏီယကထာ မိန့်မြွက်ပြီးနောက် ပဥ္စဝဂ္ဂီ ငါးဦးတို့အား ဓမ္မစကြာတရားကို ဟောကြားတော်မူစဉ် ကျွန်ုပ်သည် ပဥ္စဝဂ္ဂီတို့အကြား၌ မြတ်ဘုရား ရှေ့မှောက်သို့ လက်အုပ်ချီ ရောက်ရှိကာ ရှိခိုးဝတ်ပြုပြီး ဖြစ်နေလေသည်။

ဤသည်မှာ အနောက်မျက်နှာဖက်သို့ လှည့်၍ ဘုရားဝတ်ပြုသောအခါ ပေါ်လာသော မြင်ကွင်းဖြစ်ပါ၏။ အထင်ပုံရိပ်မှန်ပါ၏။ ပစ္စုပ္ပန်ဒီသာအနောက်မျက်နှာဖက်တွင် မဇ္ဈိမဒေသခေါ် အိန္ဒိယပြည် ရှိပါသည်။

အိန္ဒိယပြည် ဂင်္ဂါမြစ်ဝှမ်း၊ ဗာရာဏသီမြို့မှ ၆-မိုင်အကွာတွင် ရှိသော မိဂဒါဝုန်တော၌ ဓမ္မစကြာတရားဟောသည့် ရုပ်ပုံတော်သည် ကျွန်ုပ်တော်၌ မကြာခဏ ထင်လာတတ်ပါသည်။ အမြဲမပြတ် ထင်လာသည်တော့မဟုတ်။

သောက ဗျာပါဒနှင့် ဝိတက်ဝိစာရများသော အခါသည် အမြင်မျိုးပေါ်မလာပါ။ ပေါ်လာသောအချိန် အခိုက်အတန့် ကေဂ္ဂတာအကျတွင် ကျွန်တော်၏ စိတ်ချမ်းသာမှုမှာ စာရေး မပြနိုင်အောင် ကြီးမားလှပါသည်။



မဟာဗောဓိ စေတီတော်

ဤစာရေးသူ အထွဋ်အမြတ်ထားသော မိဂဒါဝုန်တော အပြင် ထူးမြတ်သော မင်္ဂလာအောင်မြေများ ရှိပါသေးသည်။ ဗုဒ္ဓဘာသာဝင်တို့ အထွဋ်အမြတ်ထားရာဒေသများ ဖြစ်ပါ၏။ ထိုအောင်မြေများတွင် အထက်ပါ မိဂဒါဝုန်တောအပြင်—

(၁) ဂေါတမ ဘုရား အ လောင်း တော် ဖွား မြင် ရာ လုမ္ဗိနီဥယျာဉ်၊

(၂) သဗ္ဗညုတဉာဏ်တော် ရရှိတော်မူရာ မဟာဗောဓိ အောင်မြေ၊

(၃) ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံ အင်ကြင်းတော တို့ ပါဝင်သည်။

ကျွန်ုပ်၏စိတ်အာရုံသည် အောင်မြေတခုဖြစ်သော မဟာ ဗောဓိ အောင်မြေသို့ ရောက်သွားပြန်သည်။

မြတ်စွာဘုရား ပွင့်တော်မူရာ ဗုဒ္ဓဂါယာမြို့ဒေသ၏ မဟာ ဗောဓိစေတီတော်ကို ဖူးမြင်ပါသည်။ လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင်ကျော်က သီရိမ္ဘောသောကမင်းကြီး တည်ထားခဲ့ဘူး သော အထိမ်း အမှတ် စေတီ ဖြစ်သည်။ ဘုရားရှင် ပွင့်တော်မူ ကြောင်း မော်ကွန်းထိုးသည့် စေတီတော်ပြဖြစ်သည်။

ဗုဒ္ဓဂါဒိမင်းအဆက်ဆက်တို့ မွမ်းမံ ထိန်းသိမ်းစောင့်ရှောက် ခဲ့ပြီးနောက် ဗြိတိသျှအစိုးရလက်ထက် ရောက်လာသောအခါ မြန်မာဘုရင် မင်းတုန်းမင်း ပါဝင်မွမ်းမံခဲ့သေးသည်။

ထိုစေတီတော်ကြီးသည် ညာဏ်တော်အမြင့် ပေ ၁၇၀ ခန့် ရှိပြီး၊ အရင်းကားပြီးလျှင် အဖျားရှူးသော လေးထောင့်ပုံ သဏ္ဌာန်ရှိ၍ မြန်မာနိုင်ငံရှိ အခြားသော စေတီတို့နှင့် ပုံစံမတူပါ။ စေတီတော်သည် နှစ်ဆင့်ဖြစ်၍ အောက်ပိုင်းသည် ဂူကျောင်း ပုံဖြစ်သည်။ အတွင်း၌ ရုပ်ပွားတော်ထဆူ ကိန်းဝပ်လျက်ရှိ သည်။ စေတီတော်၏ ဖိနပ်ထောင့် လေးထောင့်၌ စေတီမကြီး၏ ပုံသဏ္ဌာန်မျိုး အရံစေတီ တဆူစီရှိလသည်။

မဟာဗောဓိ စေတီတော်၏ အနောက်ဖက်တွင် ပေတရာခန့် မြင့်သော မဟာဗောဓိပင် ရှိပါသည်။ ရွက်လည်းစိုပ်စိုပ်၊ စေ့စေ့သိပ်လျက်၊ ရိပ်လည်းမှိုင်မှိုင်၊ ပွင့်ဖူးလှိုင်သည့် ဤအပင် မြတ်တွင် ညောင်ရေသွန်းပွဲ ဆင်နွဲယင်း ဘုရား ကြည်ညိုကြ သော ဗုဒ္ဓဘာသာဝင် သူတော်စင်များကို မြင်တွေ့ ရပါ သည်။

အပရာဇိတ ပလ္လင်တော်၌ ခုနှစ်ရက်တိုင်တိုင် အရဟတ္တ ဖိုလ် ချမ်းသာကို ခံစားတော်မူသော မြတ်စွာဘုရား။
(ပလ္လင်္ကသတ္တာဟ)

ပလ္လင်၏ အရှေ့မြောက်ထောင့် ၁၀၄ ပေခန့် အကွာတွင် ရပ်တော်မူ၍ ပလ္လင်တော်နှင့် ဗောဓိပင်ကို ခုနှစ်ရက်တိုင်တိုင် ကြည့်ရှုတော်မူသည်။

ရတနာစင်္ကြန် ဖန်ဆင်းကာ ခုနှစ်ရက်ပတ်လုံး စင်္ကြန်ကြွသွားလျက် တရားဒေသနာ စီးဖြန်းတော်မူသော မြတ်စွာဘုရား (ရတနစင်္ကမနသတ္တာဟ)

မဟာဗောဓိ စေတီတော်ကြီး၏ အနောက်မြောက် ပေ ၃၀ ခန့်တွင် နတ်တို့ ဖန်ဆင်းသော ရတနာ ဃရရွှေအိမ်၌ ပဋ္ဌာန်းကျမ်းကို သုံးသပ်တော်မူသော မြတ်စွာဘုရား။ (ရတနဃရ သတ္တာဟ)

မဟာဗောဓိ စေတီတော်ကြီး၏ အရှေ့မြောက်နှာ ပေ ၅၀ ခန့်တွင် အဇပါလဓော် ဆိတ်ကျောင်း ညောင်ပင်၌ စံနေရင်း၊ မာရ်နတ်၏ သမီးတော် သုံးပါးနှင့် ဟုံဟုံက ပုဏ္ဏားတို့ကို ခုနှစ်ရက်တိုင်တိုင် ဆုံးမ အောင်မြင်တော် မူသော မြတ်စွာဘုရား။ (အဇပါလသတ္တာဟ)

စေတီတော်ကြီး၏ အရှေ့တောင်ဘက် ပေ ၁၇၀ ခန့်တွင် မုစ္စလိန္ဒာ အိုင်အနီး ကျည်းပင်ရင်း၌ မုစ္စလိန္ဒာ နဂါးမင်း၏ ပါးပျဉ်း အမိုးရိပ်ကို ခိုလှုံကာ ခုနှစ်ရက်ကြာ ဒေသနာ ပွားတော်မူသော မြတ်စွာဘုရား။ (မုစ္စလိန္ဒသတ္တာဟ)

ထိုမှတဖန် မဟာဗောဓိ စေတီတော်၏ တောင်ဖက် ပေ ၅၀ ခန့်အကွာ၊ လင်းလွန်းပင်ရိပ်၌ ခုနှစ်ရက်ကာ တရားစီးဖြန်း တော်မူသော မြတ်စွာဘုရား။ (ရာဇာယတနသတ္တာဟ)

ပထမံ ဗောဓိပလ္လင်္က

ဒုတိယံ အနိမိသာဥ္စ။

တတိယံ စင်္ကမဋ္ဌာနံ။

စတုတ္ထံ ရတနဃရံ။

ပဉ္စမံ အဇပါလဉ္စ။

မုစ္စလိန္ဒေန ဆဋ္ဌမံ။

သတ္တမံ ရာဇာယတနံ။

ဣမေ သတ္တမဟာဌာနေ

ဗုဒ္ဓါဘိဝတိ ဇယတိ။

ဗုဒ္ဓအာဝစ်၊ ဘုရားဖြစ်၍ အောင်မြင်တော်မူသော မြတ်စွာဘုရားအား ညွှတ်ပြောင်းဦးချ၊ ခါနိစ္စပါဘုရား၊

ထိုမှတပါး၊ မလ္လာမင်းတို့တိုင်း၊ ကုသိနာရုံ၊ ရင်္ဂုသာမော၊ အင်ကြွင်းတော ပန်းဥယျာဉ်၌ မဟာသက္ကရာဇ် တရာလေးဆယ့် ရှစ် ကဆုန်လပြည့် အင်္ဂါနေ့ဘွင် ဘုရားသခင် နောက်ဆုံးဟော မြွက်ခဲ့သော –

ဟန္ဒဒါနိ၊ ဘိက္ခဝေ။

အမန္တယာမိဝေါ။

ဝယဓမ္မာ၊ သင်္ခါရာ။

အပ္ပမာဒေန၊ သမ္ပာဒေထ။

"ငါ၏ချစ်သား၊ ရဟန်းများတို့။ ငါကိုယ်တော်သည်၊ ပင်ပန်းလှချေ၏။ ခန္ဓာဝန်ကိုဆောင်ထားရသည်မှာ ပင်ပန်းနွမ်းယိုလှပေသည်။ သင်္ခါရဓမ္မအားလုံးသည် ပျက်စီးခြင်းတရား၌ နောက်ဆုံးဖြစ်ချေ၏။ ... ဘိက္ခဝေ၊ အိုရဟန်းတို့၊ မမေ့မလျော့၊ မပေါ့သော သဘောထားဖြင့် ကျင့်သုံး ဆောင်တည် ကြကုန်လော့...."

မြတ်စွာဘုရား၏ နောက်ဆုံး ဩဝါဒသည်၊ ဘုရားတပည့်တော်၏ နားဝ၌ ပဲ့တင်ထပ်လျက် ရှိပါသည်ဘုရား။

ဗုဒ္ဓမြတ်စွာပွင့်တော်မူရာ အိန္ဒိယနိုင်ငံတွင် ရှေးက တနိုင်ငံလုံးနီးနီး ကိုးကွယ်ခဲ့ကြသော ဗုဒ္ဓဘာသာသည် လေ့န်ဆန်နိုင်သော ခေတ်ကာလကြောင့် ဆုတ်ယုတ်လာခဲ့ပါသည်။

ယခု ခုတိယဇင်ပြီးကာလတွင် ဗုဒ္ဓဘာသာ ပြန်လည်ထွန်းကားလာသည်ကို တွေ့ရပါသည်။

၁၉၆၁၊ ၁၉၇၁၊ ဆယ်နှစ်တာအတွင်း ဗုဒ္ဓဘာသာဝင် (၂၀)ရာခိုင်နှုန်း တိုးလာသည်ကို တွေ့ရသဖြင့် အားရဖွယ်ဖြစ်ပါသည်။ ဤသည်မှာ အစိုးရပြန်တမ်းတခုအရ ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင် ခေါင်းဆောင်တဦးကမူ ၁၉ဂ၁ ခုနှစ်တွင် အိန္ဒိယ၌ ဗုဒ္ဓဘာသာဝင်သန်း (၂၀)ရှိသည်ဟု ၁၉ဂ၁-ခုနှစ်၊ အောက်တိုဘာလ(၁၂)ရက်နေ့က ပြောကြားပါသည်။

**အထောက်အထား၊ အကိုးအကားစာအုပ်များ**

(၁) အိန္ဒိယပြန် စာရေးဆရာ နတ်မောက်ဘုန်းကျော်

(၂) ရွှယ်စုံကျမ်းအတွဲ ဂ၊၈၁-၁၅၀၊ ၁၅၁

(၃) ၁၉၆၁-အိန္ဒိယပြည်

(၄) ၁၉၇၃-အိန္ဒိယ အင်္ဂလိပ်ဘာသာရိုက်)

(၅) မြန်မာ့သတင်းစဉ်(ပြည်ပ)သတင်းလွှာများ

# သာသနာပြန့်ရာ တက္ကသိလာ

မဇ္ဈိမဒေသ အိန္ဒိယမြေမှန်မှ အနောက်မြောက်ယွန်းသို့လှန်၍ ကြည့်လိုက်သော် သာသနာပြန့်ရာ မြေမှန်ချာ တက္ကသိလာနယ်မြေကို တွေ့ရပါသည်။

ပါကစ္စတန်နိုင်ငံ၏ အရှေ့မြောက်ပိုင်း ပက်ရှဝါမြို့ပတ်ဝန်းကျင် ဒေသကို ရှေးက ဂန္ဓာရတိုင်းဟု ခေါ်ပါသည်။ ဂန္ဓာရတိုင်း တက္ကသိလာ မြို့တွင် တက္ကသိုလ် ကျောင်း တော်ကြီး ရှိပါသည်။ သာသနာခေတ်၏ အဦးအစပိုင်း၌ ပေါ်ထွက်လာခဲ့သော ဗုဒ္ဓတက္ကသိုလ်ကြီး ဖြစ်ပါသည်။ ထိုတက္ကသိလာ မြို့ဒေသကို ယခု တက္ကသိလာဟု ခေါ်ပါသည်။

ထိုမြို့ရှိ တက္ကသိုလ်ကျောင်းတော်ကြီးတွင် ဗုဒ္ဓစာပေ၊ ဗုဒ္ဓတရားတော်များကို ပို့ချသင်ပြကာ သာသနာပြန့်သောအခါ အနောက်ဖက် ခေါမတိုင်းအထိ ပြန့်ပွားခဲ့ပါသည်။ အာရှအလယ်ပိုင်းတိုင်းပြည်များကိုကျော်ဖြတ်၍ တရုတ်ပြည်သို့လည်း သာသနာရောင်ခြည် ဖြာခဲ့ပါသည်။

သာသနာသက္ကရာဇ် ၄၅၅-ခုနှစ်လောက်တွင် ဂန္ဓာရတိုင်းသို့ ဂရိလူမျိုးတို့ ရောက်ရှိသိမ်းပိုက်သောအခါ ဂရိဘုရင်၏သဘောထားကြီးမှုကြောင့် သာသနာတော် ထွန်းကားလာပြန်သည်။ ထိုဂရိဘုရင်၏ အဆက်အနွယ်ဖြစ်သော မေနန္ဒခေါ် မိလိန္ဒဘုရင်

သည် ရှင်နာဂသေနမထေရ်နှင့်တွေ့ပြီးနောက်၊ဗုဒ္ဓတရားတော်ကို ဆွေးနွေး ကြားနာရသည့် အခါ သာသနာ့ ဒါယကာ ဖြစ်လာသည်။ ဆရာတော်နှင့် မင်းတရား အပြန်အလှန် ဆွေးနွေးခဲ့ကြသော ကျမ်းကို မိလိန္ဒပဉှာကျမ်းဟု ခေါ်ပါသည်။

ဂရိလူမျိုး လက်မှုပညာရှင်တို့သည် မြတ်စွာဘုရား ရုပ်ပွားတော်၊ဆင်းတုတော်များကို လက်ရာမြောက်စွာထုလုပ်ကြသဖြင့် ရုပ်ပွားဆင်းတုသွန်းထု ကိုးကွယ်မှုအရှိန်အဝါ တိုးမြင့်လာလေသည်။

သာသနာ သက္ကရာဇ် – ၆၂၂ ခုနှစ်တွင် ကနိသ်ကမင်း လက်ထက်သို့ ရောက်သောအခါ သိရိမမှာ သောကမင်းကဲ့သို့ အိန္ဒိယနိုင်ငံကို ဗုဒ္ဓဘာသာ နိုင်ငံတော် ဖြစ်လာအောင် ဆောင်ရွက်တော်မူသည်။ ထိုခေတ်တွင် ထီးနန်းစိုက်ရာ ပုရုသျှပုရ (ယခုပက်ရှဝါ) နေပြည်တော်မှ စ၍ မြောက်ဖက် သို့သွား အာရှတိုက်အလယ်ပိုင်းနှင့် တရုတ်နိုင်ငံသို့ ဗုဒ္ဓသာသနာ ပြန့်ပွား ခဲ့လေသည်။

ကနိသ်ကမင်းသည် ကျမ်းဂန်တတ်သံဃာတော်များကိုပင့်၍ ဗုဒ္ဓသာသနာတော်၌ ဖြင့်ရှိသော အညစ်အကြေးနှင့် အယူမှားဆ မှားသွင်းချက်များ ပေါ်ပေါက် လာသည် များကို သုတ်သင်ရန် သင်္ဂါယနာသတင် ကျင်းပခဲ့သည်။ (ယင်းသင်္ဂါယနာ တင်ခြင်းကို ထေရဝါဒဂိုဏ်းက အသိအမှတ်မပြုပေ။)

ကနိဿကမင်း အုပ်စိုးသော ဂန္ဓာရတိုင်းသည် မဟာယာန ဗုဒ္ဓဘာသာ စည်ပင်တိုးတက်ရာ ဌာနတခု ဖြစ်လာသည်။ မဟာယာနဂိုဏ်းက ကြီးမှူးတည်ထောင်သော တက္ကသိုလ အစရှိသည့် မြို့များမှ ဗုဒ္ဓတက္ကသိုလ်များသို့ ရဟန်းများ၊ လူပုဂ္ဂိုလ်များ၊ ဆုတောင်းသူများ လာရောက်ခါ ဗုဒ္ဓအယူဝါဒကို သင်အံကြသည်။

တက္ကသိုလ၊ ဂန္ဓာရ၌၊ ဗုဒ္ဓသာသနာ ပွင့်လင်းဖြာစဉ်၊ မြတ်စွာဘုရား ရုပ်တုတော်ကို အထက်က ဆိုခဲ့သည့်အတိုင်း လက်ရာမြောက်စွာ ထုလုပ် ကိုးကွယ်ကြသည့် အခါ မြတ်စွာဘုရား၏ သဘာဝ ကိုယ်နေ ကိုယ်ဟန် အတိုင်း ထုလုပ်ကြသည်ကို တွေ့ရပါသည်။

ဥပမာ သဗ္ဗညုတဉာဏ် ဆင်ခြင်ယင်း ရှုခန်ဝင်စားပုံ။ ဓမ္မစကြာ ဒေသနာတော် ဟောကြားပုံ။ ဓမ္မစကြာရစရိယကျင့်ပုံ စသည်တို့၌ အလွန်ပင် အသက်ဝင်ပါသည်။

ပါကစ္စတန်နိုင်ငံ ပက်ရှဝါမြို့ ပြတိုက်၌ တွေ့ရသော နံရိုးပြိုင်းပြိုင်းထပြီး၊ အရိုးနှင့် အရေသာ ကျန်သော ကျင့်ကြံဆောက်တည်ခဲ့ပုံကို သရုပ်ဆောင်သည့် ကျောက်ဆင်းတုပုံတော် ဖြစ်သည်။ ထိုပုံတော်၏ အောက်ခံ ပလ္လင်တွင် ဗောဓိသတ္တ၏ ဘဝဖြစ်စဉ်ကို ရုပ်ပုံတွင်ပြထားသေးသည်။

ယင်းသို့ သဘာဝကျစွာ ထုလုပ်မှုကို 'ဂရိဗုဒ္ဓဘာသာ အနုပညာ' ဟု ခေါ်ပါသည် [illegible]နှင့် အလွန်နီးကပ်ပါသည်။

ဂန္ဓာရတိုင်း သာသနာ ပွင့်လင်းသည့် ခေတ်တွင် ဘုရား ရှင်ကို အလွန် ကြည်ညိုသော 'တတ္တိ' ဝါဒ ပေါ်ထွက်လာ သည်နှင့် လိုက်ဖက်ညီစွာ ကြည်ညိုဖွယ် ဆင်းတုတော်များ ထွန်း ကား တိုးတက်လာသည်။

မြတ်စွာဘုရား၏ ဆံကေသာထုံး ဖွဲ့တည်နေပုံများ၊ ဥဏှာလုံ မွေးရှင် တည်ရှိပုံများ၊ အလိုင်းလိုင်း ထနေသော ကိုယ်ရုံ သင်္ကန်းများ၊ ရပ်တော်မူ၊ လျှောင်းတော်မူ၊ ထိုင်ကိုယ်တော် စသောပုံတော်များ၊ ကိုယ်နေလက်ထား ပုံစံများ စသည်တို့မှာ ကြည်ညိုသူ ဘဝင်ခိုက်အောင် သိုက်မြိုက် သပ္ပာယ်လှပေသည်။

သာသနာတော် ပြန့်ပွားရာတွင် ပုထိုး၊ ဂူကျောင်း၊ ဗိမာန် တို့က အထောက်အကူ ပြုသကဲ့သို့ ထိုစေတီပုထိုး ရုပ်လုံး၊ ရုပ်တု ရုပ်ကြွ၊ ပန်းချီတို့ကလည်း များစွာ ဖွံ့ဖြိုးစေခဲ့သည်။

ဘုရားကားများ၊ ရုပ်ပွားတော်၏ ပန်းချီပုံတော်များ ငြိမ် ပြင်ပြင်၊ ပကတိအသွင် ဖန်တည်းသော ခေတ်ပုံများသည် သာသနာ၊ ဘာသာရေးကို အားပေးကြပါသည်။ ထိုပန်းချီ၊ ပန်းပုပညာရှင် စသည်တို့သည်။ အနုပညာဖြင့် သာသနာပြုကြ သဖြင့် သာဓုအနု မောဒနာ ပြုကြရမည့်သူများ ဖြစ်ပါသည်။

ဗုဒ္ဓဝင်ဖြစ်စဉ်ကို စာပန်းချီချယ်သူ တရားမြတ် ဓေသနာကို ရှင်းလင်းတင်ပြ ရေးသားသူများ အပါအဝင် ရဟန်းရှင်

လူ့ စာပေပညာရှင်တို့သည်လည်း ကောင်းချီးပေးရမည့် ပုဂ္ဂိုလ်များဖြစ်ပါသည်။

လေးသခေါ်နှင့် ကမ္ဘာတသိန်း ပါရမီဖြစ်ခဲ့ရသည် သာမက နောက်ဆုံးဘဝ၌ အချိန်နှင့် အရေသာကျန်သည် အထိ တရားရှာဖွေခဲ့သော မြတ်စွာဘုရား လောင်းဗောဓိသတ္တ၏ ပုံတော်ကို ရှုမြင်ဝင်စားရင်း သဗ္ဗညုတဉာဏ်၊ ဘုရားသခင်အား ကြည်လင်စေတနာ မြတ်နိုးစွာဖြင့် ဝန္ဒာမိပါသည် ဘုရား။

အထောက်အကိုးစာရင်း

(၁) မြန်မာ့စွယ်စုံကျမ်း အတွဲ ၇–စာမျက်နှာ ၁၆၂၊ ၁၆၃

(၂) ပညာပဒေသာ၊ ဇွန်၊ ၁၉၅၃၊ ဒေါက်တာဇော်ထွန်းရေး ကုသျှန်ခေတ် ဗိသုကာပညာ၊

# အနောက်နိုင်ငံများမှ ဗုဒ္ဓရောင်ခြည်

ပစ္ဆိမာရအနုဒီသာရ၊ အနောက်မြောက်ဖက် ဗာဟုသောတနှင့် ဆီသို့ ကိုယ်ကိုတူရူပြုကာ သဒ္ဒါကြည်လင်၊ အာရုံဝင်လိုက်သော အခါ အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့ရှိ အမေရိကန်အသံမှ လွှင့်ပို့လာသည့် တောင်ပုလု ဆရာတော်၏ သြဝါဒကထာကို ဤသို့ ကြားလိုက် ရပါသည်။

“ယခုအခါ ဝါရှင်တန်၌ နေတဲ့ အခိုက် အဘန်း၊ မြန်မာပြည်ရှိ တပည့်အများ အားလုံး သိရှိကြရန်မှာ၊ ကုသိုလ်နှင့်စပ်လျဉ်း၍ ဒါန ကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်လို့ သုံးမျိုးသုံးစား၊ သုံးပါးအပြား ရှိတယ်။ ထိုသုံးမျိုး သုံးစား ရှိသည်တို့တွင် တဆင့်ပြီး တဆင့် မြင့်မြတ်သွားပုံ၊ ဒါန ကုသိုလ်ထက် သီလ ကုသိုလ်က မြတ်တယ်၊ အားကောင်းတယ်၊ အားကြီး တယ်၊ သီလကုသိုလ်ထက် ဘာဝနာကုသိုလ်က မြတ် တယ်၊အားကောင်းတယ်၊ အားကြီးတယ်၊ ဝိပဿနာ တရားကိုလဲ မည်သည့် မည်ဝါ တရားဟူ၍ မပိုင်းခြား မမှတ်သားပဲ တရားဟော်မှန်က ကိလေသာကုန်ကြောင်း ဖြစ်၍ ကောင်းသည်ချည်းပါပဲ၊ ဒါကြောင့် ဝိပဿနာ တရားကိုလဲပဲ ကိုယ်တတ်အားသရွေ့ ပွားများ အားထုတ်ကြဖို့အထူးသဖြင့်သတိရအောင် ဆုံးမဩဝါဒပေး လိုက်သည်။”

တောင်ပုလု တောရ ကမ္ဘာအေးဆရာတော် ဘုရားကြီး၏။ ဝိပဿနာနှင့် စပ်လျဉ်းသော ဆုံးမစာကို ဆင်ခြင်မိပါသည်။

၁၉၇၁-ခုနှစ်၊ ဇူလိုင်လတွင် မိန့်မြွက်သည့် သတိပေးစာ ဖြစ်သည်။ ဆရာတော်သည် နောက်ပါသံဃာလေးပါးနှင့်အတူ အမေရိကန်သို့ ပထမအကြိမ် သာသနာပြုရောက်ရှိပြီး၊ ၁၉၇၁ ခုနှစ်တွင် ဒုတိယအကြိမ် ပြန်လည်ကြွရောက် ဟောပြော ပြုညွှန် သွန်သင်လှုံ့ဆော်ခြင်းဖြစ်သည်။ ထေရဝါဒ သာသနာပြန့်စေခြင်း ဖြစ်၏။

ဆရာတော်ဘုရားကြီး နှင့် အဖွဲ့သည် ဝါရှင်တန်မြို့တော် ထိုင်း ဘုန်း ကြီး ကျောင်း နှင့် ဗုဒ္ဓ ဝိဟာရ သီရိလင်္ကာ ဘုန်း ကြီး ကျောင်း၌ ဗုဒ္ဓဘာသာဝင် လူရွယ်များကို ပဉ္စင်းဘောင်သို့ သွတ်သွင်းခြင်း၊ လူငယ်မျာကို သာမဏေဘောင်သို့ သွင်းခြင်း စသည်တို့ဖြင့် ချီးမြှင့်ပါသည်။ မြို့ကြီးမြို့ငယ် အသီးသီးသို့ ကြွရောက်၍ လူမျိုးစုံပါဝင်သော တရားနာပရိသတ်တို့အား တရားဓမ္မဟောပြခြင်းတို့ဖြင့် သာသနာပြုခဲ့သည်။

ထို့နည်းအတူရန်ကုန်မြို့မဟာစည်ဆရာတော်ကြီးသည်နောက်ပါ သံဃာလေးပါးနှင့်အတူ အမေရိကန်နိုင်ငံသို့ ၁၉၇၉-ခုနှစ် ဧပြီလတွင် ရောက်ရှိပြီး တရားရေအေး တိုက်ကျွေး ပါသည်။ သိမ်သမုတ်ခြင်းအပါအဝင် သံဃာကိစ္စများကို ပြုပြီး ရှုမှတ်ဆင်ခြင်၊ ကသိုဏ်းခွင်ဝင်၍ တရားဆောက်တည်ပုံကို ဟောပြပါ

သဖြင့် အမေရိကန်ပြည်၌ ထေရဝါဒ ဗုဒ္ဓသာသနာ ရောင်ဝါ ပို၍ လင်းထိန်စေကြပါသည်။

အမေရိကန်ပြည်သို့ စောဦးစွာရောက်ရှိသော ဗုဒ္ဓသာသနာမှာ မဟာယနဝါဒဖြစ်ပါသည်။ အမေရိကန် သာသနာဝင်ကို ဤသို့ ဖတ်ရှုတွေ့မြင်ဘူးပါသည်။

## အမေရိကန် သာသနာဝင်

အမေရိကန်သို့ ဗုဒ္ဓဘာသာ ရောက်ရှိလာသည်မှာ အနှစ် တရာမျှရှိမျှပြီ။ ကျွန်ုပ်တို့ သိရသလောက် ဗုဒ္ဓဘာသာကို အမေရိကန်သို့ စတင်ယူဆောင်လာကြသူများမှာ တရုတ်အမျိုးသားများဖြစ်သည်။ ယင်း တရုတ်ဗုဒ္ဓဘာသာဝင်တို့သည် မိရိုးဖလာ ဗုဒ္ဓဘာသာကိုးကွယ်မှုမျှလောက်သာဖြစ်ပြီး၊ ဘာသာပြန့်ပွားရေးအတွက် တိတိပပ အားထုတ် ဆောင်ရွက်ခြင်း မရှိခဲ့ပေ။

တရုတ်များနှင့်အတူ ဗုဒ္ဓဘာသာဝင် ဂျပန်တို့ အမေရိကန်နိုင်ငံသို့ ရောက်ရှိလာခဲ့ရာ ဗုဒ္ဓဘာသာဆိုင်ရာ ဝတ္တရားများကို ဆောင်ရွက်ကြသည်။ အမေရိကန် ပြည်ထောင်စု၌ ပထမဆုံး သိရှိရသည့် ဗုဒ္ဓဘာသာ အဖွဲ့အစည်းမှာ၊ "ဗုဒ္ဓဘာသာ လူငယ်များအသင်း၊ ဝိုင်အမ်ဘီအေ" ဖြစ်သည်။ ဂျပန်ဂျိုဒိုရှင်ဆုဂိုဏ်း ဗုဒ္ဓဘာသာဝင်များက ၁၈၉၈ – ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့

တွင် စတင်ထူထောင်သည်။ ၁၈၉၉ – ခုနှစ်တွင် ဆန်ဖရန်စစ္စ ကိုမြို့၌ ဘုရားကျောင်း တဆောင် ဆောက်လုပ် လှူဒါန်းကြ သည်။ နောက်တနှစ် အကြာတွင် ၎င်းအမ်ဘီအေ အဖွဲ့ကို " ဆန်ဖရန်စစ္စကို ဗုဒ္ဓဘုရားကျောင်း " ဟု ပြောင်းလဲခေါ်တွင် ခဲ့၏။

ယင်းအဖွဲ့သည်ဗုဒ္ဓသာသနာပြန့်ပွားရေးကိုဆက်လက်ဆောင် ရွက်ခဲ့ရာ ဟဝိုင်းယီကျွန်းတွင် ကျောင်းခွဲ ၃၀ ကျော်။ အမေ ရိကန်ပြည်မ၌ ၃၆ ကျော်။ ကနေဒါတွင် ၁၅ ကျောင်းတို့ ဖြင့် ဘာသာရေး ကျင့်ဝတ်များကို ကျင့်သုံး ခံယူလျက် ရှိသည်။

ယင်းဗုဒ္ဓဂိုဏ်းကြီး ပြီးသည့်နောက် ဒုတိယအကြီးဆုံး ဗုဒ္ဓ ဂိုဏ်းမှာ ဂျပန်ဆိုတိုဇင်ရှုဂိုဏ်းဖြစ်၍ ထိုဂိုဏ်း၏ စီမံကွပ်ကဲမှု ခံယူ သောကျောင်းများမှာ ဟဝိုင်ယီကျွန်း၌ ၁၀ ကျောင်း၊ အမေ ရိကန်ပြည်မ၌ ၇ ကျောင်းနှင့် ကနေဒါ၌ တကျောင်း ရှိလေ သည်။



## ဗုဒ္ဓဝိဟာရရှိ ဗုဒ္ဓရုပ်ပွားတော်

ဇင်ဗုဒ္ဓဘာသာဝင်ကို လေ့လာလိုက်စား သူများလည်း ပေါ်များလာခဲ့သည်။ ဂျပန်လူမျိုး၊ ဥရောဘ်လူမျိုးများ အပြင် ကော့ကေးဆပ်လူမျိုး အတော်များများ မှာလည်း ဗုဒ္ဓဘာသာကို လေ့လာလိုက်စား နေကြသည်။

အမေရိကန်၌ အကြီးဆုံး တရုတ်ဗုဒ္ဓဘာသာ အဖွဲ့မှာ ယထိုင်ယီရှိ တရုတ်ဗုဒ္ဓဘာသာ အသင်းဖြစ်၏ ဒုတိယ အကြီးဆုံးမှာမူ စံဖရန်စစ္စကိုမြို့ရှိ 'ဗုဒ္ဓစကြာဝဠာ' ကျောင်းတော်ပင်ဖြစ်သည်။

ဗုဒ္ဓဘာသာကို အာရှ၌ လေ့လာခဲ့ပြီးနောက်၊ ကြည်ညိုကိုင်းရှိုင်းမှုရှိသော ဒေါက်တာကု (တ်) အက်ဖ်လိုင်ဒက္ကာဆိုသူ အမေရိကန်အမျိုးသားတဦးသည် ဝါရှင်တန်မြို့တော်၌ "ဗုဒ္ဓဘာသာ မိတ်ဆွေများ" အသင်းကို ထူထောင်ခဲ့ဘူးသည်။ ဝါရှင်တန်မြို့တော်ရှိ ဗုဒ္ဓဘာသာနိုင်ငံသံရုံးများမှ အကူအညီရရှိခဲ့သဖြင့် ဗုဒ္ဓဘာသာမိတ်ဆွေများအသင်းသည် "ဗီဆက်" ခေါ် ဗုဒ္ဓနေ့ကို နှစ်စဉ်နှစ်တိုင်း ကျင်းပခဲ့သည်။ ဗီဆက်သည် ဝါဆိုလပြည့် ဗုဒ္ဓနေ့နှင့်တူညီသည်။ တိဗက်ဗုဒ္ဓဘာသာအနွယ်ဖြစ်၏။

အမေရိကန်နိုင်ငံသားများအတွင်း၌ ဗုဒ္ဓဘာသာ ပြန့်နှံ့လာရသည့်အကြောင်းတပါးကို တွေ့ရှိရသည်။ ခရစ်ယန်ဘုန်းကြီးတပါး၏ သားဖြစ်သော (ရော ဘတ် ကသစ် ဖဘန်) ဆိုသူသည် ဆာအက်ဒွက်အာနိုးလ်၏ 'အာရှအလင်းရောင်' ခေါ် ဗုဒ္ဓဘာသာပြန် ဆောင်းပါးများကို ဖတ်ရှုရာမှ တရားတော်ကို ကြည်ညိုကိုင်းရှိုင်းမိကာ ၁၉၃၃-ခုနှစ်တွင် ရဟန်းဘောင်သို့ ဝင်ခဲ့သည်။

"မောခိညောင်ရွက်များ" ဟု ခေါ်သောစာစောင်များကို

၁၉၅၃-ခုနှစ် စ၍ ဖြန့်ချိခဲ့သည်။ ဆရာတော် ရေဘတ်သည် ဂိုဏ်းဂဏအမျိုးမျိုးကွဲပြားနေသောဗုဒ္ဓဘာသာဝင်များကို တစုတည်း၊တပြေးညီသော ဗုဒ္ဓဘာသာဖြစ်ရန်ကြိုးပမ်းလျက်ရှိသည်။ ဆရာတော်ရေဘတ်၏ ကြိုးပမ်းချက်ကြောင့် ဝါရှင်တန်မြို့ နယူးရောက်မြို့၊ ဖီလာဒဲလ်ဖီးယားမြို့၊ ရှီကာဂိုမြို့၊ ကလီဗီလင်းမြို့များနှင့် ကာလီဖိုးနီးယားပြည်နယ်များ၌ "ဗုဒ္ဓဘာသာမိတ်ဆွေများအသင်း"ကို ထူထောင်ဖွဲ့စည်းကြသည်။

မဟာ ယန ဂိုဏ်း နှင့် ယင်း ဂိုဏ်း အနွယ် အ ဆက် ရှိ သော ဘာသာရေးအဖွဲ့အမျိုးမျိုးကို သက်ဝင်ယုံကြည်သူ အာရှသားတို့ ရောက်ရှိပြီးနောက် သီဟိုဠ်၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဒလာနိုပ်ငံတို့မှဗုဒ္ဓဘာသာဝင်တို့သည် အမေရိကန်သို့ရောက်ရှိလာကြသောအခါတွင် ထေရဝါဒ ဗုဒ္ဓဘာသာ ပြန့်နှံ့လာပါသည်။

မြန်မာနိုင်ငံမှ ဆရာတော်ဦးသေဋ္ဌိလနှင့် အနီးစခန်းဆရာတော်တို့သည် အမေရိကန်သို့ သွားရောက်၍ တရားဓမ္မဟောပြောခဲ့ဘူးသည်။အီတလီကုန်းတော်ကြီးဦးမလာကနာထလည်းထေရဝါဒီ သာသနာဟောပြောခဲ့ရာ ယခုအခါ အမေရိကန်ပြည်ထောင်စု၌ ဗုဒ္ဓဘာသာဝင်(၆၀၀၀၀)ရှိသည်ကိုတွေ့ရသည်။ သည်။

ထေရဝါဒ ဗုဒ္ဓသာသနာ ဥယျာဉ် ကြီးသည် ဖန်းစုံပွင့်၍ ဘင့်ရှန်း ဝင်းပ၊ ရနံ့လှိုင်လှိုင်၊ ကြိုင်တသင်းသင်း ဖြစ်လာစေရန်မြေဩဇာကျွေး၊ ရေလောင်းပေးကြသော ဆရာတော်များကို ဦးချမီပါသည်။ ဝါရှင်တန်မြို့ ဗုဒ္ဓ ဝိဟာရတွင်ရှိသော ရုပ်ပွားတော်၊ ဆန်ဖရန်စစ္စကိုမြို့ "စကြာဝဠာဗုဒ္ဓကျောင်းတော်ရှိ ဗုဒ္ဓရုပ်ပုံတော်တို့ကို မြဲလာတင်လာအောင်ဆင်ခြင်ယင်း ခြေတော်ဦးခိုက် ရှိခိုးလိုက်ပါသည်ဘုရား။"

## အထောက်အကိုးကျမ်းများ

(၁) လင်းရောင်ခြည် အတွဲ ၁၄ အမှတ် ၄

(၂) လင်းရောင်ခြည်ရှုဖွယ် ဒီဇင်ဘာ ၈၁

(၃) ရီးဒါးဒိုက် ဂျက်နှစ်ချုပ် ၁၉၈၁

(၄) ဆရာတော်ရှင် ဇနကာဘိဝံသ၏ နိုင်ငံခြားမှ ပေးစာများ။

## ဥရောပဗုဒ္ဓသာသနာ

တောင်ပုလု ဆရာတော်နှင့် မဟာစည် ဆရာတော်ဘုရားများကြောင့် အမေရိကန် ပြည်ထောင်စု၌ သာမက ဗြိတိန်နိုင်ငံ၌ပါ သာသနာ အရှိန် မြင့်လာခဲ့သည်။

မင်းတုန်းမင်းအုပ်စိုးစဉ်ကာလကပင်ဗုဒ္ဓဘာသာကြည်ညိုကိုင်းရှိုင်းသူများ ဗြိတိန်နိုင်ငံ၌ ရှိနေကြသည်။ သီပေါမင်းလက်ထက်တွင် အင်္ဂလန်သို့ ရောက်သွားသော မြန်မာအစိုးရ အဖွဲ့ဝင်ဘဦးသည် ဗုဒ္ဓဘာသာဝင် အင်္ဂလိပ် အမျိုးသားတဦးနှင့် တွေ့ဆုံရပုံကို ဖတ်ရှုသိရှိခဲ့ပါသည်။

ဗြိတိသျှအစိုးရ လက်ထက်သို့ ရောက်သောအခါ နှစ်နိုင်ငံကူးလူးဆက်ဆံ ကြသဖြင့် ဗုဒ္ဓဘာသာဝင်တို့ ပိုမိုများပြားလာပါသည်။

ပါဠိဘာသာ လေ့လာလိုက်စားမှုမှစ၍ ဗုဒ္ဓဘာသာလေ့လာရေးအဖွဲ့များ ပေါ်ထွက် လာသည်နှင့်အမျှ ဗုဒ္ဓဓမ္မပြန့်ပွား စိမ့်ဝင်လာပါသည်။ အထူးသဖြင့် မဟာဗောဓိ ပါဠိ အသင်းကြီး၏

လှူဆော်မှု၊ လယ်တီ ဆရာတော် ဘုရားကြီး၏ တရားမြိုက်ဆေး ရေးသား ဟောပြသည့် ကျမ်းဂန် အဝဝ၏ အ ကျိုး ကျေးဇူးကြောင့် ဗုဒ္ဓဘာသာဝင်တွေ နှယ်ယှက် ပြန့်နှံ့လာပါသည်။ ဗုဒ္ဓသာသနာ ပြုရာတွင် လန်ဒန် ဗုဒ္ဓဘာသာ အသင်းသည် နှစ်အရှည်ဆုံးဖြစ်သည်။

အင်္ဂလန်၊ စကော့တလံ၊ အိုင်ယာလန် အပါအဝင်၊ ဂရိတ် ဗြိတိန်နိုင်ငံတွင် ဗုဒ္ဓဘာသာအသင်း အဖွဲ့ပေါင်း ၁၅၀ ကျော် ရှိရာ မဟာယန ဗုဒ္ဓဘာသာ အဖွဲ့ကပို၍ များပြားသည်။ ဗြိတိန်၌ ဗုဒ္ဓဘာသာဝင် ထောင်ချီပြီးရှိသည်။

လန်ဒန်မြို့တွင် ဗုဒ္ဓအဖွဲ့ ၁၀ ဖွဲ့ထက်မနည်း ရှိသည်။ ဗုဒ္ဓ ဘာသာဝင်တို့ စုစည်းရာ ဗဟိုစခန်းမှာ လန်ဒန်မြို့ဖြစ်သည်၊ လန်ဒန်တွင် ဝိဟာရခေါ် ဘုန်းကြီးကျောင်း သုံးကျောင်းရှိ သည်။ ထိုင်းအစိုးရ အထောက်အပံ့ဖြင့် တည်ထားသော ယိုးဒယား ဝိဟာရ၊ သီဟိုဠ်ဝိဟာရနှင့် ဗြိတိသျှ အမေရိကန် ဘုန်းတော်ကြီးတို့၏ ဝိဟာရများဖြစ်သည်။

အဆိုပါ ဝိဟာရတို့မှာ ထေရဝါဒ ဗုဒ္ဓဘာသာများဖြစ်ပြီး၊ လန်ဒန်ဗုဒ္ဓဘာသာအသင်းကြီးမှာ မဟာယနဗုဒ္ဓဘာသာဝင်က လွှမ်းမိုးနေသည်။

စကော့တလန်ရှိ ဆမြေလင်း တိဗက် ဘုန်းကြီးကျောင်းသည် ကမ္ဘာ့ငွာန်း ဘာဝနာ ပွားဖွယ် ကောင်း သော စခန်း ဖြစ်သည်။ လော့ကားဗီးမြို့ အနီးရှိ တောင်ကုန်းပေါ်တွင် တည်ဆောက်ထား၍ တကယ့်တောရကျောင်းတိုက်ဖြစ်သည်။

လားမာဒဘုန်းတော်ကြီးတို့၏ တရားဒေသနာကို နှစ်ခြိုက်ကြည်ညိုသူများရှိကြသကဲ့သို့ အင်္ဂလိပ်၊ အမေရိကန် မျက်နှာဖြူ သံဃာတော်(၁၀)ပါး၏ တရားတော်ကိုလည်း လန်ဒန်မြို့သူမြို့သားအချို့က လက်ခံ ကြည်ညိုကြပေသည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် သာသနာဘက် ကိုင်းရှိုင်းသူများ တဟုန်ထိုး များပြားလာခဲ့ရာ စစ်မြေပြင်ဖြစ်ခဲ့သော ဗြိတိန် အစ ပြင်သစ်၊ ဂျာမနီအလယ် အီတလီ၊ ဆွစ်ဇာလန်အဆုံး နိုင်ငံ အများအပြား၌ ဗုဒ္ဓဝိဟာရ၊ ဗုဒ္ဓ ကျောင်းတော်များ ပြန့်ပွားလာသည်ကို တွေ့ရသည်။

ဂျာမနီနိုင်ငံတွင် ပထမဦးဆုံး ပေါ်ထွက်လာသော ဗုဒ္ဓဘာသာအဖွဲ့မှာ "ဂျာမနီ ဗုဒ္ဓ ဘာသာ မစ်ရှင်" ဖြစ်ပါသည်။ မစ္စတာကားလ်အီဒင်စကူးကာသည် လစ်ပဇစ်မြို့တွင် ၁၉၀၃– ခုနှစ်၊ ဩဂုတ်လ၌ ထူထောင်လိုက်သည်။ မဟာဗောဓိရိုပ်သာ ခေါ် အ[illegible]တနကိုလည်း ဖွဲ့[illegible]ည်းကာ ဗုဒ္ဓဘာသာ အ[illegible] အုပ် စာတန်းများကို ရိုက်နှိပ် [illegible]

ဗုဒ္ဓဘာသာကို ကြည်ညိုရာ၌ အထွဋ်အထိပ် ရောက်သော ဂျာမန်လူမျိုး ဘုန်းတော်ကြီး ဦးဉာဏတိလောကမဟာသာရကို အောက်မေ့သတိရမိပါသည်။ အိန္ဒိယ၊ သီဟိုဠ်၊ မြန်မာနိုင်ငံတို့တွင် ဗုဒ္ဓဘာသာရဟန်းဘဝအနေဖြင့် ပရိယတ်၊ ပရိပတ်ကျင့်သုံးပြီး နောက် သီဟိုဠ်တွင် အခြေစိုက်ယင်း သီဟိုဠ်နိုင်ငံ ဝိုလ်ဂါဒူဝါ ရွာ၌ ၁၉၅၇-ခုနှစ်တွင် ပျံလွန်တော်မူရာ ထိုရွာရှိကျောင်း တိုက်တွင် ဆရာတော်ကို ဂုဏ်ပြုသော အထိမ်းအမှတ် ကျောက် တိုင်ကို သီဟိုဠ်နှင့် အနောက်ဂျာမနီ အစိုးရတို့က ကုသိုလ်ပြု တည်ဆောက်ထားသည်။

ထိုအရိုးအိုး မှတ်တိုင်ပေါ်တွင် သပိတ်တလုံး၊ မင်အိုးနှင့် မင်တံအပြင် ဓမ္မစကြာသုတ်စာအုပ်ပုံများကို ထုလုပ်ထားသည်။ ကျောက်တိုင်ပေါ်၌ ပါဠိ၊ သီဟိုဠ်၊ အင်္ဂလိပ်နှင့် ဂျာမန် ဘာသာစကားတို့ဖြင့် စာသန်းထိုးထားလေသည်။

အနောက်ဂျာမနီရှိ ဗုဒ္ဓဘုရားကျောင်းများတွင် သာလင်-ဖရိုနေဒ့မြို့ရှိ ဒေါက်တာဒါလ်ကီ တည်ထားခဲ့သော ဗုဒ္ဓဘာသာ ကျောင်းသခ်န်းမှာ ထင်ရှားသည်။ ထိုကျောင်းကို ဂျာမန်ဓမ္မဒူတ အသင်းက ဝယ်ယူပြီး မွမ်းမံ ပြင်ဆင်ထားလေသည်။ တရား ဟောမမ္မသာလာ ခန်းမဆောင်၊ ကမ္မဋ္ဌာန်းရိပ်သာများအပြင် ပိဋကတ်တိုက်နှင့် သံဃာအဆောင်များဖြင့် ပြည့်ပြည့်စုံစုံရှိသဖြင့် တရားဘာဝနာ ပွားချင်စရာ အေးမြရိပ်သာ ဖြစ်ပေသည်။

## ဓမ္မဒူတကျောင်း

ဟမ်းဘတ်မြို့အနီးရှိဆီဘတ်မြို့ရှိ ဆိတ်ငြိမ်သာယာ ဗုဒ္ဓဝိဟာရကိုမူ ၁၉၆၁ ခုနှစ်တွင် တည်ဆောက်ကြသည်။ ရေတွင်း၊ ရေကန်၊ ပန်းမာလ် ဥယျာဉ် သစ်ပင်တို့အလယ်ရှိ ထိုကျောင်းတော်မှာလည်း ကမ္မဋ္ဌာန်းရိပ်သာများရှိလေသည်။ ထိုကျောင်း၌ မြန်မာနိုင်ငံမှ လှူဒါန်းလိုက်သော ဗုဒ္ဓဆင်းတုတော်တွင် ရွှေခိုးပွဲဇော်၊ ဖူးမြှော် မာန်လျှော့ ကန်တော့ကြလေသည်။

ဂျာမန် ဗုဒ္ဓဘာသာဝင် စုစုပေါင်း ၂၀၀၀ နှင့် ၃၀၀၀ အကြားရှိရာ များသောအားဖြင့် ထေရဝါဒဗုဒ္ဓဘာသာဝင်များဖြစ်သည်။ မဟာယန ဗုဒ္ဓဘာသာ ၂၀၀ ကျော်ရှိပြီး၊ ဂျာမန်ဘုန်းတော်ကြီးများက တရားပြသကာ နိဗ္ဗာန်လမ်းညွှန် ပြုပါသည်။ ၁၉၇၀ ပြည့်နှစ်တွင်သိရသော စာရင်းအရ၊ ထိုင်းနှင့် သီဟိုဠ်တွင် ဂျာမန်ဘုန်းတော်ကြီး အပါးနှစ်ဆယ်ရှိသည်ဟု ဆိုသည်။ မြန်မာနိုင်ငံတွင် ထာဝစဉ် သီတင်းသုံးမည့် ဂျာမနီကျောင်းထိုင် ဆရာတော်အချို့ကို ဖူးတွေ့ရပါသည်။

ဤစာအုပ်၏ နိဒါန်းအစ၌ ဖော်ပြထားသည့်အတိုင်း ဓမ္မပဒတရားကို သဲလွန်စရသဖြင့် ဆက်၍လေ့လာ ကျင့်သုံးရာမှ ဗုဒ္ဓဘာသာဝင်များ ဖြစ်လာသော ရှေး[illegible]နှင့် နီ[illegible] ပေါ် တင်ဂျင်တက္ကသိုလ်မှ ပါမောက္ခဟာမန်းအိုလ်ဒင်ဘာ့ဂ်၊ ပါမောက္ခ လူ့ဒေးစ်ဗီလ်ဟင်ရီဂျာ၊ သီဟိုဠ်နိုင်ငံ ပျံလွန်တော်မူသော

ဦးဥာဏတိလောကတို့သည် ကမ္ဘာကျော် သဘောတရားရေး ဆရာကြီးများဖြစ်ကြသည်။

ဗုဒ္ဓမြတ်စွာ၏ စစ်မှန်သော လောကီ လောကုတ် ငြိမ်းချမ်းရေးအကျိုးပြုသော တရားအဆီအနှစ်ကို ထိုပညာရှင်တို့ လက်ခံယုံကြည်ကြပါသည်။

အော်၊ ဗုဒ္ဓတရားတော်သည် တကယ့်စစ်မှန်သော တရားတော်ပါကလားဟု ကျွန်ုပ်သိမှတ်ပါ၏၊ ဆင်ခြင်ပါ၏။

ပေါ့ပေါ့ကလေးတွေးပြီး ကိုးကွယ်ခြင်းမဟုတ်ပဲ အလေးအနက် အသည်းခိုက်လျှက်၊ သာသနာကို ဦး ခိုက် ခြင်း ဖြစ်ပါ၏။

အနောက်ဂျာမနီတွင်သာမက၊ ဆိုဗီယက် နိုင်ငံတွင်လည်း ဗုဒ္ဓဘာသာဝင်များ တိုးပွားများပြားလျှက်ရှိသည်။

ကိုယ်ပိုင်အုပ်ချုပ်ရေးရသော ဘူရယက်ပြည်နယ်သည် ဆိုဗီယက်ယူနီယံတွင် ပါဝင်သော ပြည်နယ်ဖြစ်၍ ဗုဒ္ဓဘာသာဝင် အများအပြား နေထိုင်သော ပြည်နယ်ဖြစ်သည်။ မဟာယာနဂိုဏ်းဝင်များဖြစ်သဖြင့် တိဗက်မဟာန်းတော်ကြီး ဒလိုင်လာမားသည် ထိုပြည်နယ်သို့ သွားရောက်ခဲ့ သေးသည်။

ဘူရယက်ပြည်နယ် ဗုဒ္ဓကျောင်းဆောင်ရှိ ဗုဒ္ဓမြတ်စွာ ရုပ်ပွားတော်များကို အဟံ ခန္ဓာနာမ်ရုပ်၊ အကောင်ပုပ်ဖြင့်၊ ဖက်ဆုပ်ဖွယ် ဖွဲ့စည်းထားသော 'မောင်လှိုင်ဝင်း' ခေါ် အကျွန်ုပ်သည် စန္ဒေဝန္ဒါမိ၊ ရှိခိုးကန်တော့ပါ၏ ဘုရား ။

* * * *

ဤသို့ဦးနိုက် ပူဇော်ရာမှ မြောက်ဖက်သို့ မျက်နှာမူမိသော အခါ၊ မွန်ဂိုလျခေါ် မောင်းဂွတ် ဗုဒ္ဓကျောင်းတော်များသို့ ရောက်ရှိသွားပြီးနောက်၊ မြန်မာနိုင်ငံ မြောက်ဖျား ကောင်းမှုလုံ စေတီဘုရားကို အာရုံထင်ထင် မြင်မိခြင်းဖြင့် အဌဒိသာ ရှုစ်မျက်မှာ ကြည်ညိုမိပြီး ဖြစ်ပါသတည်း ။


အထောက်အကိုးစာအုပ်စာတန်း

(၁) Buddhism and Buddhist Studies in Germany

(၂) ဆိုဗီယက် ယူနီယံဂျာနယ်

(၃) ချမ်းမြေ့ရိပ်သာ ဆရာတော်၏ နိုင်ငံခြားမှ ပေးစာများ

(၄) ဗြိတိသျှအစိုးရထုတ် ဘရစ်တိန်၊ - ၁၉၆၀ ။



မြန်ပြည်ဗဟို ကြည်ညိုဖွယ်ရာ
ရွှေစည်းခုံ

လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀ ခန့်က ပုဂံဘုရင် အနော်ရထာ မင်းစောသည် သီဟိုဠ်မှ ပင့်ခဲ့သော စွယ်တော်ပွားကို နန်းဦး၌ထားပြီး ကိုးကွယ်လေသည်။ သာသနာတော်၌ လွန်စွာကြည်ညိုလေရကား၊ ပုဂံဆိပ်ကမ်းသို့ ကပ်သော လှေပေါ်မှ စွယ်တော်ပွားကို လည်ပင်းတိုင်အောင် ရေသို့ဆင်း၍ ကြိုယူပြီးနောက် နန်းဦးတွင် ကိန်းဝပ်စေကာ ကြည်ညို တော်မူသည်။

မကြာမီ ဆရာတော်ရှင်အရဟံ၏ တိုက်တွန်းချက်အရ စေတီတည်၍ စေတီ၌ စွယ်တော်ပွားကို ဌာပနာထားသည်။ ထိုစေတီကို ရွှေစည်းခုံ စေတီဟု ခေါ်တွင်သည်။

ရွှေစည်းခုံဟု အမည်တွင်သည့် အကြောင်းမှာ၊ ဤသို့ဖြစ်၏။ စွယ်တော်မြတ်ကို ဆင်ဖြူ ရတနာထက်တွင် တင်ကာ စွယ်တော်ကိန်းဝပ်လိုရာအရပ်၌ ဆင်ဖြူရတနာဝပ်စေသတည်းဟု အဓိဋ္ဌာန်ပြု၍ လွှတ်သောအခါ ဆင်ဖြူတော်သည် သဲစည်းခုံတွင် ဝပ်လေသော် ဘုရင်သည် စိတ်မသက်မသာဖြစ်မိ၏။

သို့ရာတွင် သဲစည်းခုံ၏ အောက်မြေသည် အမာခံမြေဖြစ်သည်ကိုတွေ့ရ၍ ဆင်တော်ဝပ်ရာ ထိုသဲစည်းခုံမှာပင် စေတီတည်သောကြောင့် ရွှေစည်းခုံဟု ခေါ်တွင်ခြင်းဖြစ်၏။ သီဟိုဠ်စွယ်တော်ပွားအပြင် တရုတ်ပြည်မှရသော မြဆင်းတုတဆူနှင့် ဒွတ္တပေါင်မင်းကြီး သရေခေတ္တရာပြည်မြို့၌ တည်ထားကိုးကွယ်သော

စေတီမှ ရသည့် နဖူးသင်းကျစ်တော်တဆူကို စေတီ၌ ဌာပနာ ထားသည်။

သက္ကရာဇ် ၃၉၃ ခုနှစ်တွင် စတင်တည်ဆောက်ရာ၊ ၄၂၁ ခုနှစ်တွင် အတွင်းသပ်စေတီပြီး၍ ရွှေထီး အတွဋ်တင်ကာ သာဓု ခေါ်ပွဲကို ခမ်းနားကြီးကျယ်စွာ ခင်းကျင်းတော်မူသည်။

အပြင်သစ်စေတီတည်ရန် အကြံတော်ရှိသော်လည်း စေတီကြီးမပြီးမီ သက္ကရာဇ် ၄၄၆ ခုနှစ်တွင် နတ်ရွာစံသဖြင့် သားတော် ကျန်စစ်သားမင်းကြီးက ဆက်လက်တည်ပု ကုသိုလ်ပြုသည်။ ၄၅၂ ခုနှစ် ကဆုန်လပြည့်နေ့တွင် စေတီကြီး အပြီးသတ်၍ ရွှေထီးအထွဋ်တင်ပြီးသည်။

ရွှေစည်းခုံ စေတီတော်မြတ်ကြီးမှာ ပစ္စယာသုံးဆင့်၊ ခေါင်းလောင်းပုံ၊ ခါးပတ်၊ ဘီလူးပန်းဆွဲ၊ ဖေါင်းရစ် အဆင့်ဆင့်၊ ကြာမှောက် ကြာလံ၊ ထုပိကာ၊ ထောင့်စိုက်စေတီ၊ နတ်လှေကားများ စသည့် အဆင်တန်ဆာတို့ဖြင့် အချိုးအစား ကျနပြေပြစ် လှပ တင့်တယ် သပ္ပာယ်လှ၏။ တုတ်ခိုင်ပြည့်ဖြိုးပြီး၊ ပုဂံ၏ စွမ်းအင်ပြည့်ဝမှုကို သရုပ်ဆောင်နေပေသည်။

ပစ္စယာအဆင့်ဆင့်ရှိ စဉ့်ဂိမ်းသုတ် ရှံကြွ အုတ်ခွက်များမှာ ဗုဒ္ဓမြတ်စွာ နစဉ်ဘဝက ပါရမီတော် ဖြည့်ဆည်း ပူးခဲ့သော ငါးရာငါးဆယ် ဇာတ်တော်များကို သရုပ်ဖော်ထားရှိသည်။


သက္ကရာဇ် ၉၁၉၊ ခရစ် သက္ကရာဇ် ၁၅၅၇ ခုနှစ်တွင် ဟံသာဝတီ ဘုရင့်နောင်မင်းတရားသည် ရွှေစည်းခုံဘုရားကြီးကို ထုပိကာမှသည် မြေသို့တိုင်အောင် ရွှေအပြည့် ကပ်ထည့်ဘော်မူ သဖြင့် အလွန်လျှင် အဆောင်အဝါ တောက်ပတော်မူသည်ဟု အနီးရှိခေါင်းလောင်းစာ၌ မော်ကွန်းထိုးထားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံကို စတင်ထူထောင်ခဲ့သော အနော်ရထာ မင်းစောသည် ရှင်အရဟံ ချီးပသဖြင့် သန့်စင်သော ထေရဝါဒ ဗုဒ္ဓဘာသာကို မြန်မာနိုင်ငံ၌ အခြေစိုက်ခဲ့သူ ဖြစ်သည်။

ကျန်စစ်သား၊ ငထွေရူး၊ ညောင်ဦးဖီး၊ ငလုံးလက်ဖယ် သူရဲကောင်းကြီး လေးယောက် ဦးစီးသော မြန်မာတပ်မတော်ကြီးဖြင့် နိုင်ငံတော်ကို ထူထောင်ရာ၌ နိုင်ငံကာကွယ်ရေးကင်း မြို့များကိုသည်းကောင်း၊ လူနေဒေသ မြို့ကြီး မြို့ငယ်များကို လည်းကောင်း ပြုစုတည်ထောင်ခဲ့သည့် အပြင် လယ်ဘင်းကိုး ခရိုင်ခေါ် ကျောက်ဆည်၌ တူးမြောင် ဖောက်သွယ် လယ်ယာ စိုက်ပျိုးစေသော အနော်ရထာမင်းကား အလွန်လျှင် ချစ်ကြည် မြတ်နိုးအပ်သော ပုဂ္ဂိုလ်ထူးပေတည်း။

မြတ်ဘုရားသာသနာတော်ကို ဖွင့်ပြသော ပိဋကတ်သုံးပုံကို ပုဂံမြို့တော်သို့ ယူဆောင်ပည်သာမက၊ လူငယ်ကျေးမှုစနစ်သစ် ကို ဖန်တီးခဲ့သော အနုရုဒ္ဓဟု တွင်သည့် ဘုရင်အနော်ရထာ၏

ကုသိုလ်တော် ရွှေစည်းခုံစေတီမှာ ၁၉၇၅-ခုနှစ်၊ ဇူလိုင်လ (၈)ရက် ညနေ(၆)နာရီ(၃၅)မိနစ်အချိန်တွင် ပြင်းထန်သော မြေငလျင်ကြောင့် အပျက်အစီးရှိခဲ့သော်လည်း အစိုးရနှင့် ပြည်သူတို့က ပြန်လည် ပြင်ဆင် တည်ဆောက်ပြီးလေပြီ။



## ရွှေစည်းခုံဘုရား၏ ထင်ရှားသော အံ့ကိုးပါးမှာ

(၁) ထီးတော်သည် ကြီးသော်လည်း သံကြိုးမဆိုင်းရခြင်း၊

(၂) တံတိုင်းပြင်သို့ အရိပ်မထွက်ခြင်း၊

(၃) အထက်ကြာလန်ကပစ်ချသော ရွှေလှောင်စက္ကူသည် တံတိုင်းပြင်သို့ လွင့်မသွားခြင်း၊

(၄) ပရိသတ် မည်မျှပင် ငင်သော်လည်း တံတိုင်းအတွင်း၌ လူနေး ကျပ်ခြင်း၊

(၅) တန်ဆောင်မုန်းလပြည့်နေ့ ပွဲတော်ခါတွင် ပထမသပိတ်တော်၌ ဆွမ်းဦးအောင် လောင်းမလှူနိုင်ခြင်း၊

(၆) တဖက်မှတီးသော မည်သိကျ တဖက်မှမကြားရခြင်း၊

(၇) အဝေးမှကြည့်လျှင်ကုန်း၊ အနီးတွင်းသို့ ရောက်လျှင် ကျင်းကဲ့သို့ ထင်မှတ်ရခြင်း၊

(ဂ) မိုးကြိုးသည်းထန်စွာ ရွာသော်လည်း စေတီရင်ပြင်ဌ်ရေမတင်ခြင်း၊

(ဃ) စေတီတော်၏ အရှေ့တောင်ထောင့်ရှိ ချယားပင်သည် ၁၂-ရာသီမှတ်လုံး ပွင့်ခြင်းတို့ဖြစ်သည်။

ဆို့ကြောင့်ပင် ဏင်းဝန်မင်းကြီးက ကဗျာပြုခဲ့သည်မှာ—

''ထီးမဆိုင်း(အချို့စာဌ်သံမဆိုင်းဟုပါသည်။)

တံတိုင်းမှာရိပ်တည်၊ မလွင့်ရွှေသျှောင်ပ၊ ဗိုလ်သောင်းထောင်ဝင် မကျပ်သည့်ပြင်၊ ဆွမ်းဆပ်သူ လက်မဦးနိုင်ဘူး၊

မထူးမည်ကြာဟီး၊ တီးတော့ရွှေစည်။ ။

မြင့်ဝှမ်းယောင်ထင်စနိုးရသည့်၊ မိုးကပ်ပြုရေအရည်၊

အနည်မှမကြွင်း။ ။

ချယားပင်၊ ဒွါဒသင် ခါသလွှင့်ပြီဘု၊ ဖူးပွင့်ကြူရထုံတဲ့၊ ဇေယျခုံအံ့ဘွယ်ကိုးကို၊ တိုးခဝပ်ငင်း။

အံ့ဘွယ်ကိုးဖြာ၊ ရိမဒ္ဒါစည်းခုံ၊ ဂုဏ်တော်အနန္တ၊ ပြည့်ဝတော်မူသော မြတ်စေတီအား အလီလီ ရှိခိုး ကန်တော့ပါ၏ဘုရား။

## ကျမ်းကိုး

(၁) စာပေဗိမာန် စွယ်စုံကျမ်း၊ အတွဲ ၁၁၊ စာ ၄၂၂၊ ၄၂၃

(၂) ဦးသန်းဆွေရေး၊ သမိုင်းဝင် ပုဂံစေတီပုထိုးများ ။

## အာနန္ဒာဘုရား

အနော်ရထာ မင်းစော၏ သားတော် ကျန်စစ်သားမင်းကြီး သည်သား၊ကိုးကွယ်သော အာနန္ဒာသိုက်ဂူ စေတီတော်ကြီး၊မှာ တချိုးတနံ့ သပ္ပါယ် လှပေသည်။

မြန်မာသက္ကရာဇ် - ၄၅၃ ခု၊ ခရစ်သက္ကရာဇ် - ၁၀၉၁ ခုနှစ်တွင် တည်ဆောက်သော အာနန္ဒာ စေတီသည်၊ ဟိမဝန္တာ၊ ဂန္ဓာမာဒနတောင်၊ နန္ဒမူလိုဏ်ဂူ၏ ပုံသဏ္ဌာန်နှင့် တူညီသည်ဟု ဆိုသည်။

တနေ့သောအခါ ပုဂံပြည် (ပေါက္ကံပြည်ဟုလည်း ခေါ်ဆို ကြသည်။) သို့ နန္ဒာမူ လိုဏ်ဂူမှ ရဟန္တာရှစ်ပါး ရောက်ရှိလာ သည်။ ထိုရှစ်ပါးက ပေးသော နန္ဒာမူလိုဏ်ဂူ၏ ပုံသဏ္ဌာန်ကို ယူပြီး အနန္ဒာစေတီကို တည်တော်မူသည်။

ဘုရားအတွင်း လိုဏ်ဂူလေးဝ၌ ရှိသော ရွှေရုပ်တော်လေး ဆူ၏ ပုံတော်များသည် ဗာရာဏသီမြို့ရှိ ဆင်းတုတော်များနှင့် ချွတ်စွတ်တူသည်ဟု ဆိုသည်။ ထိုအပြင် ဗုဒ္ဓဝင် ရုပ်ပုံများမှာ လည်း အိန္ဒိယပြည်ရှိ ပုံများနှင့် ဆင်တူသည်။ ရေးထိုးထား သော စာအချို့တွင် ဟိန္ဒူ၊ နာဂရီစာများ ပါသောကြောင့် ထိုခေတ်က အိန္ဒိယ၊ မြန်မာဆက်ဆံရေးကို ဖေါ်ပြနေပေသည်။ မြန်မာတို့၏ ဗိသုကာပညာ၊ ပန်းချီပန်းပု ကျော်ကြားဆစ် အနု


ပညာသာမက ယဉ်ကျေးမှု မြင့်မားပုံကို ဤစေတီလိုဏ်ဂူ ဗိမာန်က အထင်အရှား ပြနေပေသည်။

လှည်းဝင်ရိုးသံ၊ တည်ညံ၊ ပုဂံဘုရားပေါင်းဟု စာချိုး ရအောင် စေတီပုထိုး ဝပါများသော အနော်ရထာ စံသည့် အရိမဒ္ဒနပြည် ပေါက္ကံကို အကျွန်ုပ်၏ နှလုံးသားဟု သဘော ထားကာ ခတ်တော်၊ မွေ့တော်၊ ဆင်းတုရုပ်ပွားတော်အား လုံးကို ဆယ်ဖြာလက်စုံကြာပန်းဖြင့် ကြည်ညိုသဒ္ဓါ ရှိခိုးလိုက် ပါ၏ ဘုရား။

## ကျမ်းကိုး

(၁) ဦးအုန်းဖေရေး၊ ဘုရားသမိုင်းပေါင်းစုံကျမ်း

(၂) ဦးသန်းဆွေရေး သမိုင်းဝင် ပုဂံစေတီ ပုထိုးများ



ရွှေဆံတော်ဘုရား

ပြည်မြို့၏ ကျက်သရေဆောင် ရွှေဆံတော်ဘုရား၏ သမိုင်း
အချုပ်မှာ ဤသို့ဖြစ်သည်။

ကြုတ်တည်သည့် ကမ်းနားသို့ရောက်လျှင် ရွှေရောင်တဝင်းဝင်း တောက်ပနေသည်ကို မြင်သဖြင့် ကုန်းအထက်သို့တက်၍ ကြည့်ကြသည်။ ကုန်းပေါ်သို့ရောက်သော် ရတနာမြကြုတ်နှင့်ထက္က ဆံတော်လေးဆူကို ဓါးပင်များအကြား၌ တွေ့ရှိ၍ ယခု ရွှေဆံတော်ဘုရားတည်ရာ သုဗဿနကုန်းကိုတွေ့သဖြင့် ထိုကုန်း၌ပင် ရတနာမြကြုတ်နှင့် ဆံတော်လေးဆူကို ရွှေအုတ်ခုနစ်ချပ်ရံကာ ဌာပနာထား၍ စေတီတည်သည်။

သာသနာ နှစ် ၁၀၁ ခုနှစ်တွင် ဒွတ္တပေါင်မင်းကြီး နန်းတက်သော် ထိုစေတီကိုထပ်၍ မွမ်းမံတည်ထားသည်။ သာသနာနှစ် ၁၂၆ ခု တပေါင်းလဆန်း ၈ ရက် နေ့မှစ [illegible] တည်ရာ လပြည့်ကျော် ၈ ရက်နေ့တွင် ပြီးသောဟူ၏။

ထိုစေတီကို အလောင်းစည်သူမင်း၊ ပြည်မင်း တို့ [illegible]က် ၍ မွမ်းမံသည်။ ထို့နောက် မင်းနှင့်မြို့စား အဆက်ဆက်တို့ အဆက်မပြတ် ပူပြင်ထပ်ပွား တည်ထားခဲ့ရာ၊ ယခု ဖူးမြင်ရသော စေတီ အခြေသို့ရောက်ရှိလေသည်။

ပြည်သူတကာ ကြည်ညို ကိုးကွယ်ရာ [illegible]သော ဤပြည် ဆံတော်ရှင် စေတီကိုရာ[illegible]ဉာန်း၍ [illegible] ဆိုတော [illegible] သည် ဤသို့ ဘုရားတိုင်ရတုကို စပ်ဆိုခဲ့သည်[illegible]

"ခေတ္တာသရေ၊ မင်းနေရပ်စည်၊

ရွှေပြည်ထောင့်ယွန်း၊ တောင်ထိပ်စွန်းဝယ်၊

တသန်းဥဘာရှင်၊ မြသိတင်ဟု၊

ကောင်းကင်မိုးမြေ၊ နှံ့မြဝေထည်၊


ဆံမွေ့ဘုန်းခေါင်၊ မိတည်းနောင်။

ထို့ကြောင့်ပင် ပြည့်ကျက်သရေ၊ ဆံမွေ့ကိန်းဝပ်၊ စေတီမြတ်ကို၊ ဦးညွှတ်ကော်ရော် ပူဇော် ကန်တော့ပါ၏ ဘုရား။

## ကျမ်းကိုး

(၁) စွယ်စုံကျမ်း၊ တွဲ ၁၁၊ စာ ၄၂၅

(၂) ဦးအုန်းဖေရေး၊ ဘုရားသမိုင်း ပေါင်းစုံကျမ်း။



ရွှေမော်ဓောဘုရား

သုံးလေ့ကထွင့်ထား၊ သဗ္ဗညု မြတ်စွာဘုရား သခင်သည် အဋ္ဌန သက္ကရာဇ် ၁၁၁-ခုနှစ်တွင် ရဟန္တာရှစ်သောင်းနှင့်အတူ အရှင်ဂဝမ္ပတိမထေရ်သျှင် လမ်းညွှန်ပြု၍ သထုံပြည် သီရိမာ သောကမင်းထံ ကြွသကာ တရားရေအေး တိုက်ကျွေးတော်မူ လေသည်။ကြွသာပြီးနောက် ခုနစ်ရက်လွန်မြောက်၍ သထုံပြည် မှ ပြန်ကြွတော်မူမည်ရှိသော်-တသျှာနာသချက်ရှိသော ရသေ့ကြီး ခြောက်ပါးအား ဆံတော်ခြောက်ဆူ ပေးတော်မူလေသည်။

ထိုအခါ မဟာသီရိမာသောကမင်းကလည်း ကိုးကွယ်ဖွယ်ရာ ဆံတော်မြတ်ကို တောင်းသည့်အခါ ဘုရားသခင်က ဆံတော် ခေတ်ကိုမပေးပဲ "မလ္လာမင်း၏အင်ကြင်းတောတွင် ငါပရိနိဗ္ဗာန် ပြုသည့်အခါ စန္ဒကူးထင်းပုံ ထက်၌တင်၍ ဖုတ်ကြည်းကြကုန် လတ္တံ့။ ထိုအခါ ငါ၏အဓိဋ္ဌာန်ဖြင့် (၃၃) ချောင်းသောသွား တော်ခေတ်ကို စန္ဒကူးထင်းပုံထက်မှ ထုတ်၍ ဂဝမ္ပတိရဟန်း သည် ဆောင်ခဲ့လတ္တံ့၊ ထိုခေတ်ကိုသင်မင်းကြီး ကော်ရော်ရပေ လိမ့်မည်" ဟု ဗျာဒိတ်စကား ကြားခဲ့လေသည်။

ဘုရားသခင် ပရိနိဗ္ဗာန်စံ၍ စန္ဒကူးထင်းပုံထက် တင်ကာ ဖုတ်ကြည်းသောအခါ အဓိဋ္ဌာန်တော်ကြောင့် သွားတော်ခေတ် ကို ဂဝမ္ပတိမထေရ်သည် ပင့်ဆောင်၍ သထုံပြည်ရှင်မဟာသီရိမာ သောကမင်းသို့ ပေးလေသည်။ မင်းကြီးသည် (၃၃) ဆူသော သွားတော်ခေတ်ကို (၃၃) ဆူသော ကျောက်စေတီငယ်ပြုစေ၍ ကိုးကွယ်လေသည်။

မဟာသိရိမာသောကမင်း လွန်သော်- နှစ်ပေါင်း(၂၁၀)နှင့် လောက်အာ ထိုကျောက်စေတီများကို ဦးညွတ်ပူဇော်လေ့ရှိ ကြသည်။ ထိုနောက် ပြုစု စောင့်ရှောက်သူ ကင်းမဲ့သွားသဖြင့် တောအတိဖုံးလွှမ်းသွားလေသည်။

သာသနာသက္ကရာဇ် ၂၃၆-ခုတွင် သထုံပြည်သို့သာသနာပြု ကြွလာကြသော အရှင်သောဏနှင့် ဥတ္တရမထေရ် နှစ်ပါး၏ ထုတ်ဖော်ချက်အရ သထုံပြည်ရှင် စူဠသိရိမာသောကမင်းသည် (၃၃) ဆူသော ကျောက်စေတီငယ်တို့မှာ (၃၃) ဆူသော သွားတော်ဓာတ်တို့ကိုထုတ်၍ နေပြည်တော်မှ အရှေ့မြောက် မျက်နှာ၌ မဝေးလွန်း၊ မနီးလွန်းသောနေရာ၌(၃၃)ခုသော ရွှေတိုက်တို့ကို ပြုစေ၍ (၃၃) ဆူသော သွားတော်ဓာတ်တို့ကို ရွှေကြုတ်တို့၌ ထည့်ကာ ရွှေအိုး (၃၃) လုံးဖြင့် ပိတ်၍ ရွှေတိုက်သွင်း ပူဇော်သည်။

ထိုနောက် စူဠသိရိမာသောကမင်းသည် ဤသို့ အဓိဋ္ဌာန် ပြု၏။ "ဤဓာတ်တော်တို့သည် ဘုရားသခင်၏ ဓာတ်တော်တို့ အမှန်ဧကန်ဖြစ်ငြားအံ့၊ ထိုဓာတ်တော်တို့သည် သတ္တဝါတို့၏ စီးပွားချမ်းသာ အလို့ငှာ ထိုက်သည့် အရပ်၌ ရွှေအိုးနှင့်တကွ တည်စေကုန်သတည်း"

ယင်းသို့ အဓိဋ္ဌာန် ပြုလိုက်သောအခါ သွားတော်ဓာတ် ၃၃ ဆူသည် ရွှေအိုးနှင့်တကွ ရွှေတိုက်၌ကွယ်၍ ထိုထိုအရပ်၌ တည်ကြ

ကုန်၏။ ဟံသာဝတီ မြို့အနောက်မျက်နှာ မဝေမြို့၌ တည်သော-
စေတီကိုကား ရှေးသူဟောင်းတို့သည် မဝေစေတီဟုခေါ်သည်။
တနည်းအားဖြင့် မော်ဓောဟု ခေါ်ကြပြန်သည်။

မဝေမြို့သို့ သွားတော်ဓာတ် တဆူ ရောက်သွားသည်ကို စူဠသိရိမာ သောက မင်း သိလတ်သော် ဆင်ပေါ်တင်၍ အဓိဋ္ဌာန်ပြုကာ ပဲ့စေသော် ဆင်တော်သည် ဟံသာကုန်းတန်းမှဆင်း၍ အနောက်ဖက်မြင်းသီတကုန်းတွင်ဝပ်လေသည်။ ထိုနေရာတွင် သွားတော်ဓာတ် ရွှေအိုးကို ဌာပနာ၍ တိုက်စေတီ တည်ထား ကိုးကွယ်သည်။ သာသနာနှစ် - ၂၃၈ ခုနှစ်တွင် ရေစက်ချ လှူဒါန်းသည်။

ထိုနေရာ၌ တည်ထားသော မော်ဓေါစေတီသည် မကြာ-ခဏ ငလျင်လှုပ်ပြိုကျပျက်စီးခဲ့ရာ သာသနာနှစ် ၁၈၉၄ ခုတွင် ဟံသာဝတီ ပြည့်ရှင် ဗညားဦးသည် ဓါတ်တော် ရုပ်ပွားတော်များကို စုပေါင်း၍ ဌာပနာလျက် စေတီသစ် တည်ပြန်သည်။ ထိုစေတီကို မော်ဓေါစေတီဟု အမည်ဟောင်းအတိုင်း ပြန်လည်သမုတ်သည်။

ထိုနောက်တွင်လည်း မော်ဓေါစေတီမှာ ငလျင်ဒဏ်ကို အကြိမ်ကြိမ်ခံရပြီး နောက်ဆုံး ငလျင်ခံသောနှစ်သည် ၁၂၉၂ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်နေ့ (ခရစ်သက္ကရာဇ် ၁၉၃၀) ဖြစ်၏။

၁၃၀၉ - ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက်နေ့တွင် မြန်မာ နိုင်ငံလွတ်လပ်ရေး ရပြီးနောက် ထိုစဉ်က နိုင်ငံတော်သမ္မတကြီး စဝ်ရွှေသိုက်သည် ပြန်လည် တည်ဆောက်ရန် ပန္နက်သဲချပေး သည်။ ထို့နောက် ၁၃၁၃-ခုနှစ်တွင် ထိုစဉ်က ဝန်ကြီးချုပ် ဦးနုက စေတီသစ် အုတ်မြစ်ချပေးသည်။

နောက်ဆုံးတွင် ၁၉၁၅ - ခုနှစ် တန်ခူးလ၌ ထိုစဉ်က သမ္မတကြီး ဒေါက်တာ ဦးဘဦး အမှူးပြုသော ဝန်ကြီးများက ကြီးမှူး၍ ထီးတင်ပွဲ စိန်ဖူးတင်ပွဲ အခမ်းအနားကို ကြီးကျယ် ခမ်းနားစွာ ကျင်းပကြသည်။

မင်းအဆက်ဆက်တို့ ကိုးကွယ်ခဲ့သော ရွှေမော်ဓော စေတီ သည် ရာဇဝင် သာဓကထင်သော ဆုတောင်းပြည့် စေတီကြီး ဖြစ်၏။

ဟံသာဝတီ ဗညားဦး၏ သားတော် ဗညားနွဲ့သည် ရာဇာ ဓိရာဇ်ဘွဲ့နှင့် ဘိသိက်ခံပြီးနောက် မော်ဓော ယင်ပြင်သို့ ကာ၍ ခမည်းတော်၏ အမွေဖြစ်သော မကိုဋ်ကို ဘီလူးရန်နိုင် ဗုဒ္ဓရှပ် ပွားမှုတဆင့် ဘုရားသို့လှူသည်။ စစ်ချီစစ်တက် ပြုမည့်အခါတွင် လည်း မော်ဓော ဘုရား၌ ရှိခိုးဆုတောင်းသည်။

တောင်ငူဘုရင် ဇာပင်ရွှေထီးသည် မြန်မာ တနိုင်ငံလုံးကို စည်းရုံးခြင်းမပြုမီ ဤသို့ သာသနာသို့ အပ်နှံ၏။ ဇေယသင်္ဃ ရ

မြင်းကိုစီး၍ မြင်းတပ်ရဲဘော်(၃၀၀)နှင့် တောင်ငူမှဟံသာဝတီ ရွှေမော်ဓောစေတီသို့ ချီတက်လာကာ ဘီလူးရန်နိုင် ရုပ်ပွား ဌာပနာသော မြောက်အရပ် အာရုံခံတန်ဆောင်းထွင် နားထွင်း မင်္ဂလာပြုသည်။

တပင်ရွှေထီး ရောက်လာသည်ကို သိသော် – သုရှင်တကော ချွတ်ပိဘုရင်သည် ထယ်စု၍ဝိုင်းလာ၏။မင်းပြိုင်သုရှင်တကာချွတ်ပို ဘုရင်၏ တပ်များဝိုင်းလာကြောင်း အမတ်တို့က တင်လျှောက် သော်-တပင်ရွှေထီးက "နားကိုသာတည့်အောင်ထွင်း၊ ရန်သူကို ငါတိုက်မည်" ဟု ရဲဝင့်စွာ ကြုံးဝါးသောဟူ၏။

ဝိုင်းထားသော တပ်များကိုလည်း ဖောက်ထွက် နိုင်လေ သည်။

စစ်ရေးအရ ဆုပန်ကြသည်သာမက အချစ်ရေး၌လည်း ရွှေ မော်ဓောစေတီ၌ ဆုတောင်းကြသည်။မယ်နှင့်မောင်သစ္စာထား၊ ပေါင်းကြပါစေသားဟု ဆုမွန်ချွေကြသည်။ မော်ဓောရှင်ကို တိုင်တည် ဖွဲ့နွဲ့ခဲ့ကြသည်။

ဘုရင့်နောင်၏ တူတော် ပဥ္စသီဟာက ဘုရင့်နောင်၏ သမီး တော် စိုးမြတ်လှသို့ပေးသော စမတ္တာစာရတုကို စာဆိုတော် နဝဒေးကြီး စပ်ဆိုသည်။ ထိုရတုသည် ရွှေမော်ဓောဘုရားတိုင် ရတုဖြစ်သည်။

တဖန်ထိုဘုရင့်နောင်၏ မြေးတော် နတ်ရှင်နောင်က **ဘုရင့်နောင်**၏သမီးတော် ရာဇဓာတုကလျာသို့ ချစ်သစ္စာရင်ဖွင့်သော ချတုမှာလည်း **မော်ခေ့ာရှင်**တိုင်ရတုပင် ဖြစ်သည်။

"**စစ်ရေး**အောင်ဆု၊ ချစ်သူ့မေတ္တာ၊
ရပါစေလို၊ ဆုတောင်းဆိုကြ၊
ကြည်ညိုဦးတင်၊ မော်ခေ့ာမွန်ကို၊
အကျွန်ဝပ်တွား၊ ကော်ရော်ပါ၏ဘုရား။

အထောက်အကိုးကျမ်းများ

(၁) စွယ်စုံကျမ်းအတွဲ ၁၁ စာ ၄၅၀၊

(၂) ဦးအုန်းဖေ၏ ဘုရားသမိုင်းညွှန်ပေါင်းစုံကျမ်း။




## သမ္ဗုဒ္ဓေစေတီ

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ၊ ပဉ္စသတာ သဟဿာနိ နမာမိ သိရသ မဟံ၊ အပ္ပကာ ဝါဠုကာ ဂင်္ဂါ အနန္တာ နိဗ္ဗုတာ ဇိနာ၊ တေသံ ဓမ္မဉ္စ၊ သံဃဉ္စ၊ အာဒယေန၊ နမာမဟံ၊ နမကာယ၊ နုဘာဝေန၊ သဗ္ဗေဟိတ္ထာ၊ ဥပဒ္ဒဝေ၊ အနေကာအန္တရာယာပိ၊ ဝိနဿန္တု အသေသတော။ ။

**အထက်ပါ** သမ္မုဒ္ဒေဂါထာတော်သည် မိုးညှင်းဆရာတော်ကြီး၊ ပါကဋထင်ရှား၊ ကျော်ကြားလာပြီးသည့်နောက် တပြိုင်နက် တုံဟီး ရိုက်ခတ် လာသည့် ဥုံမခံ၊ ဩြောင်း မရှုတ်သည့် ဂါထာတော်ဖြစ်ပါသည်။

မိုးညှင်းဆရာတော်သည် တရားပြ အလွန်ကောင်းလှသည်။ ထိရောက်လှသည်။

ထန်းရွက်ယပ်ကို ရှေ့တွင် ထောင်ကာလျက် ကျွေးအာရုံ မျက်နှာစုံကို အောက်၌ချကာ ယောကျ်ား၊ မိန်းမတရားနာ ပရိသတ်ကိုမကြည့်ရှုပဲ ဟောသည့် ''ယပ်ထောင်'' ခေတ်သည် သမိုင်းဟောင်းခေတ် ဖြစ်ပါသည်။

ထိုမှတဖန် နောက်ကြောင်းပြန်သော်- သံပျင်ခေတ်ကိုတွေ့ရပါသည်။ ပုဂံခေတ်တွင် ကျစ္စွာမင်းကြီးအုပ်စိုးခိုက်၌ သမီးတော် သံပျင်မင်းသမီးသည် သံဃာတော်များကို ကုလားကာခြားပြီး ထိုင်နေဟောပြခဲ့သည့်အထောက်အထားကို တွေ့ရပါသည်။

ဘုန်းကြီးနှင့် တကာမ ကြမ်းတခုးတည်း မထိုင်ရဆိုသော အယူအဆကိုလည်း ကြားသိခဲ့ရပါသည်။

ထိုအယူအဆများအရ အမျိုးသမီးနှင့် သံဃာတော်များကို စည်၊တား ထားသော အကာ အကွယ် အမျိုးမျိုး ရှိသည်တွင်

အချင်း နှစ်ပေမျှကျယ်သော ထန်းရွက်နှင့် ပေရွက်များကိုလုပ်သည့် "ယပ်" မရှိပါသည်။

ထိုယပ်ကိုဆောင်၍ ဟောပြောသောခေတ်ကို ယပ်ဆောင်ခေတ်ဟု ခေါ်ရာ ထိုခေတ်သည် လွန်ခဲ့သော နှစ်ပေါင်း(၆၀) အထိ တည်ခဲ့ပါသည်။

ထို့နောက်"ယပ်"ကို ဆောင်ရန်မလို၊ ယပ်ကိုလှဲချထားကာ ဖွယ်ဖွယ်ရာရာ ဟောပြောနိုင်သည့် ခေတ်သို့ ရောက်ရှိလာပါသည်။ ယပ်လှဲတရားစာများလည်း ပေါ်ထွက်လာပါသည်။

ထိုယပ်လှဲ၊ ယပ်ထောင်ခေတ်တွင် တရားဟောပုဂ္ဂိုလ်သည် ထက်ဝယ် ဖွဲ့ခွေ ထိုင်နေ၍ လည်းကောင်း၊ ကုလားထိုင်ပေါ်၌ ထိုင်၍ လည်းကောင်း ဟောပြောကြပါသည်။

ခရစ်သက္ကရာဇ် ၁၉၂၀-လောက်တွင် မိုးညှင်းဆရာတော်က ဘခေတ်ပြောင်းလိုက်ပါသည်။ ဆရာတော်သည် စာလည်းဖတ် ကျင့်လည်းကျင့်သော ပုဂ္ဂိုလ်ထူးဖြစ်သဖြင့် ထိုင်၍ကျင့်နည်း၊ ထ၍ ကျင့်နည်း၊ စင်္ကြန်လျှောက်ရင်း တရားကျင့်နည်းတို့ကို ဟောပြောရာ၌ မတ်ရပ်ထ၍ လမ်းလျှောက်နည်းကို ကိုယ်တော်ဘိုင် နမူနာပြပြီး ဟောပြောခဲ့ရာ၊ ရန်ကုန်မြို့တော်အရောက်၊ နိုင်ငံအနှံ့ ကျော်ကြားသွားပါသည်။ ပီပဿနာခေတ် တဆန်းသစ်လိုက်ခါ မိုးညှင်းယောဂီမယ်တို့က ရှစ်လုံးဘွဲ့ ကဗျာတို့ဖြင့် အရားသဘင်ဖွင့်ခြင်းများကို ပြုလုပ်ကြပါသည်။

ရန်ကုန်မြို့၊ မီးရထားဌာနမှ အရာရှိကြီး ဦးဘစိန်တို့ ကြီးမှူး သော သာသနာပြုအဖွဲ့က ဦးဆောင်ကာ မိုးညှင်းဆရာတော်၏ တရားပွဲများကို ကျင်းပကြရာ အင်္ဂလိပ်၊ မြန်မာ ပညာတတ် တို့၏ ဦးခိုက် ရိုကျိုးမှုကို ခံယူရရှိပါသည်။

ထိုအတွင်း မိုးညှင်း သမ္ဗုဒ္ဓေ စေတီတော်ကြီးကို စတင် တည်ဆောက် လိုက်ပါသည်။

မကြာမီ သမ္ဗုဒ္ဓေ ဂါထာ ရွတ်ဖတ်သဖြင့် လေယာဉ်ပျံပျက် သည့် ဘေးမှ အသက် မသေရှင် ကျန်ခဲ့သူ မြန်မာလေး ကြောင်းဌာန (ယူဘီအေ) ဦးကျော်မြင့်၏ သတင်းသည် ဟိုးလေးတကြော် ဖြစ်လာပါသည်။ အထူးသဖြင့် ဇာတ်မင်း သားကင်းနက်စိန်လည်း သမ္ဗုဒ္ဓေတန်ခိုးကြောင့် သေဘေးမှ လွတ်၍ သူသီဆိုသော သမ္ဗုဒ္ဓေသီချင်းသည် တိုင်းပြည်အနှံ့ ကျော်ကြား ခဲ့ပါသည်။

ယင်းဂါထာကို ရွတ်ဖတ်ကြသည်မှာ ယခုအထိ အသံမစဲ ခဲ့ပေ။ ကုလားဂုတ်ကျွန်းအနီး သင်္ဘောပျက်စဉ်ကလည်း အမည် မမှတ်မိတော့သော အင်ဂျင်နီယာချုပ် တဦးမှာ သမ္ဗုဒ္ဓေ ရွတ်သဖြင့် အသက်ဘေးမှ ကင်းလွတ်ခဲ့သည့် [illegible]များသည် နိုင်ငံနှံ့သွားပါသည်။ ကျွန်ုပ်သည် အသက် ၃၅ နှစ် ရှိမှစ၍၊ ယခုအသက် ၇၀ ကျော်ထိ သမ္ဗုဒ္ဓေ ဂါထာကို နေ့စဉ် ညစဉ်ရွတ် ဖတ်ခဲ့ပါသည်။ မိုးညှင်းဆရာတော် ဦး[illegible] တည်ဆောက်သော

စေတီအပေါင်း ရှစ်သောင်း လေးထောင် ပါရှိသည့် အာမိဆေရ ဘမ္မုဒ္ဒေ စေတီတော်ကြီးသည် မုံရွာမြို့အနီး၌ ငွါးငွါး စွင့်စွင့်နှင့် ပေါ်ထွက်လာပါသည်။

ထိုစေတီတော် ပရဝိုဏ်း အတွင်းသို့ ဝင်သွားလျှင်ပင် စိတ်အေး ချမ်းသွားကြသည်ကို တွေ့ရပါသည်။ ဘုရားရိပ်၊ တရားရိပ် ခိုရသည်မှာ သီတာရေအေး ထုံမွှေးနံ့သာ လိမ်းကြံ ရသည့်ပမာ ကြည်နူးနှစ်သိမ့် ဘဝစိမ့်လှပေသည်။



## " ဘာ့ကြောင့်ဤကျမ်းကို ပြုစုရသနည်း "

ယခုခေတ်တွင် စာကြည့်တိုက်၊ ပိဋကတ်တိုက်များသို့ စာအုပ်စာတန်းများ လှူဒါန်းကြ သကဲ့သို့ ရှေးခေတ်တွင် ပေရေးကျမ်းစာများကို လှူကြသည်။ မြန်မာနိုင်ငံ၌ စက္ကူ၊ စာရွက်၊ ပုံနှိပ်စက်များ မပေါ်မီက၊ ကျောက်စာ၊ ပေစာ၊ ပုရပိုက်စာများဖြင့် အက္ခရာတင်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ မော်ကွန်းထိုးခြင်း စသည်တို့ကို ပြုလုပ်ကြရပါ၏။

စက္ကူစာရွက်ပေါ်၌ ပုံနှိပ်စက်ဖြင့် ရိုက်နှိပ်ခါ အက္ခရာရုပ်ပုံထင်စေသည့် စာအုပ်များကို ပေးလှူကြခြင်းဖြင့် ဓမ္မဒါနပြုကြသည်။

ရှေးခေတ်ကမူ ပြုပြင်မွမ်းမံထားသော ပေရွက်ပေါ်၌ ကညစ်ဖြင့် ရေးထား စည်းထုပ်ခါ ပေထုပ်ကို လှူကြသည်။ အချို့ကမူ မိုင်းကိုင်စက္ကူ၊ (ရှမ်းစက္ကူ) ပေါ်၌ ကန့်ကူဆန်ဖြင့် ရေးကြသည်။ မှတ်သားကြသည်။ ကန့်ကူဆန်ဖြင့် ရေးသား

မှတ်တန်းတင်ခြင်းကို ဦးပုညရေး အောက်ပါ တေးထပ်က လာဓကထင်ထင် တင်ပြခဲ့ပြီ။ ဂြိုဟ်ရှစ်သုံး စီးနင်းခြင်းဆိုင်ရာ ဗေဒင်ဟော စာတမ်းကို တေးထပ်ဖြင့် ရေးစပ်ပြခဲ့ခြင်း ဖြစ်ပါ၏။

ငွေကန့်ကူစိန်လဲ့နှင့် အချိန်မှဲ့ညဉ့်ခါ
သိမ်မန္တဲ့ရှစ်ဖြာကို၊ ဖွင့်လှစ်ခါစီရေး
မှန်မလွဲလမ်းသာအောင်၊ ကျမ်းစာစောင်ရှုဆင်လို့တွေး
ဟောလိုက်က မသွေမှန်တယ်၊ သဒေးဆံတချွေး၊
နဘောဉာဏ်ကလေးမို့၊ ရွှေးသူနှင့်မတူ၊
ပုညမည်ငါရှင်ကြီးမှာ ယဉ်တသီးဆန်းသစ်လို့ထူ၊
ချွန်မွေ့တဲ့ရသေ့မှုကို၊ ပြကတော့ယူသူထုံးပ၊
ဇမ္ဗူလုံးရာပြည်ဘုံ၊ ပျော်လို့မကုန်၊
ဗဟုသုတ်ဉာဏ်စုံလျှင်၊
အာနုတ်ငုံဆောင်ရွက်ပါလိမ့်လေး။

ကန့်ကူတ်ဖြင့် ရေးသား ပုရပိုက်တကျမ်း စာချက်များကို ရှေးပိဋကတ်တိုက်၊ ပြတိုက်များ၌ ကြည့်ပါကုန်။

ပေစာမှာ ပုရပိုက်အထက် အယင်ကျသည်ဟု ဆိုနိုင်သည်။ ပေရွက် သို့မဟုတ် ထန်းရွက်တွင် စာရေးရန် အ သုံး ပြု သော သံစူးငယ်ကို ကညစ်ဟုခေါ်သည်။ "ကကြီးကညစ်၊ ပေမှာချစ်" ဟူ၍ပင် ကကြီးခခွေး သရုပ်ပြ ကဗျာများကို ကျောင်းသားငယ်တို့ ရွတ်ဆိုခဲ့ကြသည်။

ကျွန်ုပ်၏အဖွား ဒေါ်အုံးခက်သည် ဓမ္မဒါနပြုလိုသဖြင့် သူကိုးကွယ်သော ရှိမ်းမကားရွာ၊ ဘုံပျံကျောင်း ဆရာတော်အား လျှောက်ထားသောအခါ ပေစာသုံးထုပ်ကို ကူးစေသည်။ ဒေါ် အုံးခက်ကိုယ်တိုင် ပေရွက်ပေါ်၌ ကညစ်ဖြင့်ရေးသည်မဟုတ်ပဲ၊ ကညစ်ရေးတတ်သူ ပေစာရေးသမားကို ငှားကာ ရေးသားစေခြင်းဖြစ်သည်။

ကျွန်ုပ်၏ အဖွားသည် ပေစာရေးစေ၍ ဓမ္မ ဒါ န ပြု သည့် အပြင်၊ အလှူဒါန၌ လက်နှင့်မကွာသူဖြစ်၏။ သူတို့ငယ်စဉ်က နွားသား အမဲသားကို စားသုံးခဲ့ရာမှ၊ လယ်တီဆရာတော်ကြီး၏ ဟောပြချက်ကို ကြားနာရသောအခါ အမဲသား၊ နွား သား ကို ရာသက်ပန် ရှောင်ကြဉ်လိုက်ကြသည်။ မိသားစု အားလုံး အမဲ မစားကြသည်မှာ ကျွန်ုပ်တို့ လက်ထက်အထိ ဖြစ်ပါ၏။

အဖွားသာမက အဖွား၏ ဆွေမျိုး အားလုံးမှာလည်း ဗုဒ္ဓဘာသာကို ကိုင်းရှိုင်းကြသူများဖြစ်၍ ဘုရားတကာ၊ ကျောင်း

တကာ၊ ပြဿဒ်တကာ၊ တန်ဆောင်း၊ စောင်းတန်းတကာများ ဖြစ်ကြပါ၏။

ကျွန်ုပ်၏ဆရာကြီး ဦး မြစ်ဆိုသူမှာကား ဘုရားတရား အလွန် ကိုင်းရှိုင်းလှ၏။ သူသာ ကြည်ညိုသည်မဟုတ်၊ တပည့် တပန်း အားလုံးကိုလည်း ဘုရား၊ တရား ကြည်ညို ကိုးကွယ် စေသူဖြစ် သည်။ ကျောင်းသား ကျောင်းသူအားလုံး၊ နံနက် ကျောင်း မတက်မီ တကြိမ်၊ ညနေ ကျောင်းဆင်းတွင် တကြိမ်၊ ဘုရားရှိခိုး စေသည်။

မင်္ဂလသုတ်၊ ပရိတ်ကြီး၊ လောကနီတိ ရောက်အောင် ကျောင်းသားများ သင်အံစေသည်။ စာရေးသူ ကျွန်တော်အ ဖို့မှာ ဘုန်းကြီးကျောင်းတွင် မနေရပဲ ဆရာမြစ်ထံ၌ လောက နီတိ အထိတက်ခဲ့သူ ဖြစ်သည်။

ဆရာကြီးသည် ထန်းရည် အရက် ဆေးလိပ်ခိုးတံ အားလုံး ရှောင်ကြဉ်သူ ဖြစ်သည်။ စိတ်ပုတီး စိတ်ခြင်း၊ အန္တရာယ်ကင်း ဂါထာများ ရွတ်ဖတ် သရဇ္ဈာယ်ခြင်း ပြုလုပ်သည်။ သူစွဲလမ်း သည်မှာ လဘက်ညော်အချိုနှင့် လဘက်ရည် (အကြမ်း) ဖြစ် သည်။ လဘက်ရည် အကြမ်းတွင် သဘော်ခြောက်ရည်ကို ပိုရှ၍ နှစ်သက်သည်။ ဆီးကောင်းသည်ဟု ဆိုသည်။ တခါတရံ ခနှကျဲရွက်ကို အခြောက်ပြုလုပ်ပြီး လဘက်ခြောက်ကဲ့သို့ အသုံးပြုပါသည်။ ကွမ်းမစားပဲ လေးညှင်းပွင့်ကို ငုံလေသည်။

ကျွန်တော်၏ အဖိုးအဖွား ဆရာသမားတို့သည် သာသနာကို အထူးလေးစားသူများ ဖြစ်ကြောင်း ရေသားဖေါ်ပြရသည်မှာ ကြွားဝါဂုဏ်ယူလို၍ မဟုတ်ပါ။ 'လူနှင့်မှု' ဟုနှစ်ပိုင်းရှိရာ၊ 'လူ' ကိုနှစ်ခြိုက်မှ 'မှု' ကို လက်ခံကြသည့် ဖြစ်ရပ်များ ရှိပါသည်။

ရေးသူ၏ ဘဝနောက်ခံ ကားချပ်သည် သူ့ကိုထင်ဟပ်နိုင်ပါသည်။ ယင်းသဘာဝကို ထောက်၍ အဖွားနှင့် မိဘဆရာသမားတို့အကြောင်းကို တင်ပြရပါသည်။

ထိုအပြင် နိုင်ငံခြားရှိ စေတီများနှင့် သာသနာကို ချီးပဦးခိုက်ခြင်းသည် အာမေကျော်ပြီး ဒွေးတော်ကို လွမ်းခြင်းမဟုတ်ပါ။

တို့ဗုဒ္ဓဘာသာကို ဒို့ဗမာ တမျိုးတည်းကသာ ကိုးကွယ်သည်မဟုတ်၊ ကမ္ဘာ့လူဖြူ၊ လူမဲ၊ လူဝါ လူမျိုးစုံက ကိုးကွယ်ကြသည်။

ဗုဒ္ဓတရားတော်သည် ဗမာတပြည်တည်း၏ တရားမဟုတ်၊ ကမ္ဘာအနှံ့က လက်ခံယုံကြည်သည့် တရားဖြစ်သည်။ ပညာရှိ ထိပ်သီးတို့က အထွတ်အမြတ် ပြုကြသော မှတ်ကျောက်တင် တရားတော်ဖြစ်သည်။

ထိုနည်းအတူ ဗုဒ္ဓနွယ်ဝင် ထေရ်စဉ် သံဃာတို့မှာလည်း

နိုင်ငံတကာက ဦးခိုက်ရှိုးကြိုးကြသည့် ပုဂ္ဂိုလ်များ ဖြစ်သည်ဟု ကျွန်တော် နားလည်သလို၊ အားလုံးသော ဗုဒ္ဓဘာသာဝင်တို့ သဘောပေါက်စေ လိုပါသည်။ အထူးသဖြင့် နောက်ပေါက် လူငယ်အများ သိကြားစေလိုပါသည်။

ဗမာ့အမြင်မှကမ္ဘာ့အမြင်သို့တိုးချဲ့ကာ ဗုဒ္ဓအာသာ၌ယုံကြည် တရား ပွားများစေလိုပါသည်။

ထို့ပြင် ဘုရားစေတီကို ရှိခိုး ဝတ်ပြုရာ၌ စေတီ၏ နောက် ကြောင်းသမိုင်းကိုကြည့်ကာ ပို၍ သဒ္ဓါစိတ် ပွားစေလိုသော ဆန္ဒရှိပါသည်။ ဥပမာ ရွှေစည်းခုံစေတီကို ဖူးမြော်ရာတွင် ဘုရားဒါယကာ အနော်ရထာမင်း၏အကြောင်းကို သိရှိရလျှင် ပို၍ စေတနာပွားနိုင်ပါသည်။

မြန်မာနိုင်ငံတော်ကို ပထမဦးဆုံး စည်းလုံးခဲ့သော အနော် ရထာ မှန်ကန်သောတရားတော်ကို လင်းသစ်စေရေး အတွက် ရှင်အရဟံ စသောဆူတော်စင်တို့ကို ချီးမြှောက်ခဲ့သော အနော် ရထာ ပိဋကကက်သုံးပုံ တရားမြတ်အတွက် သထုံပြည်သို့ လည်း ကောင်း၊ ဓာတ်တော် မွေတော်အတွက် ဂန္ဓာလရာဇ်သို့ လည်း ကောင်း ချီတက်ခဲ့သော အနော်ရထာ။

သီဟိုဠ်မှ ပို့ဆက်သော မြတ်စွယ်တော်ပွားကို လည်ပင်းနစ် အောင် ရေထဲသို့ ကိုယ်တိုင်ဆင်းပြီး ဦးခေါင်းထက်၌ တင်ရွက်

ကာ သယ်ခဲ့သော အနော်ရထာ စသောရာဇဝင်လာအကြောင်း အရာတို့ကို မျက်စေ့ထင်ထင် သိမြင်ရသောအခါ သဒ္ဓါစိတ် များ တဖိတ်ဖိတ်ပွားကာ ဆဆက်တိုး၍ ကုသိုလ်ရနိုင်ပါသည်။

ကြည်လင် လေးနက်သော အမြင်ဖြင့် ကိုးကွယ် ရှိခိုးရခြင်း သည် သူများရှိခိုးလို့သာ ရှိခိုးလိုက်ရ၊ ဘာမှစိတ်ထဲက မစဉ်း စားပဲ ပုဆိန်ပေါက် နပွားနှင့် ကြမ်း ဆောင့်လိုက်သူများထက် ပို၍ခရီးရောက်ပါသည်။ (ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်ကို သိပြီး ရှိခိုး ကန်တော့လျှင် ပို၍ အကျိုး ထူးသကဲ့သို့ပင်) ရာဇဝင်၊ မဟာဝင်၊ သာသနာဝင်၊ ပထဝီဝင်၊ နိုင်ငံရေးအမြင်တို့ဖြင့် မြင် သိ ရေး မှတ် ဝတ်ပြုတတ်ကြစေရန် ရည်ရွယ် ရေးသားခြင်းဖြစ်ပါကြောင်း တင်ပြရပါသည်။

သို့တင်ပြရာ၌ ကျမ်းမလေးစေခြင်းငှာ လိုရာကိုထုတ်၊ သည်း ခြေနုတ်၍ တိုတိုတုတ်တုတ် ရေးပါသည်။

ကျမ်းလေးမှ စာမျက်နှာများသွားလျှင် ကျပ်ငွေအစိတ်၊ သုံးဆယ်ပေးမှ ဝယ်ဖတ်ရမည့် စာအုပ်ဖြစ်သွားနိုင် ပါသည်။ ထိုအခါ လူအနည်းငယ်သာ ဝယ်ယူ ဖတ်ရှုနိုင်လိမ့်မည်။ ငွေ တစ်ဆယ်မျှလောက် ထတ်မှတ်လျှင် လူအမြောက်များ အလွယ် တကူ ဝယ်ယူ ဖတ်ရှု၊ စေတနာပွားနိုင်ကြလိမ့်မည်ဟု ရည်သန် ရိုးရင်းဖြင့် တန်ရုံတန်ရုံ အကန့်အကန့်ဖြတ်၍ ရေးရပါသည်။

ဤစာအုပ်၏ အဓိကရည်ရွယ်ချက်မှာ ဗုဒ္ဓသာသနာ၏ ဂုဏ်အင်ကို ကြည်ကြည်လင်လင် မြင်သိအာရုံပြုရင်းဘုရား ရှိခိုးတတ်ကြဘို့သာ ဖြစ်ပါကြောင်း လေးစားစွာ အစီရင်ခံအပ်ပါသည်။



မောင်လှိုင်ဝင်းရေး

# ဗုဒ္ဓသာသနာနှင့် ဤကမ္ဘာ

## ဤစာအုပ်တွင်

မြန်မာ့တန်ခိုးကြီးဘုရားများသမိုင်း

ကမ္ဘာ့တန်ခိုးကြီးဘုရားများသမိုင်း

ရတနာသုံးပါးကြည်ညိုပူဇော်နည်း

စသည်ပါဝင်သည်။

ဖတ်ကြည့်လျှင် လူတွင်လူမြတ် ဖြစ်လိမ့်မည်။

(မမ္မဘောသက ဦးမောင်မောင်က ဥယျောဇဉ်ဖြင့် ချီးမြှင့်ထားသည်။)

ပြည်လုံးကျွတ်ဖြန့်ချီရေး

ရဲရင့်စာပေ၊ ရုံတော်ကြီး၊ မန္တလေး။